မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၈)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar Coffee Forum 2019 ဖွင့်ပွဲ တက်ရောက်

ယနေ့ ကမ္ဘာ့ကုန်စည်များထဲတွင် ရေနံပြီးပါက ကော်ဖီသည် ဒုတိယအဆင့် အရေးအပါဆုံးကုန်စည်တစ်ခုဖြစ်

မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး အကျိုးဖြစ်ထွန်းလာမည်

မန္တလေး မေ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Myanmar Coffee Forum 2019 ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ Mercure Mandalay Hill Resort Hotel ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြို့တော်ဝန် ဒေါက်တာ ရဲလွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှ ကော်ဖီဆိုင်ရာ ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပထမအကြိမ် Coffee Forum ကို ၂၀၁၇ ခုနှစ်

စာမျက်နှာ ၃ ကော်လံ ၁ ❒

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ Myanmar Coffee Forum 2019 တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

မိုးကြိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ဂရုပြုရန် သတိပေးနှိုးဆော်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလအတွင်း လေထုမငြိမ်မသက်မှုများကြောင့် လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သဖြင့် ပြည်သူများက မိုးကြိုကာလဖြစ်သည့် မေလအတွင်း ဖြစ်ပေါ်လာနိုင်သော မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မြန်မာ့အလင်း

မရှိမဖြစ် လျှပ်စစ် စနစ်တကျ သုံးစွဲ

နိုင်ငံအတွင်း ဒေသအချို့တို့တွင် မိုးထစ်ချုန်းရွာသည်နှင့်အတူ နွေအပူဒဏ်မှ အနည်းငယ်သက်သာမှုရကြသည်။ သို့ရာတွင် အယ်နီညိုဖြစ်စဉ်က ဩဂုတ်လအထိရှိနေဦးမည်ဟု မိုးလေဝသသတင်းများက ဆိုထားရာ ယင်း၏ အကျိုးသက်ရောက်မှုက မိမိတို့နိုင်ငံကို မည်မျှရိုက်ခတ်နိုင်မည်နည်း။ နေအပူရှိန်မြင့်တက်မှုကို နောက်ထပ်မည်မျှခံစား ကြရဦးမည်နည်းဟူသော မေးခွန်းများနှင့်အတူ မုတ်သုံမိုးကို မျှော်လင့်ကြသည်။ နွေကာလတွင် အပူဒဏ်နှင့်အတူ ခံစားကြရသည်မှာ လျှပ်စစ်ဓာတ်အား အပြည့်အဝ မရကြသည့် ပြဿနာပင်ဖြစ်သည်။

အပူဒဏ်မှ သက်သာရန် အလို့ငှာ လေအေးပေးစက်၊ ပန်ကာစသည်တို့ကို ပိုမိုသုံးစွဲလာကြသလို ဓာတ်အားထုတ်လုပ်မှု အပိုင်းတွင်မူ မြန်မာနိုင်ငံ၏ အဓိကဓာတ်အားအရင်းအမြစ်များဖြစ်သည့် ရေအားလျှပ်စစ်စက်ရုံများက ဓာတ်အားထုတ်လုပ်ရန် လုံလောက်သော ရေမရရှိခြင်းကြောင့် ထုတ်လုပ်မှုလျော့ချရခြင်းနှင့်အတူ ဖြန့်ဖြူးမှုအပိုင်းတွင် ဓာတ်အားကို ဒေသအလိုက် အလှည့်ကျဖြန့်ဖြူးနေရသည့် အခြေအနေ ဖြစ်ပေါ်ရသည်ဟု သိရသည်။

မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လူတစ်ဦးချင်းသုံးစွဲမှုသည် တစ်နှစ်တာအတွင်း ကီလိုဝပ်နာရီ ၃၇၀ အထိရှိလာကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံအတွင်းရှိ အိမ်ထောင်စုများအားလုံး၏ ၄၄ ရာခိုင်နှုန်းအထိ ဓာတ်အားသုံးစွဲလာနိုင်ပြီဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ တတိယတစ်နှစ်တာ စွမ်းဆောင်မှုများနှင့် စပ်လျဉ်း၍ တင်ပြချက်များတွင် တွေ့ရှိရသည်။ လက်ရှိအချိန်ကာလသည် နွေကာလဖြစ်သည့်အတွက် ဓာတ်အားသုံးစွဲမှု အမြင့်ဆုံး ပမာဏဖြစ်ပြီး ၃၇၀၀ မဂ္ဂါဝပ်အထက်သို့ ရောက်ရှိနေကြောင်းလည်း သိရသည်။

နိုင်ငံအတွင်း လူနေမှုစနစ်မြင့်မားလာမှုနှင့်အတူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမြင့်တက်လာသည်မှာလည်း သဘာဝကျသည်။ ထမင်းဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်း၊ မီးပူတိုက်ခြင်း၊ သားငါးဟင်းသီးဟင်းရွက်နှင့် အစားအစာများသိုလှောင်သိမ်းဆည်းခြင်း အပါအဝင် နေ့စဉ်လူနေမှုဘဝတွင် ဓာတ်အားသုံးစွဲမှုများ ပို၍ ပို၍မြင့်မားလာခြင်းက နိုင်ငံ၏ ဓာတ်အားထုတ်လုပ်နိုင်သည့် ပမာဏထက်များစွာ ပိုနေသည်ဟုလည်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ခန့်ပိုမိုသုံးစွဲခဲ့ရာ ၎င်းအရင်နှစ်ကထက် ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။ လူနေမှုမြင့်မားလာခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ များပြားလာခြင်း၊ စက်မှုဇုန်များ ထူထောင်လာခြင်း စသည်တို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ဆက်လက်၍ မြင့်တက်နေဦးမည်သာ ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိနေသူများအားလုံးတို့က ဂရုပြုကြရမည်မှာ "လိုအပ်သည်ထက် ပိုမသုံးရေး" ပင် ဖြစ်သည်။ လူမရှိပါက အခန်းထဲမှ မီး၊ ပန်ကာ၊ လေအေးပေးစက်တို့ကို ပိတ်ထားခဲ့ရန်၊ ကြည့်ရှုနားထောင်ခြင်းမရှိပါက ရုပ်မြင်သံကြားစက်၊ ဆောင်းဘောက်စသည်တို့ကို ပိတ်ထားရန်စသည်ဖြင့် ဓာတ်အားသုံးစွဲမှုများကို မလိုဘဲမသုံးရန်၊ စည်းစနစ်တကျအသုံးပြုကြရန် လိုအပ်သည်။ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးရာ၌ ငွေကျပ်ဘီလီယံရာနှင့်ချီ၍ အရှုံးပမာဏကြီးမားစွာဖြင့် ဖြန့်ဖြူးပေးနေခြင်းဖြစ်ရာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နောက်ထပ်ဆယ်စုနှစ်များနှင့်ချီ၍ ကြိုးပမ်းနေကြရဦးမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ အိမ်ထောင်စုအားလုံး၏ ထက်ဝက် ၅၀ ရာခိုင်နှုန်း မီးသုံးစွဲခွင့် ရရှိရေးနှင့် ရာနှုန်းပြည့် မီးသုံးစွဲခွင့်ရရှိရေးတို့အတွက် သက်ဆိုင်ရာတို့က ကြိုးပမ်းရုန်းကန်နေကြချိန်တွင် လက်ရှိမီးသုံးစွဲခွင့် ရရှိထားသူတိုင်းက နားလည်မှုရှိစွာဖြင့် ပူးပေါင်းပါဝင်ကြရမည်သာ ဖြစ်ပါကြောင်း။ ။

တနင်္သာရီနှင့် မွန်တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

နေပြည်တော် လယ်ဝေးမြို့တွင် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကျင်းပ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ငြိမ်းချမ်းရေးတရားတော် ဟောကြားချီးမြှင့်စဉ်။

လယ်ဝေး မေ ၁၅

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ယနေ့ည ၇ နာရီခွဲက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်သည်။

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် တရားချစ်ခင်သူတော်စင် အပေါင်းတို့က တရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။ ဓမ္မသဘင်ပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့ - ပျဉ်းမနားမြို့မှတစ်ဆင့် လယ်ဝေးမြို့သို့ ပင့်ဆောင်ပူဇော်ရာ လမ်းဘေးဝဲယာတွင် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဖူးမြော်ကြည်ညိုကာ စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့သို့ ရောက်ရှိရာ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဖူးမြော်ကြည်ညိုကြပြီး အပူဇော်ခံထားရှိမည့် သီရိမင်္ဂလာခန်းမရှိ မင်္ဂလာမဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

မေ ၁၆ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား လယ်ဝေးမြို့မှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်၍ ပူဇော်ခံသွားမည်ဖြစ်ပြီး ညပိုင်းတွင် ဆရာတော်အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေးတရားတော်အား ဥပ္ပါတသန္တိစေတီတော်ရင်ပြင်တွင် ဟောကြားချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ
ဟန်လင်းနိုင်၊ ဝေကြည်စန်းအောင်

နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၁၅

နေပြည်တော်၌ ရောက်ရှိနေသည့် နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ဥက္ကဋ္ဌ Mr. Kjell Magne Bondevik သည် ယနေ့ ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ဥက္ကဋ္ဌ Mr. Kjell Magne Bondevik အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓါပုံ)

သတင်းစဉ်

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအကြောင်း ဟောပြောပွဲကျင်းပ

နေပြည်တော် မေ ၁၅

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ရုံးအမှတ်(၁၉) သီရိရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့် က အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် ကတည်းက ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ အခြေခံမူအဖြစ် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှုတို့ဖြင့် ထည့်သွင်းထားပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပါကြောင်း၊ ဥပဒေ၏ ပုဒ်မ ၃ တွင် မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းကို ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးအောင်ပြုလုပ်ခြင်းလည်း ပါဝင်ကြောင်း၊ ကျော်စောသတင်းဆိုသည်မှာ ဝန်ထမ်းများ သိရှိစေရန် ရှင်းပြမည်ဖြစ်ကြောင်း၊ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထား ရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန်အကြောင်း ပေါ်ပေါက်သော သတင်းကိုဆိုလိုပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးရုံးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် တားဆီးကာကွယ်ရေးအဖွဲ့(CPU) များ ဖွဲ့စည်းထားရှိနိုင်သည့် အစီအစဉ်၊ မူဝါဒနှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အုပ်ရေ ၁၀၀ နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကျင့်ဝတ် အုပ်ရေ ၁၀၀ တို့ကို ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က လွှဲပြောင်းပေးအပ်ရာ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက လက်ခံရယူသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးရုံး၊ သစ်တောဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❒ *ရှေ့ဖုံးမှ*

မေ ၂၃ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ပြီး အဆိုပါ Coffee Forum မှ ထွက်ရှိလာသည့် ဖော်ထုတ်ချက်များကို အကောင်အထည်ဖော်ခဲ့ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ လိုအပ်ချက်တချို့ရှိနေသေးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယခု Coffee Forum နှင့် ပြီးခဲ့သည့် Coffee Forum အကြား နှစ်နှစ်တာကာလအတွင်း ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများရှိကြောင်းကို ထုတ်လုပ်မှုတိုးတက်လာခြင်း၊ ဈေးကွက်တစ်ခုဖြစ်ထွန်းလာခြင်းနှင့် တောင်သူများ နည်းပညာကောင်းများ အသုံးချလာနိုင်ခြင်းတို့သည် မြင်သာသည့်အချက်များ ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ထိုသို့ ကော်ဖီကဏ္ဍတိုးတက်ဖွံ့ဖြိုးလာမှုကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် လက်ရှိကာလနှင့် လိုက်လျောညီထွေမှုရှိပြီး လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရန်အတွက် ယခု Forum ကိုကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဒုတိယအကြိမ် Coffee Forum ကို မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိက ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်အောင်မြင်နိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုနိုင်သည့် Coffee Board အဖွဲ့ဖွဲ့စည်းရေး၊ကော်ဖီအရည်အသွေး၊ ဈေးကွက်နှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိလာစေရေး၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသူများအတွက် ချေးငွေနှင့်အရင်းအနှီးများရရှိနိုင်ရေးတို့ကို အဓိကထားပြီး ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

သင့်တင့်သည့်ဈေးနှုန်းများရရှိ

ယနေ့ကမ္ဘာ့ကုန်စည်များထဲတွင် ရေနံပြီးပါက ကော်ဖီသည် ဒုတိယအဆင့် အရေးအပါဆုံးကုန်စည်တစ်ခု ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှထွက်ရှိသည့် ပြည်ပပို့ကုန်များအနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိကနိုင်ငံခြားငွေရှာဖွေပေးသည့် သီးနှံများဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည်လည်း နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြှင့်စက်မှုသီးနှံတစ်မျိုး ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရွာင်ဒေသမှ ထွက်ရှိသည့် မြန်မာ့အာရေဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Speciality Coffee)အဆင့် သတ်မှတ်ခံခဲ့ရပြီး ယခုအခါတွင် ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့်ဈေးနှုန်းများ ရရှိလာပြီဖြစ်သည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ အာရေဗီးကားကော်ဖီသာမက နိုင်ငံတွင်းတင်သွင်းနေသည့် Instant Coffee များနေရာတွင် သွင်းကုန်အစားထိုးနိုင်ပြီး စိုက်ပျိုးရန် ရာသီဥတုနှင့်မြေနေရာ အလားအလာရှိသည့် ရိုဘတ်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက Processing နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်များရှိနေခြင်းနှင့် ကော်ဖီသီးနှံဈေးကွက်ဝေစုရရှိမှုများ အားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့၏ ကော်ဖီကဏ္ဍတစ်ခုလုံးရေရှည်ဖွံ့ဖြိုး တိုးတက်လာစေလိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒများဆိုင်ရာရပ်တည်ချက်များနှင့်ပုဂ္ဂလိက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်တွင် အတူတကွလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Coffee Cupping Competition နှင့် ပတ်သက်၍ Natural Category တွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

မိမိတို့၏ ကော်ဖီများကို အရည်အသွေးထိန်းသိမ်းထားနိုင်မည်ဆိုပါက သွင်းကုန် အစားထိုးကုန်ပစ္စည်းအဖြစ်သာမက မိမိတို့လုပ်နိုင်ပါက လုပ်နိုင်သလောက် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ တိုးတက်လာစေရန်မှာလည်း မိမိတို့၏ကော်ဖီရပ်ဝန်းကြီးတစ်ခုလုံးနှင့် တိုက်ရိုက်၊ သွယ်ဝိုက်ဆက်နွယ်ပတ်သက်နေသည့် ပြည်တွင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ပဆိုင်ရာကိစ္စရပ်များကို လေ့လာချိတ်ဆက်သုံးသပ်နိုင်ရန်နှင့် ပေါင်းစည်းပေးနိုင်ရန်အတွက် ဦးဆောင်ဦးရွက်ပြုကြမည့်ပုဂ္ဂိုလ်များ၏အားကို မဖြစ်မနေရယူရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လည်းယနေ့ Coffee Board အဖွဲ့ ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးလုပ်ငန်းရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊Coffee Board ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ အခြားဆက်စပ်ဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ စတင်ဆောင်ရွက်စေလိုပါကြောင်း။

အပြန်အလှန်ဖလှယ်

အခြားအခက်အခဲတစ်ခုဖြစ်သည့် ရင်းနှီးငွေနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမှ ချေးငွေရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေကြစေလိုပါကြောင်း၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊အတွေ့အကြုံများ၊နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်များကို ယခုဒုတိယအကြိမ် Coffee Forum တွင် အပြန်အလှန်ဖလှယ်ပြီး ကော်ဖီကဏ္ဍတိုးတက်ရေးအတွက် အလျင်အမြန်အထောက်အကူဖြစ်စေမည့် နည်းလမ်းများ ရရှိလာစေရန် ဆောင်ရွက်စေလိုပါကြောင်း၊ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း။

မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိကော်ဖီဈေးကွက် အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများအတွက်ပံ့ပိုးပေးရန် လိုအပ်ချက်များအား ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များအနေဖြင့်လည်း တန်ဖိုးမြှင့်ထုတ်ကုန် (Coffee Value Added) အတွက် စီးပွားရေးရှုထောင့်အမြင်များနှင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း။

Coffee Board ဖွဲ့စည်းနိုင်သည့်အပြင် ယနေ့မိမိတို့ကော်ဖီကဏ္ဍအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ယနေ့ဖိုရမ်မှ ဖော်ထုတ်ရရှိမည်ဆိုပါက မိမိတို့နိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့် လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ပြီဟု ပြောနိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်ပတ်သက်သူများအားလုံးအနေဖြင့်လည်း ရေရှည်ဖွံ့ဖြိုးနေမည့်အခြေအနေများရရှိစေရန် ဝိုင်းဝန်းဆွေးနွေးပေါင်းစပ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကိုလည်း ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု Coffee Forum မှထွက်ပေါ်လာသည့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာကော်ဖီအသင်းနှင့် အစုအဖွဲ့များမှ ကော်ဖီလုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူတောင်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက Coffee Cupping Competition နှင့် ပတ်သက်၍ Natural Category တွင် ဆုရရှိသူများအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က Washed Category တွင် ဆုရရှိသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်က Other Category တွင် ဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ရဲရမန်းရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ရဲရွာတမံတည်ဆောက်ထားရှိမှု အခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု

ယင်းနောက် ရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရဲရွာစက်ရုံအား နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားမှုအခြေအနေ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်ခဲ့မှုအခြေအနေ၊ ဒီဇိုင်းသတ်မှတ်ချက်နှင့် အမှန်ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ နှစ်အလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေများနှင့် လုံခြုံရေးနေရာချထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၀၁၉ ခုနှစ်အတွင်း အသစ်ပြီးစီးသည့် ဓာတ်အားပေးစက်ရုံများ အခြေအနေ၊ နှစ်စဉ်လအလိုက် အမြင့်ဆုံးလျှပ်စစ်ထုတ်လုပ်မှု အခြေအနေ၊ နှစ်စဉ်လအလိုက် ရေအားစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်တိုးက ရေအားလျှပ်စစ်ရေလှောင်တမံများ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ယခုနှစ်သည် မုတ်သုံရာသီ နောက်ကျပြီး အထွက်စောမည်ဟု သိရသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ချိန်ဆဆောင်ရွက်သွားရန်၊ ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းသည် ရာသီဥတုအခြေအနေအပေါ် မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အခြားသော နည်းလမ်းများဖြင့် သင့်တင့်သည့်ပမာဏဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ယခုအချိန်တွင် တာဘိုင်နှစ်လုံးသာ လည်ပတ်လျက်ရှိရာ ကျန်တာဘိုင်နှစ်လုံး၏ ကြံ့ခိုင်မှုကောင်းမွန်စေရေး ပြင်ဆင်မွမ်းမံခြင်းအား အချိန်မီဆောင်ရွက်သွားရန် မှာကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယသမ္မတသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် တမံတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၁- ၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ရေလှောင်တမံအချက်အလက်များအနေဖြင့် ကွန်ကရစ်တမံအမျိုးအစား အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ ပေ ဖြစ်ကြောင်း၊ ရေလှောင်ကန်အတွင်းသို့ ရေဆင်းဧရိယာ ၁၀၈၉၀ စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၂၂ သိန်းဧကပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၂၁ သိန်းဧကပေဖြစ်ကြောင်း၊ ရေပိုလွှဲမှာ ရေတံခါးမပါ ရေပိုလွှဲ (Ogee Type Ungated) အမျိုးအစားဖြစ်ပြီး အကျယ်အားဖြင့် ၄၄၈ ပေဖြစ်ကြောင်း၊ ဓာတ်အားပေးစက်ရုံ အချက်အလက်များအနေဖြင့် စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်၊ တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်(ဒေါင်လိုက်) ဖြစ်ပြီး တစ်နှစ်ထုတ်လုပ်မှု ၃၅၅၀ ကီလိုဝပ်နာရီသန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International IDEA Regional Director (Asia and Pacific) Ms. Leena Rikkila Tamang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းသည်International IDEA (International Institute for Democracy and Electoral Assistance) ၏ Regional Director (Asia and Pacific) Ms. Leena Rikkila Tamang နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ညှိနှိုင်းတွေ့ဆုံခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် International IDEA မှ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဥရောပသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် STEP Democracy အစီအစဉ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်တာဝန်ရှိသူများ International IDEA ၏ Regional Director (Asia and Pacific) Ms. Leena Rikkila Tamang နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၀) ရှင်းလင်းခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်မှု လုပ်ငန်းစဉ် ဆွေးနွေး

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ (၂၀၁၈-၂၀၂၀) ကို မြန်မာနိုင်ငံအစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ရာ အဆိုပါ မဟာဗျူဟာ အကောင်အထည်ဖော်မှုအတွက် ရှင်းလင်းခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဗဟိုအဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လုံ/ နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့မှူးများ၊ ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် သံရုံးများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက မြန်မာနိုင်ငံအမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မူခင်းဆိုင်ရာရုံး (UNODC) ၏ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Troels Vestor က ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံ/နယ်ဝန်ကြီးများ၊ ရဲတပ်ဖွဲ့မှူးများက သိရှိလိုသည်များ မေးမြန်း၍ စီမံချက်အကောင်အထည်ဖော်မှုများအတွက် အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

မြန်မာနိုင်ငံအမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၀) အကောင်အထည်ဖော်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်တွင် ပေါ်ပေါက်လာမည့် မူခင်းများအား ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် မဟာဗျူဟာရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မှုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၀) ရှင်းလင်းခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်မှု လုပ်ငန်းစဉ် ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

နေပြည်တော် မေ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် တရုတ်-မြန်မာနယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

ကျောက်ဖြူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ကွန်ကရစ်လမ်းဖွင့်

ကျောက်ဖြူ မေ ၁၅

ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ပြောက်ကျေးရွာအုပ်စု အင်ဒိုင်းကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဖြူမြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးရန်အတွက် အဓိကဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်သည် ပဋိသန္ဓေတည်သည်မှစ၍ သက်ကြီးရွယ်အိုအထိ ဆောင်ရွက်နေသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ဥပဒေထုတ်ပြန်ပြီးဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးတွင်း နည်းဥပဒေ (မူကြမ်း) အပေါ် ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်း အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပြီး လက်ရှိဘဏ္ဍာရေးနှစ်တွင် အသက်(၈၅) နှစ်သို့ လျှော့ချပြီး ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အိုဆိုင်ရာ ရန်ပုံငွေထူထောင်ရေးနှင့် တိုးပွားရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက်ကျန်းမာရေးဆိုင်ရာ၊ ခရီးသွားလာမှုဆိုင်ရာ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာနှင့် သက်သာခွင့်၊ ကင်းလွတ်ခွင့်များ ခံစားရရှိနိုင်ရန် သက်ကြီးရွယ်အိုသက်သေခံကတ်ပြားလိုအပ်ပြီးသက်ကြီးရွယ်အိုအဆင့်အလိုက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပါ အခွင့်အရေးများကို ဖော်ဆောင်ရွက်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ၏ စီမံကိန်းများတွင် သက်ကြီးရွယ်အိုဆိုင်ရာ လုပ်ငန်းများအတွက် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ခန့်မှန်း (၁၀) ရာခိုင်နှုန်းသည် သက်ကြီးရွယ်အိုများ ဖြစ်သည့်အတွက် သက်ကြီးရွယ်အိုများ၏ အကျိုးစီးပွားအတွက် တက်ကြွ၍ ကျန်းမာသော သက်ကြီးရွယ်အိုဘဝ ဖြစ်နိုင်ရန်အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သလို ၎င်းတို့ကိုယ်တိုင် လူမှုဘဝထဲတွင် ဆက်လက်အကျိုးပြုပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် ကော်မတီဖြစ်ပြီး သက်ကြီးရွယ်အိုဆိုင်ရာ ကိစ္စရပ်များတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သဖြင့် ကော်မတီဝင်များက ထိရောက်စွာ ပူးပေါင်းဦးဆောင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထူထောင်နိုင်ရေးအတွက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ (မူကြမ်း) တို့အား တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (United Nations Development Programme - UNDP) ၏ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် “Air Pollution” ခေါင်းစဉ်ဖြင့် အထိမ်းအမှတ်အခမ်းအနား၊ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် ထိခိုက်နိုင်ခြေများ စီမံဖြေရှင်းရေးအတွက် သောက်သုံးရေရရှိရေး၊ ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် နည်းပညာထောက်ပံ့ရေး၊ ရခိုင်ဒေသရှိ ပြည်သူတို့၏ လူနေမှုဘဝအတွက် အရေးပါပြီး သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးနိုင်သည့် ဒီရေတောပြန်လည်တည်ထောင်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (United Nations Development Programme - UNDP) ၏ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းစဉ်။

ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျူး မေးမြန်းစဉ်။

ဒုတိယဝန်ကြီး ဦးကျော်မျိုး ဖြေကြားစဉ်။

ဗဟန်း မဲဆန္ဒနယ်မှ ဦးထွန်းမြင့် မေးမြန်းစဉ်။

ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းစဉ်။

❖*ကျော့ဖုံးမှ*

ခတ်တိုင်များ ယိုင်လဲခြင်းများလည်း ဖြစ်ပေါ်နေသည့်အတွက် **ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် တချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေးပုံး (Network Boxes) များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာ တပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေးတိုင်များကို စနစ်တကျ ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဗဟန်းမြို့နယ်အတွင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက (MSAN) အိတ်ချိန်း စက်ပစ္စည်းအသစ်များဖြင့် အစားထိုးလဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်စေခြင်း၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ငှားရမ်းဆောင်ရွက်လျက်ရှိသော ပြင်ပကျွမ်းကျင်သူအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရ ကုမ္ပဏီများသို့ ညွှန်ကြားဆောင်ရွက်စေခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ စီစဉ်ဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆက်သွယ်ရေးတိုင်များစိုက်ထူခြင်း၊ ကောင်းကင်ကေဘယ်ကြိုးသွယ်တန်းခြင်းများ လျော့နည်းသွားမည်ဖြစ်ပါသဖြင့် ဗဟန်းမြို့နယ် အပါအဝင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ဆက်သွယ်ရေးကေဘယ်ကြိုး ရှုပ်ထွေးမှုများ လျော့နည်းသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ ကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက်သည့် နည်းလမ်းများကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်အတွင်းရှိ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနှင့် ကျော့ချောင်း-မျက်မြောင်သို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ စစ်ရိုးချောင်းကူး ကွန်ကရစ်တံတား (၁၄ × ၈၀)ပေ အား ကျေးရွာလမ်းကူးတံတားအဖြစ် အသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း၏ **ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်လေ့ရှိသော ရေထိန်းတံခါး နှစ်ခု၊ ပြောင်းရွှေ့နေရသောကျေးရွာများအတွက် Cyclone Shelter**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းပြောကြားစဉ်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို အဆိုတင်သွင်းစဉ်။

ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင် ဆွေးနွေးစဉ်။

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း အဆိုတင်သွင်းစဉ်။

များ၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် Speed Boat တစ်စင်း၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက် ဝန်တင်လှေ နှစ်စင်း ခွင့်ပြုပေးရန်နှင့် တနင်္သာရီမြစ်ကြောင်း ရှင်းလင်းရေး အစီအမံနှင့် မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများအား ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက် အဆိုတင်သွင်း

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၆၇ ချက်အား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသဖြင့် အဆိုပါ ဥပဒေကြမ်းအား အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းက **အခြေခံပညာမူလတန်းသင်ဆရာ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊ သူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် အစည်းအဝေးတွင် ပြည်ထောင်စုပညာရေးမူဝါဒကော်မရှင်မှ အစီရင်ခံစာတစ်ရပ် တင်သွင်းခဲ့ပါကြောင်း၊ အစီရင်ခံစာတွင် ရန်ကုန်နှင့် မန္တလေးရှိ အခြေခံပညာကျောင်းများကို အခြေပြုလေ့လာဆန်းစစ်ခဲ့ကြောင်းနှင့် ရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းမည့်နည်းလမ်းများ ဖော်ပြခဲ့သည်များကို ပြည့်စုံစွာဖတ်ရှုရပါကြောင်း၊ သို့သော် နယ်ရှိအခြေခံပညာကျောင်းများကိုမူ ဆန်းစစ်မှု မလုပ်နိုင်ခဲ့၍ ရန်ကုန်၊ မန္တလေးအစရှိသည့် မြို့ပြများနှင့် မတူညီသော စိန်ခေါ်မှုအချို့ကျန်ရှိနေခဲ့ပါကြောင်း၊ ထိုစိန်ခေါ်မှုများသည် ပထမအချက်အနေဖြင့် ဘာသာစကား အခက်အခဲဖြစ်ပါကြောင်း။

တိုင်းရင်းသား ကျေးရွာအလိုက် ပေါ်ထွက်နေပြီဖြစ်သည့် ဒေသခံ ဘွဲ့ရတိုင်းရင်းသားလူငယ်များကို လိုအပ်ချက်အလိုက် တာဝန်ခန့်အပ်နိုင်ပါက ဘာသာစကား အခက်အခဲဖြေရှင်းပေးပြီးဖြစ်

ပြည်ထောင်စုအစိုးရ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှုကြောင့် သွားလာဆက်သွယ်ရေးလွယ်ကူချောမွေ့လာခြင်းနှင့်အမျှ တိုင်းရင်းသားဒေသကျေးလက်များတွင် ဒေသခံဘွဲ့ရများ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားကျေးရွာအလိုက် ပေါ်ထွက်နေပြီဖြစ်သည့် ဒေသခံဘွဲ့ရတိုင်းရင်းသားလူငယ်များကို လိုအပ်ချက်အလိုက် တာဝန်ခန့်အပ်နိုင်ပါက ဘာသာစကား အခက်အခဲဖြေရှင်းပေးပြီးဖြစ်ခြင်း၊ ပြောင်းရွှေ့ခွင့်တင်၍ လစ်လပ်မှုမဖြစ်ပေါ်ခြင်း၊ စားဝတ်နေရေးအရ မိမိအိမ်တွင်နေသဖြင့် ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ပေးရန် ရန်ပုံငွေ အခက်အခဲပြေလည်နိုင်ခြင်း၊ လစာနှင့် အညီအတတ်နိုင်ဆုံး အဆင်ပြေစွာ အသက်မွေးဝမ်းကျောင်းနိုင်ခြင်း၊ အစိုးရအနေဖြင့် ဒေသဓလေ့စရိုက်ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ဝန်ထမ်းများအလိုအလျောက်ရရှိမည်ဖြစ်၍ ပညာပေးလုပ်ငန်းများတွင်လည်းကောင်း၊ အုပ်ချုပ်ရေး ကိစ္စရပ်များတွင်လည်းကောင်း အစိုးရအတွက် အထောက်အပံ့ပြုနိုင်မည့်အပြင် ဦးဆောင်သော ရပ်မိရပ်ဖကောင်းများ ရရှိခြင်းအစရှိသော အကျိုးများရရှိစေမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသားအားလုံး မျှော်မှန်းသည့် ခေတ်မီတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး၊ ညင်သာသိမ်မွေ့စွာ ကူးပြောင်းနေသော ကာလတွင် မိမိတို့လွှတ်တော်မှ သမိုင်းကောင်းကမ္ပည်းတင်မှတ်တိုင်စိုက်နိုင်ရန် တိုင်းရင်းသားကျေးလက်ကလေးငယ်များ၏ အခြေခံမူလတန်းပညာရေးအပေါ် စေတနာထား၍ အဆိုအား တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငွမဲဆန္ဒနယ်မှ ဦးမြင့်ဦးက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုဆွေးနွေး

ယင်းနောက် အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုတင်သွင်းသည့် **ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုးနှင့် ခင်ဦး မဲဆန္ဒနယ်မှ ဒေါက်တာ ဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဝန်ကြီးဌာန သုံးခု၏ ပေါင်းစပ်ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ အသိပညာပေးသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ၊ ထုတ်လုပ်မှုနည်းပညာလွှဲပြောင်းပေးသည့် သင်တန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ၊ လုပ်ငန်းအစီအစဉ် (Business Plan) ရေးဆွဲနည်း သင်တန်းများပေးခြင်း၊ ကွင်းဆင်းလေ့လာအကြံပြုခြင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း (Business Matching) များ၊ FDI များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို နိုင်ငံတကာ ပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒေသအလိုက် ကျင်းပပေးလျက်ရှိပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း ဖြေလျှော့မှုများအနေဖြင့် MSME လုပ်ငန်းရှင်များ CGI ချေးငွေရရှိရေးထောက်ခံချက်ရယူရာတွင် ငွေကျပ်သိန်း ၂၀၀ အထိ ချေးငွေအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲစဉ်က စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြရန် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ MSME Member Card ဖြင့် ထုတ်ပေးလျက်ရှိပြီး ငွေကျပ်သိန်း ၁၀၀၀ အထိ ချေးငွေအတွက် ယခင်က MSME Agency ထောက်ခံချက်ရယူရန် သတ်မှတ်ခဲ့သော်လည်း ယခုအခါ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့်သာ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ (၇- ၈)နှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းတို့ကို ရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းတွင်လည်း ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မဟာဗျူဟာ၏ အမျိုးအစား (၅)အဖြစ် သတ်မှတ်၍ စက်မှုဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှု မြှင့်တင်ခြင်း၊ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးစွမ်းဆောင်ရှင်များကို ကူညီပေးရန် စတင်အခြေတည်ခြင်း၊ စက်မှုလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေခြင်းစသည့် လုပ်ငန်းစဉ်များကို စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်

စာမျက်နှာ ၇ သို့

❄ ကျောဖုံးမှ

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းလယ်ကျွန်းများ ပြုပြင်မွမ်းမံခြင်း"**မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ **"ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန်းခမ်းကျေးရွာနှင့် လယ်မီးကျေးရွာအုပ်စု ကျွန်းပင်သာကျေးရွာသို့ ချိတ်ဆက်ထားသော ကျေးရွာချင်းဆက် (ကုန်ထုတ်) မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း"** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **"ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ကယက်-ဆားဒီ- ဝါဒိုင်ကုန်း-ဝါလောင်ကုန်း-ရွှေပြည်ကုန်း-စင်လီ-ပါဆင်းကျေးရွာများကြား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **"မိတ္ထီလာမြို့မှ နေပြည်တော်သို့ အမြန်လမ်းအဝင်ဂိတ်တွင် ကံကောင်း Mini Toll Gate Class 2 မှ လမ်းမကြီး အသုံးပြုခ ငွေကျပ် ၁၀၀၀ နှင့် နောက်ဂိတ်တစ်ခုတွင် လမ်းဦးစီးဌာနမှ ငွေကျပ် ၂၀၀၀ ကောက်ခံသည့် ငွေကြေးများ မည်မျှရရှိသည်။ နိုင်ငံတော်အတွက် မည်သို့အသုံးပြုသည်ကို ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများသိရှိအောင် စာရင်းရှင်းတမ်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"တည်ဆဲဥပဒေနှင့် နည်းဥပဒေများကို ချိုးဖောက်၍ သတ္တုကျောက်မီးသွေးများ စုပုံသယ်ယူနေခြင်းနှင့် ခွင့်ပြုချက်မရဘဲ မြေလွတ်၊ မြေရိုင်းများအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းအား ဥပဒေအရ အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ဒေသရှိ စည်ပင်သာယာရေးကော်မတီပိုင် ဘိလပ်မြေစက်ရုံတွင် အသုံးပြုရန်ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ခါးသွားကျောက်ချောင်းဒေသရှိ မြေဧရိယာ ၄၁၀၅ ဧက ကျယ်ဝန်းသည့် လုပ်ကွက်တွင် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ဖြင့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၀ရက်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၉ ရက်အထိ သက်တမ်း ၁၀ နှစ်ရှိသည့် ကျောက်မီးသွေး အကြီးစားလုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုပြီး ကျောက်မီးသွေးထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြေကြားစဉ်။



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း မေးမြန်းစဉ်။

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြေကြားစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ် မေးမြန်းစဉ်။

ကျောက်မီးသွေးသိုက်ရှိပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်သည့်အတွက် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၂၀၃၃ ခုနှစ် နိုဝင်ဘာ ၉ ရက်အထိ သက်တမ်းပြင်ဆင်၍ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်နှင့် သက်တမ်း ၂၅ နှစ်ရှိသည့် ကျောက်မီးသွေးအကြီးစား လုပ်ငန်းသဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်တွင် စာချုပ်ချုပ်ဆို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ဥပဒေကြမ်း တင်သွင်းစဉ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း ဖတ်ကြားရှင်းလင်းစဉ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးစဉ်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာ ဆွေးနွေးစဉ်။

ကျောက်မီးသွေးများ ခွင့်ပြုမိန့်မရရှိဘဲ စုပုံထားရှိမှုကို သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးမှုမရှိပါက တရားစွဲဆို ဆောင်ရွက်သွားမည်

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် မြေနေရာသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိသူ ဦးကိုနိုင်မှ ခွင့်ပြုမိန့်မရရှိခင်ကတည်းက ရော်ဘာ၊ မျောက်ဂို စသည့်နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးခဲ့သော်လည်း တောမီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ဆက်လက်စိုက်ပျိုးခြင်းမပြုဘဲ ၂၀၁၈ ခုနှစ်အထိ လုပ်ထားခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာအတွင်း ကျောက်မီးသွေးများစုပုံထားရှိရန် မြေပြင်ရှင်းလင်းမှု စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျောက်မီးသွေးများ စတင်စုပုံထားရှိလာသည့်အတွက် ခွင့်ပြုမိန့်မရရှိဘဲ စုပုံထားရှိမှုကို ဖယ်ရှားပေးရန် ခမ်းပတ်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အကြောင်းကြားခဲ့ကြောင်း။

ဦးကိုနိုင်မှ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတော့သည့်အတွက် လုပ်ကိုင်ခွင့်ရရှိခဲ့သည့် ခွင့်ပြုမိန့်ကတ်ပြားကို ပြန်လည်အပ်နှံထားပြီးဖြစ်ကြောင်း၊ ၎င်းအပြင် ခွင့်ပြုမိန့်မရရှိမီ ဝင်ရောက်လုပ်ဆောင်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆက်လက်အသုံးပြုမည်ဆိုပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လျှောက်ထားရယူရမည့်ကိစ္စရပ်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးမှုမရှိပါက ယခုနှစ် မေ ၂၀ ရက်မှစ၍ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **"တစ်သျှူးငှက်ပျောများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း မပြုရဟုသည့် ကချင်ပြည်နယ်အစိုးရ၏ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့တာဆိုင်၊ တိန်းပကျိုင်းကျေးရွာဒေသတစ်ဝိုက်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းအမည်ခံ ပန်းမြတ်မာလာကုမ္ပဏီမှ တရားမဝင်စိုက်ပျိုးလုပ်ကိုင်နေခြင်းအပေါ် အမြန်ဆုံးအရေးယူဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန် ၏ **"မြန်မာ့ဆားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန်နှင့် နိုင်ငံတကာအဆင့်မီ စားပွဲတင်ဆားများ ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်မှ ထိရောက်သည့် နည်းပညာနှင့် အရင်းအနှီးများပံ့ပိုးပေးရန်၊ ပြည်ပမှ တရားမဝင်ဝင်ရောက်လာသော ဆားများကို တားဆီးပေးရန်နှင့် ဆားကိုကုန်ကြမ်းအဖြစ် အသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ တည်ထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်းက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်းရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေမဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရေနံယိုဖိတ်မှုများ ဖြစ်ပွားလာပါက သဘာဝသယံဇာတများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲရန် လိုအပ်နေ

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်က မြန်မာနိုင်ငံအတွင်း အကြီးဆုံးဆိပ်ကမ်းဖြစ်လာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းအတွင်း ဝင်ထွက်လာမည့် ရေနံတင်သင်္ဘောကြီးများ၊ ကုန်တင်သင်္ဘောကြီးများ၊ မဒေးဆိပ်ကမ်းအတွင်း လက်ရှိဝင်ထွက်နေသည့် ရေမသင်္ဘောကြီးများသည် ရေနံယိုဖိတ်မှုများ ဖြစ်ပွားလာပါက ရေနံစိမ်းများ ဖုံးလွှမ်းညစ်ထွေးသွားနိုင်ခြင်းကြောင့် သဘာဝရေမြေ၊ ဒီရေတောများ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၊ ရေနေသတ္တဝါများ၊ ဇီဝမျိုးစိတ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် သဘာဝသယံဇာတများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန် အန္တရာယ်ကာကွယ်တားဆီးရေး ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာက ပင်လယ်ပြင်တွင် Oil Pollution ဖြစ်ခဲ့ပါက နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကြုံတွေ့ရမည့် ပင်လယ်ပျော်ငှက်များ၊ ရေနေသတ္တဝါများ၊ ဒီရေတောများ၊ အပန်းဖြေကမ်းခြေများ ထိခိုက်ပျက်စီးမှုများ၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများကို ခံစားရစေမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ကိုပါ ကြီးမားစွာ ပျက်စီးဆုံးရှုံးစေနိုင်မည်ဖြစ်ပါကြောင်း။

မိမိ၏မဲဆန္ဒနယ်ဖြစ်သည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်သည် ပင်လယ်ကမ်းရိုးတန်းကို ဆက်စပ်ပိုင်ဆိုင်ထားသည့် မြို့နယ်တစ်ခုဖြစ်သည့်အတွက် ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်သည့် ရှားပါးငှက်များကို ပင်လယ်ဝနှင့် ဆက်စပ်နေသည့် ကျေးရွာတစ်ရွာတွင် WWF အကူအညီဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းများ ရှိပါကြောင်း၊ ထို့ပြင် ထိုဒေသ၌ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေမှုများရှိသည့်အတွက် Oil Pollution ဖြစ်စဉ်၏ နောက်ဆက်တွဲကိစ္စများ စိုးရိမ်မကင်းဖြစ်ရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ တန်ဖိုးရှိလှသည့် ပင်လယ်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားပင်လယ် ငါးဖမ်းလုပ်ငန်းများ၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် ထိခိုက်မှုများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ တခြားသောနိုင်ငံများမှ မိမိတို့နိုင်ငံ၏ အဏ္ဏဝါရေပိုင်နက်တွင် ဖြစ်ပေါ်လာမည့် ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက် အချုပ်အခြာအာဏာစိုးမိုးနေစေရန် စသည့်အခြေအနေအရပ်ရပ်ကို ကြိုတင်မြော်တွေးပြီး လုပ်ဆောင်သင့်သည်များကို ကြိုတင်ဆောင်ရွက်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို သတ္တမနေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ဟန်ချက်ညီညီ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှု၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်လာမည့် အကူအညီ အထောက်အပံ့များရရှိရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံချက်ချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် မေ ၁၅

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ကြားခွင့်ရရှိရေး၊ မည်သည့်တစ်ဦး တစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေး၊ တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ တစ်သက်တာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေးဆိုသည့် မျှော်မှန်းရလဒ်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများကို ပေးထားသည့် ကတိအတိုင်း ပညာရေးပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းစဉ် ၁၂ ရပ်ဖြစ်သည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသောကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများစသည့် ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစု ရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေ

ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်းအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီအဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း၊ နည်းပညာနှင့်အသက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သည့် ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးအသုံးစရိတ် တိုးတက်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂ ဒသမ ၁၇ ထရီလီယံ တိုးမြှင့်အသုံးပြု၍ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေသလို အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသော ပညာရေးစနစ်ကို အဓိက ပြုပြင်ပြောင်းလဲနေပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် သူငယ်တန်း + ၁၂ တန်းပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မူလတန်းပြီးသည့် ကလေးတိုင်းကို အလယ်တန်း၊ အထက်တန်းပညာရပ်များ ဆက်လက်သင်ယူစေပြီး သတ်မှတ်အရည်အချင်းအလိုက် ဘွဲ့၊ ဒီဂရီများရရှိစေပြီး ကျွမ်းကျင်မှုအဆင့်အထိရောက်အောင် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရာတွင် Grade -1, 2,3,6 ကျောင်းသုံးဖတ်စာအုပ်များ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် Grade-3 နှင့် Grade-6 အလယ်တန်း၊ မူလတန်းကျောင်းသုံးဖတ်စာအုပ်များနှင့်ပတ်သက်ပြီး မူလတန်းနှင့် အလယ်တန်း ဆရာ၊ ဆရာမအားလုံးကို သင်တန်းပေးနေပြီဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် Grade-4၊ Grade-7၊ Grade-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များပြီးအောင် ရေးဆွဲပြုစုဆောင်ရွက်နေပါကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၂ တန်းလုံးအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ပြီးစီးအောင်ပြုစုနေပါကြောင်း။

စနစ်သစ်တွင် သူငယ်တန်းကို Kindergarten၊ ပထမတန်းကို Grade-1၊ ဒုတိယတန်းကို Grade-2၊ တတိယတန်းကို Grade-3၊ စတုတ္ထတန်းကို Grade-4၊ ပဉ္စမတန်းကို Grade-5၊ ဆဋ္ဌမတန်းကို Grade-6၊ သတ္တမတန်းကို Grade-7၊ အဋ္ဌမတန်းကို Grade-8၊ နဝမတန်းကို Grade-9၊ ဒသမတန်းကို Grade-10၊ ကောဒသမတန်းကို Grade-11၊ ဒွါဒသမတန်းကို Grade-12 ဟု အတန်းစနစ်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေပါကြောင်း။

ကျောင်းသား ကျောင်းသူများလည်း ပိုမိုတိုးတက်လာ

ဆရာ၊ ကျောင်းသားဦးရေကဏ္ဍတွင် အစိုးရကျောင်း ၄၇၀၀၅ ကျောင်း၊ ဆရာဦးရေ ၄၀၄၄၄၄ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေမှာ ၉၁၄၄၆၉ ရှိပါကြောင်း၊ အစိုးရကျောင်းနှင့် ပုဂ္ဂလိကပေါင်းပါက ကျောင်းသားဦးရေ ၉၇၀၇၀၀၀ ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်ကျောင်းများ အရေအတွက် ပိုမိုတိုးတက်လာပြီး ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပိုမိုတိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူများလည်း ပိုမိုတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

လိုအပ်သည့် ကျောင်းဆောင်များကိုလည်း ခွင့်ပြုသည့် ရန်ပုံငွေဖြင့် ဘဏ္ဍာငွေအပေါ်မူတည်ပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များတွင် စာရိတ္တနှင့် ပြည်သူ့နီတိစာအုပ်ကို အခမဲ့ဖြန့်ဝေခြင်း၊ ဆရာ၊ ဆရာမများအား ဆရာကိုင်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်း၊ ဆရာ၊ ဆရာမ လမ်းညွှန်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် လက်တွေ့စာသင်ခန်းသုံး ပစ္စည်းများကိုလည်း ထောက်ပံ့ပေးနေပါကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုဦးရေမှာ ယခင်နှစ်က ဦးရေထက် ပိုမိုတိုးတက်လာပါကြောင်း။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူဦးရေမှာ ၈၅၀၀၀၀ ရှိခဲ့ပြီး အမြင်အာရုံ မသန်စွမ်းသူများ၊ အကြားအာရုံမသန်စွမ်းသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် ရွှေ့ပြောင်းလုပ်သားမိသားစုများမှ ဝင်ရောက်ဖြေဆိုသူ၊ အကျဉ်းထောင်များမှ ဝင်ရောက်ဖြေဆိုသူများ များပြားလာပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ မိဘအုပ်ထိန်းသူ ပြည်သူများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာမသုံးစွဲရေး၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံ အသိပညာပေးရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှု ပပျောက်စေရေးတို့အတွက် ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများနှင့် ဆွေးနွေးပွဲများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တစ်နှစ်လုံးဆောင်ရွက်

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တစ်နှစ်လုံးဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအနေဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံများ ပုံမှန်သင်တန်းများအပြင် ကာလတို သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးနေပါကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက်လည်း ဒေသနှင့်ကိုက်ညီသည့် သင်တန်းများကို ဖွင့်လှစ်စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း။

ပါမောက္ခချုပ်များကော်မတီကို ဖွဲ့စည်းပြီး ညီလာခံ ၂ နှစ်ကြိမ်ပြုလုပ်ခဲ့ကာ လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းခြင်းနှင့် အထူးပြုအဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်နေပါကြောင်း။

ဆရာ ဆရာမ အရည်အသွေးမြင့်မားရေးအတွက် နှစ်နှစ်သင်ပညာရေး ကောလိပ်များကို ၄ နှစ်သင်ပညာရေး ဒီဂရီကောအလိပ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေပါကြောင်း၊ ဒေသလိုအပ်ချက် အထောက်အကူပြု ဘွဲ့သင်တန်းများဖြစ်သည့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်၊ မန္တလေးဒီဂရီကောလိပ်တွင် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု ဘွဲ့ကြိုသင်တန်းဖွင့်လှစ်ခြင်း၊ ရန်ကုန်တက္ကသိုလ်တွင် Fisheries and Aquaculture ဘွဲ့ကြိုသင်တန်းဖွင့်လှစ်ခြင်း၊ စစ်တွေတက္ကသိုလ်တွင် Marine Science ဘွဲ့ကြိုသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ ပိုမိုသင်ကြားလာပြီး ဘွဲ့ရဦးရေ တိုးတက်လာပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံပေါင်း ၄၉ နိုင်ငံသို့ ပညာသင်ဦးရေ ၁၉၉၀ ကို စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲပြီး ပညာသင်ယူမှု အရည်အသွေးကောင်းမွန်အောင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်း

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းအပိုင်းတွင် တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုတစ်ခုအဖြစ် တိုင်းပြည်၏စီးပွားရေးကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းကြီးက ကြီးမှူး၍ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကြီးဖြစ်သော “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ကြီးကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း။

“သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ရက်များတွင် မြန်မာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအကဓလေ့ အဝတ်အထည်နှင့်စားသောက်ကုန်များ၊ စာပေဂီတတူရိယာများ၊ ရိုးရာဓလေ့လုပ်ငန်းသုံးပစ္စည်းများ၊ တိုင်းရင်းဆေးများ၊ တိုင်းရင်းသားလူမျိုးအလိုက် သမိုင်း၊ လွတ်လပ်ရေးအတူကြိုးပမ်းခဲ့ကြသည့် သမိုင်း၊ စာအုပ်စာပေများ၊ စီးပွားရေးလုပ်ငန်းများ ဒေသ

စာမျက်နှာ ၉ သို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

❒ ပညာရေးပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းစဉ် ၁၂ ရပ်ဖြစ်သည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်

စာမျက်နှာ ၈ မှ

ထွက်ကုန်များ၊ ခရီးသွားလုပ်ငန်းရှင်များ၏ ပြခန်းများ၊ ဒေသအလိုက် သဘာဝတန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဒေသအလိုက် ခရီးသွားလုပ်ငန်းများ၊ တိုင်းရင်းသားခရီးသွားဒေသများနှင့် အထင်ကရနေရာများ၊ ဒေသထွက်ကုန် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းပြခန်းများ ခင်းကျင်းပြသခဲ့သည့်အပြင် Miss Ethnic Myanmar 2019 တိုင်းရင်းသား အလှမယ်ရွေးချယ်ပွဲကို ကျင်းပခဲ့ရာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူများ၊ နိုင်ငံတကာသံတမန်များ၊ နိုင်ငံခြားသားများ လာရောက်လေ့လာအားပေးခဲ့ကြပါကြောင်း။

ထို့ပြင် ပွဲတော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် “အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့”ဖိုရမ် Change-Challenges to Opportunities အား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်၌ ကျင်းပခဲ့ပါကြောင်း။

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော်များ

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားပွဲတော်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပသည့်အခါ ဝန်ကြီးဌာနက ထောက်ပံ့ကူညီပေးပြီး တိုင်းဒေသကြီးပြည်နယ်များတွင် ကျင်းပသည့်အခါ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးပါကြောင်း၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူဒါန်းခြင်းအခမ်းအနား၊ အာခါအမျိုးသား စုပေါင်းနှစ်သစ်ကူးပွဲတော်၊ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်၊ ကရင်နှစ်သစ်ကူးပွဲတော်၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား၊ (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား၊ ကိုးကန့်တိုင်းရင်းသား လူမျိုးများ၏ နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်၊ (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား၊ ဒသမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့၊ ပအိုဝ်းအမျိုးသားနေ့ (အကြို) အခမ်းအနား၊ (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့ (ဗဟို)အခမ်းအနား၊ (၆၁) ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး(ခေါ်)ဂန်းခွမ့်တံခွန်တိုင်ပွဲတော် အခမ်းအနား၊ (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ တက်ရောက်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အချို့အခမ်းအနားများတွင် သဝဏ်လွှာပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားစာပေသင်ကြားပေးသည့် ဆရာ၊ ဆရာမ ခန့်ထားနိုင်

တိုင်းရင်းသားပညာရေးကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားပေးသည့် သင်ကြားရေးအထောက်အကူပြု နေ့စားလပေး ဆရာ ဆရာမ Teaching Assistant (TA)များ ခန့်ထားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးပြည်နယ်များနှင့် နေပြည်တော်တို့တွင် (TA) ဆရာ၊ ဆရာမ ၅၁၆၁ ဦးကို ခန့်ထားနိုင်ခဲ့ပါကြောင်း။

Teaching Assistant ခန့်ထားပြီး ၅၁၆၁ ဦးအနက် ဘွဲ့ရ ၇၁၉ ဦးကို ပညာရေးကောလိပ်တွင် သင်တန်းများ တက်ရောက်ပြီးပါက မူလတန်းပြ ဆရာ ဆရာမများအဖြစ် ခန့်ထားပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉ ပညာသင်နှစ်၌ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားပေးမည့် သင်ကြားရေး အထောက်အကူပြု နေ့စားလပေး ဆရာ ဆရာမ Teaching Assistant (TA) များနှင့် တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းသော ပြင်ပမှ ဆရာ ဆရာမများကို တစ်လလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ဘာသာစကားသင် ဆရာ ဆရာမ Language Teacher များကို ကျောင်းဖွင့်အမီ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာများ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် KG တန်းများအတွက် အခြေခံဖြစ်သော တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ နှစ်မျိုး ပုံပြပုံပြင်စာအုပ် (ရုပ်ပြ) များကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် A5 အရွယ် အုပ်ရေ ၃၄၁၂၂၀ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မတ် ၆ ရက်တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို တိုင်းရင်းသားဘာသာသို့ ပြန်ဆိုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး တိုင်းရင်းသားဘာသာများဖြင့် ပုံနှိပ်ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကလေးငယ်များကာကွယ်ဆေးထိုးနှံရေးပိုစတာ၊ ဂျပန်ဦးနှောက်အမြေးရောင်ရောဂါ ကာကွယ်ဆေးထိုးနှံရေးပိုစတာ၊ တုပ်ကွေးရောဂါကာကွယ်ရေး ပိုစတာများကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပြီး ကျန်းမာရေးပညာပေးခဲ့သည့်အတွက် တိုင်းရင်းသားများအနေဖြင့် အလွယ်တကူ နားလည်သဘောပေါက်သောကြောင့် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရန်အတွက် ပြည်ပနိုင်ငံများသို့ ၃ နှစ်တာအတွင်း လေ့လာရေး၊ ဆွေးနွေးပွဲများသို့ ၂၇ ဦး၊ သင်တန်းများသို့ ၁၀ ဦး စေလွှတ်နိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး Mr. LI Changping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ၅ ရက်ကြာ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး အမျိုးသားလူမျိုးစုရေးရာကော်မရှင် အုပ်ချုပ်မှုအောက်ရှိ တက္ကသိုလ်များ၌ ဝန်ကြီး

ဦးမင်းအေးကို (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)

ဌာနမှ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာသင်တန်းများတွင် ပညာသင်များအဖြစ် တက်ရောက်နိုင်ရေးကိစ္စများအပါအဝင် တိုင်းရင်းသားရေးရာကိစ္စများအတွက် နားလည်မှုစာချွန်လွှာ MoU ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရိုးရာအသုံးအဆောင်ပစ္စည်း သိရှိနိုင်စေရန်

တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းအနေဖြင့် တစ်နေရာတည်းတွင် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုများ ရိုးရာအသုံးအဆောင်ပစ္စည်းများကို သိရှိနိုင်စေရန် ဝန်ကြီးဌာန ရုံးအမှတ် ၁၄ ၌ တိုင်းရင်းသားလူမျိုးစု ၅၀ ၏ ဝတ်စားဆင်ယင်မှုများနှင့် ရိုးရာအသုံးအဆောင် ပစ္စည်းများကို ပြခန်းများဖြင့် ခင်းကျင်းပြသဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော လူမျိုးစုတို့၏ ရိုးရာလေ့ထုံးစံများ၊ ယဉ်ကျေးမှု၊ လူနေမှုဘဝပုံစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ ပွဲတော်များကို ကွင်းဆင်းမှတ်တမ်းတင်လျက်ရှိရာ “ထနေ့”တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့များကို Documentary ရုပ်သံမှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသားများအား လေ့လာရေးဖိတ်ကြားခြင်းနှင့် တွေ့ဆုံမှုပြုခြင်းအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ တအာင်း၊ လီဆူ လူမျိုးများနှင့် ရခိုင်ပြည်နယ်မှ ရခိုင်၊ ခမီ၊ မြို၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ အရှိုချင်းနှင့် မင်းပြား၊ မြေပုံ၊ ရမ်းဗြဲဒေသများမှ ချင်းလူမျိုးများပါဝင်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော်သို့ လေ့လာရေးခရီးစဉ် ပထမအကြိမ်အဖြစ် ဖိတ်ခေါ်ခဲ့ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းအပိုင်းတွင် တနင်္သာရီ တိုင်းဒေသကြီးရှိ ဆလုံတိုင်းရင်းသားများအတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၆၁၆ သိန်းဖြင့် ဆန်နှင့် ငါးဖမ်းလှေငယ်များ ထောက်ပံ့နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆေးပေးခန်းများ ဆောက်လုပ်ပေးနိုင်ရေး ဦးစားပေးမည်ဖြစ်

ရခိုင်ပြည်နယ်ရှိ ခမီ၊ မြို၊ ဒိုင်းနက် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသများ၌ သောက်သုံးရေကန်အသစ် တူးဖော်နိုင်ရေး၊ သောက်သုံးရေကန်ဟောင်း ပြန်လည်တူးဖော်ပေးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၆ ခုနှစ် မိုရာမုန်တိုင်းကြောင့် ပျက်စီးခဲ့သော ဆေးပေးခန်းများ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ညှိနှိုင်းခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ယခုအခါ ကျပ်သိန်း ၂၀ ကုန်ကျခံ၍ ယာယီပြုပြင်ထားပြီးဖြစ်ပါကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့နယ် ခရားအတွင်းရွာ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ဆောင်မလုံလောက်သည့်အတွက် တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) စာရင်းတွင် ပေ ၁၂၀ × ပေ ၃၀ RCC (၁) ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအစီအစဉ်အရ ပညာရေးဝန်ကြီးဌာနက ထည့်သွင်းလျာထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ် ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်း ကျေးရွာပေါင်း ၃၀ ခန့် (NEP နှင့် ၁၀ မိုင်ကျော်ကွာဝေးသည့်ကျေးရွာများ)တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆိုလာပြားများ တပ်ဆင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ မူကြမ်းအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၈ခုနှစ် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်များ၌ မင်္ဂလာသီရိဟိုတယ်တွင် တတိယအကြိမ် ကျင်းပခဲ့ပါကြောင်း။

နည်းဥပဒေမူကြမ်းအပေါ် ဝန်ကြီးဌာန၏ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့မှ အတည်ပြုရေးဆွဲခဲ့ပြီး ဝန်ကြီးဌာန၏ ဌာနအကြီးအကဲများက စိစစ်သုံးသပ်ကာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ပေးပို့ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောတူပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး အသိပညာပေး

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းအပိုင်းတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါအကြောင်းအရာများကို တိုင်းဒေသကြီးပြည်နယ်များတွင် တိုင်းရင်းသားများအား ရှင်းလင်းတင်ပြခြင်း၊ အသိပညာပေးခြင်း ဆောင်ရွက်မှုများနှင့်အတူ တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၆၁ ကြိမ် ပြုလုပ်ရန် လျာထားရာ၌ ၅၅ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း။

တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးနွယ်စုအမည် မှန်ကန်စွာ မှတ်တမ်းပြုရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး၊ ကျား မ တန်းတူရေး၊ လူငယ်ရေးရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရေး၊ ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ စီမံကိန်းများ ဆောင်ရွက်ရာ၌ ဒေသခံများအား ကြိုတင်ညှိနှိုင်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများပါဝင်ရေး၊ ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းရေး၊ အငြင်းပွားမှုဖြေရှင်းရေး၊ ပဋိပက္ခဖြစ်ပွားမှု လေ့လာဆန်းစစ်ရေးစသည့်ကဏ္ဍများ ပါဝင်ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆက်လက်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီးပြည်နယ် ဦးစီးဌာနညွှန်ကြားရေးမှူးရုံး အဆောက်အဦသစ်များ ဆောက်လုပ်သွားမည်၊ ဝန်ထမ်းအင်အားဖြည့်တင်းခန့်ထားရေး ဆောင်ရွက်သွားမည်၊ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားမည့် သင်ကြားရေးအထောက်အကူပြု (Teaching Assistant) နှင့် တိုင်းရင်းသားဘာသာတတ်ကျွမ်းသော ဘာသာစကားသင် ဆရာဆရာမ (Language Teacher) များ ခန့်ထားနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ Documentary များ မှတ်တမ်းတင် ရိုက်ကူးနိုင်ရေး ဆောင်ရွက်သွားမည်၊ မူလတန်းကြို KG တန်းများအတွက် တိုင်းရင်းသားကလေးငယ်များ စာသင်ကြားရာ၌ အထောက်အကူဖြစ်စေရန် တိုင်းရင်းသားရိုးရာပုံပြ ပုံပြင်စာအုပ်များ ထုတ်ဝေဖြန့်ချိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် နွေရာသီကာလ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအကြောင်းအရာများကို တိုင်းဒေသကြီးပြည်နယ်များတွင် တိုင်းရင်းသားများအား ရှင်းလင်းတင်ပြခြင်း၊ အသိပညာပေးခြင်း ဆောင်ရွက်မှုများနှင့်အတူ တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူပြီး Focal Ministry အဖြစ်ဆောင်ရွက်သွားပါမည်၊ တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ ခုနှစ် ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တိုင်းရင်းသားရေးရာကိစ္စများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ MoU ရေးထိုးနိုင်ရေးဆောင်ရွက်သွားမည်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းသွားမည်၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားများ ကျင်းပခြင်းကို အားပေးကူညီမှုများ ဆောင်ရွက်သွားမည်၊ တိုင်းရင်းသားများအား လေ့လာရေးခရီးစဉ်များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၀ သို့

သတင်းစာရှင်းလင်းပွဲတွင် သတင်းရယူနေသော မီဒီယာသမားများကို တွေ့ရစဉ်။

နေပြည်တော်ကောင်စီအနေဖြင့် လာမည့်ဘဏ္ဍာနှစ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်

စာမျက်နှာ ၉ မှ

ယင်းနောက် နေပြည်တော်ကောင်စီ ခေတ္တအတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ ပထမ(၁)နှစ်တာကာလ၊ ဒုတိယ (၁)နှစ်တာကာလနှင့် တတိယ(၁)နှစ်တာကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်မြောင်း/ရေတွင်း/ရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေး ကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီ ရန်ပုံငွေနှင့် ဒေသအစီအစဉ် အလှူရှင်များ၏ ဆောင်ရွက်မှု စသည်ဖြင့်လည်းကောင်း လုပ်ငန်းပေါင်း ၄၇၀၃ ခုကို ငွေကျပ်သန်းပေါင်း ၁၇၄၈၅ ဒသမ ၅၁၁ သန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်း/တံတားကဏ္ဍ၊ ဆည်မြောင်းကဏ္ဍ၊ မီးလင်းရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍနှင့် အခြားဒေသ ဖွံ့ဖြိုးရေးကဏ္ဍ စသည့် လုပ်ငန်းပေါင်း ၁၈၈၀ ခုကို တန်ဖိုးငွေကျပ် ၉၀၇၈၈ ဒသမ ၇၀၉ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျောင်းပေါင်း ၉၇ ကျောင်းအား အဆင့်တိုးမြှင့်

ပညာရေးကဏ္ဍတွင် တတိယ(၁)နှစ်တာကာလအတွင်း မြို့နယ် ရှစ်မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၀၆ ခုကို ငွေကျပ်သန်းပေါင်း ၅၄၉၂ ဒသမ ၆၇၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ တတိယ(၁)နှစ်တာကာလတွင် မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၉၇ ကျောင်းအား အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွင့်ပြုသည့် ဆရာ ဆရာမ အင်အား ၈၁၁၃ ဦးအနက်မှ ၇၇၈၉ ဦးကို ပညာသင်နှစ်အလိုက် ခန့်အပ်နိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမနှင့် ကျောင်းသားအင်အားအချိုးမှာ အထက်တန်း ၁ အချိုး ၂၃၊ အလယ်တန်း ၁ အချိုး ၂၅ နှင့် မူလတန်း ၁ အချိုး ၃၁ ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း စုစုပေါင်း ကျန်းမာရေးကဏ္ဍ လုပ်ငန်းပေါင်း ၂၆ ခုကို ငွေကျပ် ၁၈၁၀ ဒသမ ၅၆၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ဆေးရုံ ၁၁ ရုံတွင် ဆရာဝန် ၁၅၇ ဦး၊ သူနာပြု ၇၁၁ ဦး ခန့်အပ်ထားရှိပြီး ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁ အချိုး ၇၆၀၀၊ သူနာပြုနှင့် လူဦးရေအချိုးမှာ ၁ အချိုး ၃၄၈၉ ဖြစ်ပါကြောင်း။

လမ်းတံတားကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လမ်းတံတားကဏ္ဍလုပ်ငန်းပေါင်း ၈၇၁ ခုကို ငွေကျပ်သန်းပေါင်း ၃၄၃၅၃ ဒသမ ၂၅၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ဆည်မြောင်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၁၈၀ ခုကို ငွေကျပ်သန်းပေါင်း ၉၄၅၄ ဒသမ ၂၅၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၀၆၄ ဒသမ ၁၂ သန်းဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ (၆)လတာကာလနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၄၉၁ ဒသမ ၅၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ၆၈၄၆ ဧကကို စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်မည့်အပြင် လယ်မြေ ၉၅၅ ဧကကိုလည်း ထပ်မံရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း။

လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၂၀၆ ခုကို ငွေကျပ်သန်းပေါင်း ၁၅၂၃၇ ဒသမ ၁၂၉ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရေရရှိရေးကဏ္ဍတွင်လည်း နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၁၂၇ ခုကို ငွေကျပ်သန်းပေါင်း ၆၅၄၀ ဒသမ ၇၉၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခြားဖွံ့ဖြိုးရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းအရေအတွက် ၃၆၄ ခုကို ငွေကျပ်သန်းပေါင်း ၁၇၉၀၀ ဒသမ ၀၁၆ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြေယာကိစ္စရပ်များ စီမံခန့်ခွဲဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ ပထမ (၁)နှစ်တာကာလတွင် တောင်သူ ၂၃ ဦးအတွက် ၅၈ ဒသမ ၅၅ ဧကကိုလည်းကောင်း၊ ဒုတိယ (၁)နှစ်တာကာလတွင် တောင်သူ ငါးဦးကို ၁၀ ဒသမ ၈၆ ဧကနှင့် တတိယ(၁)နှစ်တာကာလတွင် တောင်သူ ၃၁ ဦးကို ၇၂ ဒသမ ၅၅ ဧကကို လည်းကောင်း လယ်ယာမြေနှင့် အခြားနည်းအသုံးပြုနိုင်ရေး ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း။

လုံခြုံရေးကဏ္ဍတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေမှာ နိုင်ငံတော်အစိုးရ တတိယနှစ် (၁)နှစ်တာကာလအတွင်း အမှုကြီး ၁၀မျိုး ဖြစ်ပွားမှု ၈၃ မှု ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားမှုအများဆုံး အမှုများမှာ လူသတ်မှုနှင့် မုဒိမ်းမှုများဖြစ်ပါကြောင်း။

အခြားအမှု ၁၀ မျိုး ဖြစ်ပွားမှုမှာ ၂၀၉၂ မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၁၆ ခု တိုးလာခဲ့ပါကြောင်း။

ကြိုကာမှု ၁၀ မျိုး ဖြစ်ပွားမှုမှာ ၁၉၂၄ မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၇၄၁ ခု လျော့ကျခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကဏ္ဍအလိုက်နှစ်စဉ်စီမံကိန်း လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ယာယီစာရင်းအရ ၁၅၄၀၇၀၆ ကျပ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၁၆၂၆၆၃၉ ကျပ်ရရှိရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း။

လုပ်ငန်း ၃၁၇၅၈ ခုကို ဝန်ဆောင်မှုပေး

ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များမှ နိုင်ငံတော်အစိုးရ ပထမ (၁)နှစ်တာကာလအတွင်း လုပ်ငန်းဝန်ဆောင်မှုပေးနိုင်မှု ၃၂၇၂၁ ခုဖြစ်ပြီး ဒုတိယ (၁)နှစ်တာအတွင်း ဝန်ဆောင်မှုပေးနိုင်မှုမှာ ၃၁၁၆၀ ခုနှင့် တတိယ (၁)နှစ်တာကာလအတွင်းမှာ ၃၁၇၅၈ ခုကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

နေပြည်တော်ကောင်စီ ခေတ္တအတွင်းရေးမှူး ဦးထွန်းထွန်းဝင်း

သဘာဝဘေး ကယ်ဆယ်ရေးအနေဖြင့် သဘာဝဘေး ဖြစ်ပွားမှု ၁၇၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်း ၁၄၄ ဒသမ ၀၃ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးအပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးစပါးမျိုး ၁၃ မျိုးကို ၁၇၁၅၁၄ ဧကြ စိုက်ပျိုးခဲ့ပြီး ၁၇၁၀၇၅ ဧက ရိတ်သိမ်းခဲ့ကာ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၈၄ ဒသမ ၃၇ တင်းထွက်ရှိခဲ့ပါကြောင်း၊ နွေစပါးမျိုးကွဲအလိုက် စိုက်ပျိုးမှုမှာ ၂၁၅၁၆ ဧကဖြစ်ပြီး ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၀၄ ဒသမ ၄၈ ရာခိုင်နှုန်း၊ ဆီဖူလုံမှုမှာ ၁၁၉ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် ပဲဖူလုံမှုမှာ ၃၈၇ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

မွေးမြူရေးအနေဖြင့် နိုင်ငံတော်အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံတော်ထောက်ပံ့ငွေနှင့် မြစိမ်းရောင် (အသားကဏ္ဍ)၊ မျိုးကောင်းမျိုးသန့် မွေးဘဏ်စနစ်တို့ဖြင့် ကျေးရွာ သုံးရွာတွင် နွားအကောင်ရေ ၆၀၊ ဝက်အကောင်ရေ ၆၀၀ အား ငွေကျပ်သန်း ၉၀ ဖြင့် မွေးမြူဆောင်ရွက်ခဲ့ပါကြောင်း။

ဒေသတွင်း ငါးမွေးမြူထုတ်လုပ်မှုအနေဖြင့် ငါးမျိုးခွဲပေါင်း ၁၁ မျိုးကို ငါးမျိုးကောင်ရေ သိန်းပေါင်း ၄၀၀ ဒသမ ၃၈၅ သိန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း။

တရားမဝင်သစ်ဖမ်းဆီးရရှိမှုအနေဖြင့် သစ်လုံး၊ သစ်ခွဲသား၊ သစ်တိုင် စုစုပေါင်း ၇၀၁ ဒသမ ၂၁၂၈ တန်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက(ကျွန်း/သစ်မာ)စိုက်ခင်း တည်ထောင်ပြီးစီးမှုစာရင်းမှာ ကျွန်း ၅၁၆ ဒသမ ၈ ဧက၊ သစ်မာ ၁၅၀၀ ဒသမ ၅၀ ဧက စုစုပေါင်း ၂၀၁၇ ဒသမ ၃ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ဒေသအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှုအနေဖြင့် ၁၄၄ ဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၄၈၅၄ ဒသမ ၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေအတွင်း(မြို့တွင်း) ယာဉ်လိုင်း ပြေးဆွဲမှုအနေဖြင့် အစိုးရ တတိယ(၁)နှစ်တာကာလအတွင်း ရွှေပြည်သစ်ယာဉ်လိုင်းမှ ၁၀၃ စီး၊ ရွှေအောင်လံယာဉ်လိုင်းမှ ၃၅ စီး၊ ရွှေသပြေယာဉ်လိုင်းမှ ၅၃ စီးနှင့် နေပြည်တော်အဆင့်မြင့်ယာဉ်လိုင်းမှ ၁၉ စီး စုစုပေါင်းယာဉ်လိုင်း လေးလိုင်းတို့မှ ယာဉ်စီးရေ ၂၁၀ တို့ဖြင့် ပြေးဆွဲလျက်ရှိပြီး မူလပြေးဆွဲနေသော ယာဉ်လိုင်းများမှ တော်ဝင်ယာဉ်အသင်းသည် မြို့တွင်းကြီးကြပ်မှုအောက်၌ ပြေးဆွဲခြင်းမရှိသည့်အပြင် ရွှေမြို့တော်ယာဉ်အသင်းအနေဖြင့်လည်း ယာဉ်လိုင်းဖျက်သိမ်းသွားခဲ့ပြီးဖြစ်ပါကြောင်း၊ ခရီးသယ်ပို့ဆောင်ရေး(အဝေးပြေး)အနေဖြင့် နေပြည်တော်နှင့် အခြားပြည်နယ်/တိုင်းဒေသကြီး အပါအဝင် ယာဉ်စီးရေ စုစုပေါင်း ၁၅၅၅ စီးဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း။

လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်

နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းခေါင်းစဉ်ကြီး ခြောက်ခုတွင် လုပ်ငန်းပေါင်း ၅၉၅ ခုအတွက် ကျပ်သန်းပေါင်း ၈၉၆၈၀ ဒသမ ၁၉၀ သန်း ခွင့်ပြုချထားပေးပြီးဖြစ်သည့်အတွက် ညွှန်ကြားချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီအောင် ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများက အခြေခံပညာအဆင့် စာမေးပွဲများကို လာမည့်နှစ်၌ မတ်လတွင် ကျင်းပသွားမည့်ကိစ္စ၊ အဆင့်မြင့်ပညာကဏ္ဍတွင် အဝေးသင်ဝိဇ္ဇာတန်းများ ဖွင့်လှစ်နေမှု၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲနေမှုအခြေအနေ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဆောက်လုပ်မည့် အစီအစဉ်၊ စစ်ဘေးရှောင်စခန်းများရှိ ကလေးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံ၊ သင်ရိုးသစ်အတွက် ဖွင့်လှစ်သည့် သင်တန်းများတွင် ဆရာ၊ ဆရာမများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းနှင့် အပြောင်းအရွှေ့ဆောင်ရွက်နေမှုလုပ်ငန်းစဉ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဘဏ္ဍာငွေရရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေတွင် မိုးရာသီ ရေကြီးနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေးကြိုတင်ပြင်ဆင်ထားရှိမှု၊ နေပြည်တော်တွင် ကျူးကျော်နေထိုင်သူများကို ဖြေရှင်းဆောင်ရွက်နေမှု၊ နေပြည်တော်သာယာလှပရေးအတွက် ပန်းအပိုင်းများအား ပြင်ဆင်ဆောင်ရွက်နေမှု၊ နေပြည်တော်ကောင်စီတွင် သတင်းရယူခွင့် မြန်ဆန်သွက်လက်ရေး အစီအမံ၊ လေလွင့်ကလေးများ ထိန်းသိမ်းပျိုးထောင်ပေးမည့် အစီအစဉ်၊ နေပြည်တော်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နေပြည်တော်တွင် တရားဝင် ဂရန်လျှောက်ထားမှု၊ နေပြည်တော် ရှစ်မြို့နယ်တွင် စိမ်းလန်းစိုပြည်ရေးအတွက် သုံးစွဲသည့် ဘဏ္ဍာငွေ၊ နေပြည်တော်ကို Green City အဖြစ် ဖော်ဆောင်လျက်ရှိသည့် အခြေအနေ၊ ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ရေး တင်ဒါခေါ်ယူမှု အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မျိုးဝင်းကျော်

တောင်သူအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်သူများ အကျိုးရှိစေမည့် ဈေးကွက်သတင်းအချက်အလက်စနစ်သင်တန်းဖွင့်

နေပြည်တော် မေ ၁၅

တောင်သူအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်သူအားလုံးအတွက် အကျိုးရလဒ်ကောင်းများ ရရှိစေမည့် အစီအမံများနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်စင်တာ သဖွယ်ဖြစ်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက Market Information System တစ်ခု တည်ထောင်ရာတွင် စနစ်တကျရှိစေရေးနှင့် ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဈေးကွက်သတင်းအချက်အလက်စနစ်-Market Information System (MIS) သင်တန်းကို မေ ၁၃ ရက်က နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါသင်တန်းတွင် လျင်မြန်ထိရောက်သော ဈေးကွက်သတင်းအချက်အလက်စနစ်တစ်ခုကို Pilot အဖြစ် စတင်ကျင့်သုံးနိုင်ရေးအတွက် ဦးစားပေးသီးနှံအဖြစ် ဆန်စပါးနှင့် ပဲမျိုးစုံကို ရွေးချယ်၍ Primary data ကို Questionnaires များနှင့်တကွ စနစ်တကျ ကောက်ယူသည့်မှစ၍ စနစ်တကျ စာရင်းသွင်းခြင်း စသည့် သင်ခန်းစာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာန၊ ပါမောက္ခ ဒေါက်တာသိဂီမြင့်က ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဈေးကွက်သတင်းအချက်အလက်စနစ် ToT သင်တန်း ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချနိုင်ပြီး သင်တန်းတက်ရောက်ပြီးသော MIS Working group member များသည် ပထမဦးစွာ ရှေ့ပြေးအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၏ ဈေးကွက်သတင်းအချက်အလက်စနစ်ကို စတင်ကျင့်သုံးပြီးနောက် နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားခြင်းဖြင့် စနစ်ကျ၍ ထိရောက်အကျိုးရှိသော ဈေးကွက်သတင်းအချက်အလက်စနစ်ကို ရေရှည်အတွက် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးထွန်းဝင်းက ပြောကြားသည်။

သိမ့်သိမ့်မိုး

မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

(ည) သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျင်းပပြုလုပ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ သင်တန်းများ၊ အစည်းအဝေးများနှင့် ညီလာခံများသို့ နိုင်ငံကိုယ်စားပြု ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ရယူပြီး သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင် များအား နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ်ခြင်း၊ ပြည်တွင်းပညာတော်သင်ဆုများ ရွေးချယ်ပေးအပ်ခြင်း၊

(ဌ) ဘူမိသိပ္ပံပညာဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာ တန်ဆာပလာ များနှင့် တပ်ဆင်သုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်နှင့် ကျင့်ထုံး များသတ်မှတ်ခြင်း၊ စိစစ်ကြပ်မတ်စစ်ဆေးခြင်း၊

(ဍ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ် သည့် ပြင်ပပုဂ္ဂိုလ်များ၏ လစာစရိတ်နှင့် ချီးမြှင့်ငွေများအား သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(ဎ) ကောင်စီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြု ချက်များကို တင်ပြခြင်း၊

(ဏ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(တ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း ၍ အဆင့်တူမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိ အမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၆။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီသည် လိုအပ်ချက်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရန်အတွက် သင့်လျော်သည့် ပြင်ပပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးခြင်း၊

(ခ) လုပ်ငန်းကော်မတီများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံပြီး စိစစ်သုံးသပ်၍ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း စီမံခန့်ခွဲရေး ဆိုင်ရာ နည်းလမ်းအရ ပြစ်ဒဏ်ချမှတ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများအား လိုအပ်သော ကူညီပံ့ပိုးမှုများပေးခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာလကန့်သတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊ အပြီးအပိုင် ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များကို သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့် ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကောင်စီ၏ ရုံးအဖွဲ့ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ် တာဝန်ပေးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(ဈ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီပိုင်အမှတ်တံဆိပ်ကို ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ ကိုယ်ကျိုးအတွက်အသုံးပြုလျှင် ထိုကောင်စီဝင် ကို နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်ခြင်း။

၁၇။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ် အမှုဆောင်အဖွဲ့သို့ တာဝန်လွှဲအပ်ပေးနိုင်သည်။

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန် များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။ လိုအပ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မှတ်ပုံတင်အရာရှိဦးဆောင်သည့် ရုံးအဖွဲ့ခွဲများကို သင့်လျော်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အခန်း (၆)
နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များ၏ ရပိုင်ခွင့်များ

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များသည် အောက်ပါတို့ကို ခံစားခွင့်ရှိသည် -

(က) ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေ၊ ဥဏ်ပူဇော်ခနှင့် အခြား ခံစားခွင့်များ၊

(ခ) ကောင်စီက ပေးအပ်သောတာဝန်ဖြင့် ခရီးများသွားလာရပါက အမှန် တကယ် ကုန်ကျသည့်ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ် သည့် နေ့တွက်စရိတ်၊

(ဂ) ကောင်စီ၏တာဝန်ပေးချက်အရ ပြည်တွင်း ပြည်ပအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ၊ သင်တန်း နှင့် လေ့လာရေးခရီးများ အစရှိသည့် ခရီးများသွားရောက်ရပါက အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်နှင့် ချီးမြှင့်ငွေများ။

အခန်း (၇)
ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၂၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင် အဖြစ်မှ ရပ်စဲနိုင်သည် -

(က) မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်တောင်းခံခြင်း၊

(ခ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှု ဆောင်အစည်းအဝေးများ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ် ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် အကြောင်းမဲ့ တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) ကောင်စီက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုး ကို ကာလအကန့်အသတ်နှင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် အပြီးအပိုင် ပယ်ဖျက်ခံရခြင်း၊

(င) ကောင်စီကပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(စ) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဆ) စိတ်ပိုင်းဆိုင်ရာရောဂါစွဲကပ်ခြင်း သို့မဟုတ် ကိုယ်အင်္ဂါပျက်ယွင်းခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီ၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကောင်စီမှပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဈ) ကွယ်လွန်ခြင်း။

အခန်း (၈)
အစည်းအဝေးများ ကျင်းပခြင်း

၂၁။ ကောင်စီအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက နာယက အဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးများ ခေါ်ယူကျင်းပ နိုင်သည်။

(ခ) ကောင်စီအဖွဲ့ဝင်အားလုံး၏ အနည်းဆုံး လေးပုံတစ်ပုံသော ကောင်စီ ဝင်များက စာဖြင့်ရေးသားတောင်းဆိုလျှင် ကောင်စီသည် နာယက အဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေး ခေါ်ယူကျင်းပ ရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ် နှုန်းဖြင့် တစ်နှစ်လျှင် အနည်းဆုံး ခြောက်ကြိမ်ထက်မနည်း ကျင်းပ ပြုလုပ်ရမည်၊ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်း အဝေးကို ခေါ်ယူကျင်းပရမည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ကျင်းပပြုလုပ်သည့် ကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၃။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လတစ်ကြိမ် တင်ပြရမည်။ အထူးကိစ္စရပ်များရှိပါက အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

အခန်း (၉)
အလုပ်သင်ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၄။ ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိထားသူ နိုင်ငံသားသည် ဘူမိသိပ္ပံ ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုပါက အလုပ်သင်ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ အသိပေးတင်ပြ ရမည်။

၂၅။ ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အလုပ်သင်ဘူမိ သိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်းနှင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၁၀)
မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် အလုပ်သင် ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ်ရယူလိုပါက ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက် ထားရမည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် သည် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူအား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထား ချက်အပေါ် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၁၁)
မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၉။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ် ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက် ထားသူအား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၃၁။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထား ချက်အပေါ် မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၁၂)
နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်နှင့် နိုင်ငံခြားသား မှတ်ပုံတင် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်များ လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃၂။ မြန်မာနိုင်ငံတွင် တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရှိသော နိုင်ငံခြားသား ဘူမိသိပ္ပံပညာရှင်သည် မြန်မာနိုင်ငံအတွင်း ဘူမိသိပ္ပံဆိုင်ရာ လုပ်ငန်းတစ်ရပ်တွင် တာဝန်ခံပညာရှင်အဖြစ် လုပ်ကိုင်လိုပါက နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၃။ ပုဒ်မ ၃၂ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့က သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထား သူ နိုင်ငံခြားသား၏ အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံခြားသားမှတ်ပုံတင် ဘူမိ သိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ လျှောက်ထားသူ နိုင်ငံခြားသားဘူမိသိပ္ပံပညာ ရှင်အား ထုတ်ပေးရမည်။

၃၄။ ဤဥပဒေပါ အခန်း (၉)၊ အခန်း (၁၀)၊ အခန်း (၁၁)နှင့် အခန်း (၁၂) ပါ မှတ်ပုံတင်လက်မှတ်များ၏ သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၃၅။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထား ချက်အပေါ် နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ ထုတ်ပေး ရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၁၃)
မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၆။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ရမည်။

(ခ) ကောင်စီက ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ ကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့် ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားအထွေ ထွေဝန်ဆောင်ခများကို ပေးဆောင်ရမည်။

(ဃ) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံ ပညာရှင်ဆိုင်ရာ လုပ်ငန်းရပ်များကို တရားဝင်အခကြေးငွေရယူ၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

(င) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် မိမိအမည်နှင့် ယှဉ်တွဲအသုံးပြု နိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့် ရှိသည်။

(စ) စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကောင်စီသို့ အယူခံ ဝင်ပိုင်ခွင့် ရှိသည်။

(ဆ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြ၊ တိုင်ကြားပိုင်ခွင့်နှင့် အကြံဉာဏ်ပေးပိုင်ခွင့် ရှိသည်။ ထို့ပြင် ကောင်စီထံမှ အကြံဉာဏ် ကိုလည်း တောင်းခံရယူပိုင်ခွင့် ရှိသည်။

၃၇။ မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ အလိုနှင့် သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက် ရမည်။

(ဆက်လက်ဖော်ပြပါမည်)

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် စစ်ကိုင်းနှင့် Southern အသင်း ကွာတားဖိုင်နယ်တက်ရောက်

ရန်ကုန် မေ ၁၅

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ စစ်ကိုင်းအသင်းနှင့် Southern အသင်း ကွာတားဖိုင်နယ်တက်ရောက်သွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးပြိုင်ပွဲတွင် အသင်းကြီးများကို အနိုင်ကစားနေသည့် ဦးဇော်လင်းထွန်း ကိုင်တွယ်နေသည့် စစ်ကိုင်းအသင်းသည် ယခုရှုံးထွက်ပွဲတွင်လည်း နိုင်ပွဲရယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ပွဲများ ဆက်တိုက်ကစားနေရသည့် စစ်ကိုင်းအသင်းသည် ယခုပွဲတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသော်လည်း နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ဇယားအောက်ဆုံးရောက်နေသည့် ဒဂုံအသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင်လည်း ဒုတိယအဆင့်မှ ထွက်ခဲ့ရသည်။

စစ်ကိုင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

စစ်ကိုင်းအသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး နိုင်ငံခြားသားတိုက်စစ်မှူး ဒိုနယ် ဝင်လာမှ တိုက်စစ်ကစားပုံ ပိုကောင်းလာခြင်းဖြစ်သည်။ ဒဂုံအသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်သော်လည်း ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ စစ်ကိုင်းအသင်းသည် ခြေအသာဖြင့် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့် ဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။ ဒိုနယ် ဝင်လာမှ စစ်ကိုင်းတိုက်စစ် ကစားပုံပိုကောင်းလာပြီး ၄၁ မိနစ်တွင် ထောင့်ကန်ဘောကို သန့်ဇင်ဝင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း စစ်ကိုင်းအသင်းကသာ ပိုဖိကစားနိုင်ခဲ့ပြီး ဒဂုံအသင်း အနေဖြင့် ချေပဂိုးရရန် အပြောင်းအလဲပြုလုပ်သော်လည်း ကစားအားတက်မလာဘဲ ရုန်းကန်ခဲ့ရသည်။ စစ်ကိုင်းအသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် သွင်းယူသည့်တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက ဧွကြယ်ပွင့်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ပုံစံကောင်း ပြသပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် သူရမင်းနိုင်၊ ၃၅ မိနစ်တွင် သန်းဇော်မျိုး၊ ၄၃ မိနစ်တွင် စည်သူသန်းစိုးနှင့် ၆၁ မိနစ်တွင် ရှိုင်းသူရတို့က သွင်းယူခဲ့သည်။

ဒုတိယအဆင့် ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ရတနာပုံနှင့် စစ်ကိုင်း၊ ရန်ကုန်နှင့် Southern ၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီ၊ မကွေးနှင့် ရခိုင်အသင်းတို့ တွေ့ဆုံနေသည်။

ညီမြတ်သော်တာ

AFC Cup ပြိုင်ပွဲ နောက်ဆုံးပွဲတွင် ရန်ကုန်အသင်း အနိုင်ရ

ရန်ကုန် မေ ၁၅

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု(F) နောက်ဆုံးနေ့အဖြစ် ရန်ကုန်အသင်းနှင့် ကမ္ဘောဒီးယားကလပ် နာဂါဝေါအသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အကောင်းဆုံးကြိုးစားခဲ့ပြီး ရန်ကုန်အသင်းက ပထမအကျော့ အဝေးကွင်း ရှုံးကြေးပြန်ဆပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ယာယီနည်းပြချုပ် ဦးတင်မောင်ထွန်း လက်ထက် ပထမဆုံးပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဒုတိယမြောက် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် မီလာ၊ စိုးမင်းနိုင်၊ ရန်အောင်ကျော်၊ မောင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ဆယ်လာကို နောက်ပိုင်းမှ ထည့်သွင်းကစားခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားသော်လည်း ဂိုးမသွင်းနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ၅၃ မိနစ်တွင် ရန်ကုန်အသင်း ပယ်နယ်တီကန်ခွင့်ရသော်လည်း ဆယ်လာ ဂိုးဝင်အောင် သွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ဂိုးရရန် တိုက်စစ်ပိုမြင့်လာပြီး ၇၆ မိနစ်တွင် မောင်မောင်လွင်က ပထမဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၉၆ မိနစ်တွင် မီလာက ဒုတိယဂိုးထပ်သွင်းခဲ့သည်။

အုပ်စု (F) ပွဲစဉ်များအပြီးတွင် ဟန္တိုင်း(ဗီယက်နမ်)နှင့် တမ်ပနိစ်ရိုဗာ (စင်ကာပူ) တို့က ၁၃ မှတ်စီ၊ ရန်ကုန်(မြန်မာ)က ခြောက်မှတ်၊ နာဂါဝေါ(ကမ္ဘောဒီးယား)က သုံးမှတ်ရရှိခဲ့သည်။ ဟန္တိုင်းနှင့် တမ်ပနိစ်ရိုဗာအသင်းသည် အမှတ်တူသော်လည်း နှစ်ကျော့ပေါင်းရလဒ်တွင် အသာရခဲ့သည့် ဟန္တိုင်းအသင်းက အုပ်စုပထမရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် ဟန္တိုင်းအသင်းကို အဝေးကွင်းနှင့် နာဂါဝေါကို အိမ်ကွင်း နှစ်ပွဲသာ အနိုင်ရခဲ့ပြီး ကျန်လေးပွဲရှုံးနိမ့်ခဲ့သည်။

ရဲရင့်ရှိုင်း

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဂရစ်ဇ်မန်း အက်သလက်တီကို မက်ဒရစ်နှင့် လမ်းခွဲတော့မည်

အက်သလက်တီကို မက်ဒရစ်တိုက်စစ်ကစားသမား ဂရစ်ဇ်မန်းသည် အသင်းနှင့် ငါးနှစ်ကြာလက်တွဲခဲ့ပြီးနောက် ယခုနှစ်ရာသီကုန်တွင် အသင်းနှင့်လမ်းခွဲတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆာနေးအား ခေါ်ယူနိုင်ရေးအတွက် မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ် ဆွေးနွေး

ဘိုင်ယန်မြူးနစ်အသင်းသည် အသက် ၂၃ နှစ်အရွယ် ဂျာမနီတောင်ပံကစားသမား လီရွိုင်း ဆာနေးအား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး မန်စီးတီးအသင်းနှင့် ဆွေးနွေးမှုများရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

မန်ယူအသင်းအနေဖြင့် မာရှယ်လ်အား ရောင်းထုတ်သွားမည်မဟုတ်

အသက် ၂၃ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား မာရှယ်လ်အား ယခုနှစ်နွေရာသီတွင် မန်ယူအသင်းအနေဖြင့် ရောင်းထုတ်သွားမည်မဟုတ်ကြောင်း အီးအက်စ်ပီအင်န်တွင် ဖော်ပြထားသည်။

နေရှင်းလိဂ်ပြိုင်ပွဲတွင် ဟယ်ရီကိန်းအား ဂါးရက်ဆောက်ဂိတ် ရွေးချယ်သွားမည်

ဂါးရက်ဆောက်ဂိတ်သည် လာမည့်လတွင် ယှဉ်ပြိုင်ကစားမည့် နေရှင်းလိဂ်ပြိုင်ပွဲတွင် ၎င်း၏ ကစားသမားစာရင်း၌ တော့တင်ဟမ်တိုက်စစ်မှူး ဟယ်ရီကိန်း (၂၅နှစ်)ကို ထည့်သွင်းရွေးချယ်သွားမည်ဖြစ်ကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲကို စကိုမီနာ ကိုင်တွယ်သွားမည်

ဆလိုဗေးနီးယားလူမျိုး ဒိုင်လူကြီးတစ်ဦးဖြစ်သာ စကိုမီနာသည် ဇွန် ၁ ရက်နေ့တွင် တော့တင်ဟမ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၄၂ နှစ်အရွယ်ရှိ စကိုမီနာသည် မန်ယူက ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း အဆင့်တွင် မန်ယူအသင်းအတွက် အငြင်းပွားဖွယ်နောက်ကျပယ်နယ်တီကို ဂိုးကို ခွင့်ပြုပေးခဲ့ကြောင်းလည်း ဖော်ပြထားသည်။

အောင်ဇော်

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသော ၂၀၁၉ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ဘိလိယက် စနူကာ တစ်ဦးချင်း နှစ်ယောက်တွဲ၊ အမျိုးသမီး 9 ball တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ အဖွဲ့ချုပ်က ပြိုင်ပွဲဖြစ်မြောက်အောင် ကူညီပေးပြီး မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွေမရှိရင် မြန်မာ့လက်ရွေးစင်ဆိုတာ ပေါ်ထွက်လာမှာ မဟုတ်ပါဘူး။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကနေ လက်ရွေးစင် ခုန်ကူးဖို့မဖြစ်နိုင်ပါဘူး။ လက်ရွေးစင်ဖြစ်ဖို့ဆိုရင် ငါးနှစ်လောက် အချိန်ယူရတယ်။ ဆယ်နှစ်လောက်မှ အောင်မြင်မှုဆိုတာ တက်လှမ်းနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုမှ အားကစားသမား ၁၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲကို မေ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်မှုအခြေအနေ စင်ကာပူရိုက်ကူးရေးအဖွဲ့ မှတ်တမ်းရိုက်ကူး

နေပြည်တော် မေ ၁၅

စင်ကာပူနိုင်ငံမှ ငါးဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မုံရွာမြို့နယ် အမှတ် (၁၀)ရပ်ကွက်နှင့် သားပြေးကျေးရွာတို့တွင် ကျေးလက်ဒေသမီးလင်းရေးကဏ္ဍမှ လျှပ်စစ်မီးရရှိမှုအခြေအနေကို မှတ်တမ်းရိုက်ကူးကြသည်။

အဆိုပါအဖွဲ့သည် ကျေးလက်ဒေသ မီးလင်းရေးကဏ္ဍအတွက် Transformer များ တင်သွင်းခွင့်ရရှိထားသော Hitachi Soe Electric & Machinery ကုမ္ပဏီလီမိတက်၏ ပထမဆုံး Transformer များ တပ်ဆင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် လျှပ်စစ်မီးရရှိမှုအခြေအနေဖြင့် လျှပ်စစ်မီးရရှိမှုကြောင့် ရပ်ရွာလူထုအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ပျော်ရွှင်နေမှုအခြေအနေကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ရွာလူထုအား တွေ့ဆုံမေးမြန်းမှုများ ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မှတ်တမ်းရိုက်ကူးခြင်းကို ကျေးလက်ဒေသ မီးလင်းရေး ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ရွာများအပြင် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင်လည်း ယခုလ ၁၃ ရက်မှ ၁၆ ရက်အတွင်း ရိုက်ကူးနေခြင်းဖြစ်ကြောင်း၊ မှတ်တမ်းရုပ်ရှင်အပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ဖြေလျှော့မှုများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ပြည်ပမှ ကုန်ပစ္စည်းထုတ်လုပ်မှု ကြော်ငြာရိုက်ကူးမှုများအပါအဝင် မှတ်တမ်းရိုက်ကူးမှုများနှင့် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးမှုအရေအတွက်မှာ ပိုမိုများပြားလာကြောင်း သိရသည်။

သတင်းစဉ်

စင်ကာပူရိုက်ကူးရေးအဖွဲ့ မုံရွာမြို့အမှတ်(၁၀) ရပ်ကွက်ရှိ ဒေသခံမိသားစုအား တွေ့ဆုံမေးမြန်းနေစဉ်။

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ည ၉ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအနီး မိုးညှင်း-ဝေ့ခါသွားလမ်းတွင် ဇော်နိုင် မောင်းနှင်ပြီး ဇာနည် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၀ သိမ်းဆည်းရမိသည်။

ဒခွမ်အွမ်းဆားရ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် ကျချီး(ခ) လောက်ကျူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် ခရီးသည် မောရှေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ခရီးသည် မနန်းရှန်ထွမ်း(ခ)အေးထွမ်းနှင့် မအေးဆိုင်ရွှေတို့ သယ်ဆောင်လာသည့် ဆောင်းဘောက်လေးလုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မေ ၁၄ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းတွင် ဒခွမ်အွမ်းဆားရ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေ့ရဲကျေးရွာနေ လော်ဖာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၁ ပြားနှင့် ဘိန်းမည်း ၁၀၀ ဂရမ်တို့ကို လည်းကောင်း၊ ထို့အတူ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် အိုက်နွန်(ခ)အိုက်နွန်မြောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ကတ်တမင်း ၈၃၀ ဂရမ်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တာချီလိတ်၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၁၈၈ ဦးအနက် ၁၀ ဦးကို လောင်းကစားဥပဒေဖြင့် ထပ်မံအမှုဖွင့်

တာချီလိတ် မေ ၁၅

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ တရားမဝင်နေထိုင်သည့် တရုတ်နိုင်ငံသား ၁၈၈ ဦးကို ဖမ်းဆီးရာမှ တရုတ်နိုင်ငံသား ၁၀ ဦးကို မေ ၁၄ ရက် ညပိုင်းက ထပ်မံအရေးယူထားကြောင်း သိရသည်။

မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရန်အောင်မြေရပ်ကွက်တို့တွင် တရုတ်နိုင်ငံသားများ တရားမဝင် နေထိုင်ကြောင်း၊ လောင်းကစားများ ပြုလုပ်နေကြောင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်း၊ တာချီလိတ်တပ်နယ်၊ လဝကစသည့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် အမှတ်(၂၃၇)နေအိမ်ရှိ အခန်းများအား ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ အဆိုပါဝင်းအတွင်း အင်တာနက် အသုံးပြု၍ တရားမဝင် လောင်းကစားပြုလုပ်နေကြသူ ထူးလုံချွမ်းအပါအဝင် ၁၀ ဦးအား လက်(ပ်)တော့များ ကိုယ်စီဖြင့် လောင်းကစားများ ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် ၎င်းတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အောင်သပြေကျေးရွာ Alpha ဘိလပ်မြေစက်ရုံစီမံကိန်း၌ ကျေးရွာသားများ ဆန္ဒပြရာမှ ရှုန်းရင်းဆန်ခတ်မှုဖြစ်ပွား

မန္တလေး မေ ၁၅

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာ၌ Alpha ဘိလပ်မြေစက်ရုံ စီမံကိန်းသို့ သွားရောက်သည့် အောင်သပြေ- သရက်ကိုင်းကျေးရွာချင်းဆက်လမ်းအား ပိတ်ဆို့ဆန္ဒဖော်ထုတ်မှုနှင့် ပတ်သက်၍ ယနေ့ နံနက် ၅ နာရီကျော်ခန့်တွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိုင်းလှထူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဆန္ဒဖော်ထုတ်သည့်နေရာသို့ ရောက်ရှိပြီး ဝင်ရောက်ဖမ်းဆီးရာ ဆန္ဒဖော်ထုတ်သူများနှင့် အနီးရှိ အောင်သပြေကျေးရွာမှ ရွာသားများက ရဲတပ်ဖွဲ့ဝင်များအား လေးခွဖြင့် ပစ်ခတ်ခြင်း၊ တုတ်များဖြင့် ပြန်လည်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆန္ဒဖော်ထုတ်သူများသည် မူလဆန္ဒဖော်ထုတ်သည့်နေရာမှ အောင်သပြေကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားပြီး နံနက် ၅ နာရီခွဲခန့်တွင် အောင်သပြေကျေးရွာအနီးရှိ Alpha ဘိလပ်မြေစက်ရုံစီမံကိန်း စက်ရုံအလုပ်သမားများ နားနေဆောင်သို့ ရောက်ရှိကာ လုံခြုံရေးဂိတ်တဲနှင့်အတွင်းရှိ မော်တော်ကားနှင့် မော်တော် ဆိုင်ကယ်တို့အား မီးရှို့ဖျက်ဆီးခဲ့ပြီး နံနက် ၉ နာရီခန့်တွင် ဆန္ဒဖော်ထုတ်သူများက ထပ်မံ၍ အလုပ်သမား နားနေဆောင်နှင့် အခြားပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သောကြောင့် မန္တလေးမြို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၅-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	-	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	-	Breakfast News
၇း၃၅	-	အပူဒဏ်အန္တရာယ် ကာကွယ်ရေး
၈း၃၅	-	"Travelling To Putao"
၉း၄၅	-	"ပျော်ဘွယ်မြို့နယ်ထဲက မဟာဆားတောင်ကျေးရွာသို့ အလည်တစ်ခေါက်"
၁၀း၃၀	-	သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့
၁၀း၃၅	-	အလုပ်သမားရေးရာ အစီအစဉ်
၁၁း၀၀	-	မြစ်မခမီဒီယာ(ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၂း၃၀	-	အာဆီယံထဲကမြို့ပြ
၁၄း၀၅	-	အပူဒဏ်ကြောင့်ကျန်းမာရေး ပြဿနာ
၁၄း၅၀	-	ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ် ဆီးချိုသွေးချို တက်လျှင် ဘယ်လိုကုသရမလဲ" (အပိုင်း-၁)

ညပိုင်း

၁၆း၂၀	-	လူကူးမျဉ်းကြား၊ အရှိန်လျှော့
၁၇း၃၀	-	လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅	-	မျက်မှောက်ရေးရာအဖြာဖြာ
၁၈း၅၀	-	အမှန်တိုင်းပြောပါ(အဂတိ)
၁၉း၁၅	-	မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၁) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
၂၀း၀၀	-	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
	-	ကမ်းပြို၊ မြေပြိုအန္တရာယ်နှင့် ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များ အသိပေးနှိုးဆော်ခြင်း
၂၀း၃၅	-	"ထူးခြားမှုများဝန်းရံခ သဘာဝရဲ့အလှဘုရင်မ"
	-	နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂၄)
	-	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)

ရွှေလောင်းမြစ်ကူး ဇက်ရေယာဉ်ပေါ်သို့တက်စဉ် မော်တော်ယာဉ်တစ်စီး မြစ်အတွင်းကျကာ ယာဉ်မောင်းသေဆုံး

ဝါးခယ်မ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာ၌ မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ရွှေလောင်းမြစ်ကူး ဇက်ရေယာဉ်ပေါ်သို့ တက်စဉ် ရေယာဉ်ခြေနင်းပြား ထိန်းကြိုး ပြတ်တောက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မြစ်တွင်းကျပြီး ယာဉ်မောင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေလောင်းကျေးရွာ ဇက်ဆိပ်ကမ်းတွင် ရွှေလောင်းတံတား ဆောက်လုပ်ရေး အထူးအဖွဲ့(၁၅)မှ ငှားရမ်းထားသည့်ယာဉ် ယာဉ်တန်ချိန် ၁၄ တန် ကွန်ကရစ်ဖျော်ရည်များ တင်ဆောင်လျက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာန မန္တလေးမြို့ဌာနခွဲပိုင် ရေနဂါး(၂) ဇက်ရေယာဉ်ပေါ်သို့ တက်စဉ် ဇက်ရေယာဉ်၏ ရှေ့ခြေနင်းပြား ထိန်းကြိုးများ ပြတ်တောက်သွားခဲ့ပြီး ဇက်ရေယာဉ်မှာ မြစ်ဘက်သို့ ကန်ထွက်သွားသဖြင့် နောက်သို့လျောကျနစ်မြုပ်သွားခဲ့သည်။

အဆိုပါ နစ်မြုပ်ခဲ့သည့် ယာဉ်နှင့်အတူ လှိုင်သာယာမြို့နယ်နေသူ ယာဉ်မောင်း ကိုကယားကြီး(ခ) ကိုဝင်းအောင် ပျောက်ဆုံးခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် တာဝန်ရှိသူများက နစ်မြုပ်ပျောက်ဆုံးခဲ့သည့် မော်တော်ယာဉ်နှင့် ယာဉ်မောင်းကို ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ သေဆုံးခဲ့သည့် ယာဉ်မောင်းအား ရဲဆေးစာဖြင့် ရွှေလောင်းဆေးရုံသို့ ပို့ဆောင်ပြီး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ မော်တော်ယာဉ်နှင့်အတူ ယာဉ်မောင်းသေဆုံးခဲ့မှုနှင့် ပတ်သက်၍ ဇက်ရေယာဉ်အား မဆင်မခြင် မောင်းနှင်သူ ရေယာဉ်အုပ်/ရေယာဉ်မောင်း ကျော်စန်းအား ရွှေလောင်း နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူ ထားကြောင်း သိရသည်။

လှမ်းသီဟ (ဝါးခယ်မ)

မူဆယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် လူနေအိမ်နှစ်လုံးမီးလောင်

မူဆယ် မေ ၁၅

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်(၄)လမ်း ညောင်ပင်ဈေးအနီးတွင် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခွဲခန့်က မီးကြွင်း မီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ စွမ်စော်ရပ်ကွက်(၄)လမ်းနေ ဦးစံလင်း၏ သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်တွင် ထမင်းချက်ပြီး ကျန်ရှိသည့် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်မီးလောင်ခဲ့ပြီး ၎င်းနေအိမ်မှတစ်ဆင့် ဦးခမ်းဆွဲထက်၏ နေအိမ်သို့ မီးကူးစက်လောင်သဖြင့် နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မူဆယ်မြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးနှင့်အဖွဲ့များ၊ ကောင်းမူလွယ်ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရစ်ယာန်ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စွမ်စော်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ရောက်ရှိလာပြီး မီးသတ်ယာဉ် ၁၀ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ **(အပေါ်ပုံ)** မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

အင်္ဂလိပ်ဘာသာလေ့ကျင့်ရေးကျောင်းတွင် မီးစက်မှ မီးခိုးငွေ့များကြောင့် မူးမေ့ခဲ့ရသည့် ဆရာမနှင့် စာသင်သားများအားလုံး ကျန်းမာလျက်ရှိ

ရန်ကုန် မေ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်အပေါ် ဗဟိုလမ်းနှင့် အောင်ဇေယျလမ်းထောင့်အနီး ပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် မေ ၁၄ ရက်က မီးမလာ၍ မီးစက်နှိုးပြီး မီးလာ၍ပြန်ပိတ်သည့်အခါ ထွက်ရှိလာသော မီးခိုးငွေ့များကြောင့် ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄ ဦးခန့်မှာ မူးမေ့ခဲ့သဖြင့် အင်းစိန်ဆေးရုံကြီးနှင့် ရန်ကုန်ဆေးရုံကြီးသို့ မရမ်းကုန်းမြို့နယ်အခြေပြု "မြန်မာ့ကြယ်ဖြူ" လူမှုကယ်ဆယ်ရေးအဖွဲ့ အပါအဝင် မိတ်ဖက်အရေးပေါ် လူနာတင်ယာဉ် ၁၈ စီးဖြင့် ပို့ဆောင်၍ ဆေးကုသ ဆောင်ရွက်ပေးခဲ့ကြရာ တစ်ဦးတစ်ယောက်မျှ မစိုးရိမ်ရခြင်း၊ ကျန်းမာရေးကောင်းမွန်နေခြင်းတို့ကြောင့် ယင်းနေ့တွင် နေအိမ်အသီးသီးသို့ ပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း "မြန်မာ့ကြယ်ဖြူ" တာဝန်ခံ ဦးလွင်မောင်ထံမှ သိရသည်။

အဆိုပါ ကျောင်းတာဝန်ခံမန်နေဂျာ ဆရာမ ဒေါ်ကေသီမြင့်က "ကျွန်မတို့ကျောင်းမှာ ဆရာမဦးရေက လေးယောက်၊ ကျောင်းသား ဦးရေက ကျား သုံးယောက်၊ မ ၁၈ ယောက်ပါ။ စုစုပေါင်း ၂၁ ယောက်ရှိပါတယ်။ အရင်ကလည်း မီးမလာရင် လုပ်နေကျပါ။ ခုလိုဖြစ်သွားတော့ ဆေးရုံပို့ ဆေးကုသခံဖို့ ကျွန်မကိုယ်တိုင် စိုးရိမ်စိတ်နဲ့ စီစဉ်လိုက်တာပါ။ ဆေးရုံသွားတာ ဆရာမလေးယောက်၊ ကျောင်းသား သုံးယောက်၊ ကျောင်းသူ ၁၂ ယောက် အားလုံး ၁၉ ယောက်ပေါ့။ ဒီနေ့ ကျောင်းပိတ်ထားပြီး စက်ဆရာနဲ့ စစ်ဆေးပါတယ်။ ဂက်စ်လည်း မပေါက်၊ ဆီလည်း မစိမ့်မယိုပါဘူး။ ဘာမှဖြစ်တာ မရှိဘူးလို့ စက်ဆရာက ပြောပါတယ်။ အကောင်းတိုင်းပါ။ တစ်နေ့လုံးတော့ ကျောင်းသား ကျောင်းသူ မိဘအိမ်တွေသွားကြည့်တယ်။ ဘာအကူအညီလိုသလဲလို့ လိုက်မေးတာ အားလုံးသက်သာပါတယ်။ အခု ည ၉ နာရီမှ ပြန်ရောက်တာပါပဲ"ဟု ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဗင်နီဇွဲလားအစိုးရက ပါလီမန်လွှတ်တော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ပိတ်ဆို့

ကရာကတ် မေ ၁၅

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုအစိုးရအဖွဲ့က ကွန်ဂရက်လွှတ်တော်အဆောက်အအုံကို ဝန်းရံပိတ်ဆို့ခဲ့သည်။ အတိုက်အခံ ခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက သမ္မတအား ပုန်ကန်ထကြွမှု အောင်မြင်ခြင်း မရှိခဲ့သည့်နောက် ရက်သတ္တနှစ်ပတ်အကြာ မေ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အတိုက်အခံဥပဒေပြုလွှတ်တော်အမတ်များ ပါလီမန်လွှတ်တော်အဆောက်အအုံအတွင်းသို့ မဝင်ရောက်နိုင်စေရန် တားဆီးပိတ်ဆို့ခဲ့သည်။

ထိုသို့ပိတ်ဆို့ခဲ့မှုကို အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက အစိုးရသည် အတိုက်အခံအများစုရှိသည့် ကွန်ဂရက်လွှတ်တော်ကို သိမ်းပိုက်ရန် ကြိုးပမ်းနေကြောင်း စွပ်စွဲပြောကြားခဲ့သည်။ ဥပဒေပြုအမတ်များအနေဖြင့် လွှတ်တော်အဆောက်အအုံအတွင်းသို့ ဝင်မြဲအတိုင်း ဆက်လက်ဝင်သွားကြရန် တိုက်တွန်းခဲ့ပြီး စစ်ဘက်တာဝန်ရှိသူများအနေဖြင့် အစိုးရဆန့်ကျင်သည့် လူထုစုဝေးချီတက်မှုတွင် ပူးပေါင်းပါဝင်ကြရန် ဆော်သြခဲ့သည်။

SEBIN ထောက်လှမ်းရေးသမားများနှင့်အတူ အဆောက်အအုံကို လုံခြုံရေးစောင့်ကြပ်နေသည့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက အတိုက်အခံအဖွဲ့ထိန်းချုပ်ထားသည့် အမျိုးသားလွှတ်တော်သို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ၎င်းတို့အနေဖြင့် ဗင်နီဇွဲလားအာဏာပိုင်များသည် အစိုးရဆန့်ကျင်သည့် ဆန္ဒပြပြည်သူများအပေါ် နှိပ်ကွပ်ရာမှ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်နေသည်ဟု ယုံကြည်ကြောင်းနှင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် နိုင်ငံတကာရာဇဝတ်မှုတရားရုံးသို့ တိုက်တွန်းလိုက်သည်။

အဆောက်အအုံအတွင်း၌ ပေါက်ကွဲစေတတ်သည့်ပစ္စည်းရှိသည်ဟူသော အကြောင်းပြချက်ဖြင့် SEBIN ထောက်လှမ်းရေးများက ဖက်ဒရယ် နန်းတော်သို့ ဝင်ရောက်လာခဲ့ကြောင်းနှင့် ဥပဒေပြုအမတ်များမှာ ထောက်လှမ်းရေးများ၏ ဝန်းရံထားခြင်းကို ခံခဲ့ရကြောင်း လွှတ်တော်အမတ် မာနျူလာဘိုလီဗာက အေအက်ဖ်ပီသတင်းသို့ ပြောကြားခဲ့သည်။

လတ်တလောတွင် ရုရှားနှင့် တရုတ်နိုင်ငံတို့က ကျောထောက်နောက်ခံပေးထားသည့် သမ္မတ မာဒူရိုနှင့် အမေရိကန်က ကျောထောက်နောက်ခံပေးထားသည့် အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုတို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်မည့်အခြေအနေကို မတွေ့ရသေးကြောင်း သိရသည်။

ဗင်နီဇွဲလားရဲတပ်ဖွဲ့က လွှတ်တော်အဆောက်အအုံအား ပိတ်ဆို့နေမှုကို တွေ့ရစဉ်။

အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက မိမိကိုယ်ကို ယာယီသမ္မတအဖြစ် ကြေညာလိုက်ပြီးနောက် နိုင်ငံအတွင်း အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများ ပေါ်ပေါက်လာချိန်တွင် မာဒူရိုအစိုးရအဖွဲ့က စနစ်ကျကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်သည့်မူဝါဒဖြင့် တုံ့ပြန်ခဲ့ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ပြောသည်။

ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအတွင်း လူ ၄၇ ဦးမကသေဆုံးခဲ့ပြီး ၎င်းတို့အနက် ၁၁ ဦးမှာ မလိုလားအပ်ဘဲ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ကြောင်း လန်ဒန်အခြေစိုက် လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့က ပြောကြားသည်။ ဆန္ဒပြပြည်သူ ၃၃ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ပြီး ခြောက်ဦးမှာ အစိုးရကို ထောက်ခံသူများ၏လက်ချက်ဖြင့် သေဆုံးခဲ့သည်။ မာဒူရိုအစိုးရကို ဆန့်ကျင်သူအချို့နှိပ်စက်ညှဉ်းပန်းခံရမှုများရှိပြီး ကလေးငယ်များအပါအဝင် ပြည်သူ ၉၀၀ ခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း လွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

တရုတ်နှင့် အမေရိကန်ကြား ကုန်သွယ်ရေးဆွေးနွေးပွဲပျက်သွားပြီဆိုသည့်သတင်းကို ထရမ့်ငြင်းဆို

ဝါရှင်တန် မေ ၁၅

တရုတ်နှင့် အမေရိကန်ကြား ကုန်သွယ်ရေးဆွေးနွေးမှု ပျက်သွားပြီဆိုသည့်သတင်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြင်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့စီးပွားရေးအကြီးဆုံး နှစ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲဟု အများစုက ခေါ်ဆိုနေကြသည့်အပေါ် အသေးအဖွဲ့အငြင်းပွားမှုအဖြစ် တုံ့ပြန်ပြောကြားလိုက်သည်။

ကုန်သွယ်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးမှုများ နှစ်နိုင်ငံကြားတွင် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်မြက်ခင်းပြင်တွင် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားနေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ရခါနီး အခြေအနေသို့ ရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံဘက်က သဘောထားမတိုက်ဆိုင်သဖြင့် ဆွေးနွေးမှုအဆုံးသတ်လုလုဖြစ်ခဲ့ကြောင်း ယမန်နေ့က အမေရိကန်သမ္မတ အိမ်ဖြူတော်မြက်ခင်းပြင်တွင် သမ္မတက ပြောကြားခဲ့သည်။

ထို့ကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် တရုတ်နှင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ထပ်တိုးလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိများက ပြောသည်။

သမ္မတထရမ့်၏ မှတ်ချက်စကားထွက်ပေါ်လာပြီးနောက်ပိုင်း နာရီအနည်းငယ်အကြာတွင် အထက်လွှတ်တော်အမတ်အများစု ခေါင်းဆောင် မစ်ချ်မက်ကွန်နဲလ်က ကုန်သွယ်ရေးစစ်ပွဲတွင် မည်သူမျှ အနိုင်မရရှိကြောင်း သတင်းထောက်များကို ပြောခဲ့သည်။

အေအက်ဖ်ပီ

အိန္ဒိယရွေးကောက်ပွဲ ပြိုင်ဆိုင်မှုပြင်းထန်ချိန်တွင် အင်အားကြီးပါတီနှစ်ခုကြား တင်းမာမှုမြင့်တက်

နယူးဒေလီ မေ ၁၅

အမျိုးသားရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မှုများပြင်းထန်နေချိန်တွင် အိန္ဒိယနိုင်ငံ၏ အရေးပါသောမြို့ဖြစ်သည့် ကိုလ်ကတ္တားမြို့တွင် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကို ထောက်ခံသူများနှင့် အတိုက်အခံခေါင်းဆောင်ကို ထောက်ခံသူများအကြား တင်းမာမှုများ မြင့်တက်လာလျက်ရှိသည်။

ယမန်နေ့က လမ်းပေါ်ထွက်ဆူပူမှုများကြောင့် လူ ၁၂ ဦးကျော် ဖမ်းဆီးခံခဲ့ရသည်။ ယခုဖြစ်ပွားသည့် ဆူပူမှုများသည် ဘာရာတီယာဂျာနာတာပါတီ (ဘီဂျေပီ) နှင့် ထရိုင်နာမူးကွန်ဂရက် (တီအမ်စီ) ပါတီများအကြား ဖြစ်ပွားသော မကျေနပ်မှုများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ပွားခဲ့သည့် ဆူပူမှုများသည် တနင်္ဂနွေနေ့တွင် အဆုံးသတ်မည်ဖြစ်သော ရက်သတ္တခြောက်ပတ်ကြာ ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပွားသော ဆိုးရွားသည့် ဆူပူမှုများဖြစ်သည်။

မိုဒီ၏ ဘီဂျေပီပါတီသည် ပါလီမန်တွင် အမတ်လောင်းနေရာ ၄၂ နေရာ ရရှိရန် မျှော်လင့်ထားသည်။ အိန္ဒိယရွေးကောက်ပွဲလေ့လာသူများက မိုဒီပါတီနှင့် တီအမ်စီပါတီကြား ဖြစ်ပွားသော ရန်လိုမှုများသည် ရွေးကောက်ပွဲကာလအတွင်း အဆိုးရွားဆုံးယှဉ်ပြိုင်မှုတစ်ခုဖြစ်သည်ဟု ပြောသည်။

မိုဒီသည် ၂၀၁၄ ခုနှစ်တွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိသည်။ အနောက်ဘင်္ဂလားတွင် မိုဒီ၏ လုပ်ဆောင်မှုများကြောင့် ၎င်း၏ ဒုတိယအကြိမ်သက်တမ်းအတွက် အခွင့်အလမ်းပိုမိုရရှိလာခဲ့သည်။

အေအက်ဖ်ပီ

အာဏာလွှဲပြောင်းရေးအတွက် အပြောင်းအလဲကာလသုံးနှစ်သတ်မှတ်ရန် ဆူဒန်စစ်ဘက်အကြီးအကဲများနှင့် ဆန္ဒပြခေါင်းဆောင်များ သဘောတူ

ခါတွန် မေ ၁၅

အုပ်ချုပ်ရေးအာဏာကို အရပ်သားအစိုးရလက်သို့ အပြည့်အဝလွှဲပြောင်းပေးရန်အတွက် အပြောင်းအလဲကာလ သုံးနှစ်သတ်မှတ်ရန် ဆူဒန်တပ်မတော်အကြီးအကဲများနှင့် ဆန္ဒပြခေါင်းဆောင်တို့အကြား မေ ၁၅ ရက်တွင် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အချုပ်အခြာအာဏာစိုးမိုးရေးအဖွဲ့သစ်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးနေမှုများ ပြီးဆုံးခြင်းမရှိသေးသော်လည်း စစ်ဘက်အကြီးအကဲများနှင့် ဆန္ဒပြခေါင်းဆောင်များအကြား ထိုသို့ သဘောတူညီခဲ့ခြင်းဖြစ်သည်။ ရာထူးမှဖြုတ်ချခံလိုက်ရပြီဖြစ်သည့် သမ္မတဟောင်း အိုမာအယ်လ်ဘာရှာ၏ အနှစ် ၃၀ ကြာ စိုးမိုးအုပ်ချုပ်ခဲ့မှုအပြီးတွင် အရပ်သားဦးဆောင်သည့် အစိုးရအပြောင်းအလဲတစ်ရပ်ကို ဆန္ဒပြပြည်သူများက တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း အိုမာအယ်လ်ဘာရှာကို ဖြုတ်ချခဲ့သည့် တပ်မတော်အကြီးအကဲများက နိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍတွင် ဆုပ်ကိုင်ထားဆဲဖြစ်သည်။

နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများကို ယခုရက်သတ္တပတ်အစောပိုင်းတွင် ပြန်လည်စတင်ခဲ့သော်လည်း ခါတွန်ရှိ ကာကွယ်ရေးဝန်ကြီးရုံးအပြင်ဘက်တွင် အမည်မသိသေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် စစ်ဘက်အကြီးအကဲတစ်ဦးနှင့် ဆန္ဒပြပြည်သူငါးဦးသေဆုံးခဲ့ပြီးနောက် ညှိနှိုင်းဆွေးနွေးမှုများ အနှောင့်အယှက်ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် ဆန္ဒပြခေါင်းဆောင်များနှင့် စစ်ဘက်အကြီးအကဲများ ၁၂ နာရီနီးပါးကြာအောင် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် အပြောင်းအလဲကာလ သုံးနှစ်ထားရှိရေး သဘောတူညီချက်ရရှိခဲ့ကြောင်း မေ ၁၅ ရက်တွင် နှစ်ဖက်စလုံးက ထုတ်ပြန်ကြေညာခဲ့သည်။

အေအက်ဖ်ပီ

ဆန္ဒပြပြည်သူများက ကားတာယာများကို မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

ဂျပန်တောင်ပိုင်း အမာမီအိုရှီမာကျွန်းတွင် ငလျင်လှုပ်ခတ်

တိုကျို မေ ၁၅

ဂျပန်နိုင်ငံတောင်ပိုင်း အမာမီအိုရှီမာကျွန်း၏ အရှေ့မြောက်ဘက်တွင် အင်အား ၅ ဒသမ ၅ ရစ်ချ်တာစကေးရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက မေ ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။ ငလျင်သည် ဒေသစံတော်ချိန် ၂ နာရီ ၃၄ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အနက်အားဖြင့် ၃၀ ကီလိုမီတာရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကို အဆင့် ၃ အဖြစ်မှတ်တမ်းတင်ခဲ့သည်။ ကာဂိုရှီမာစီရင်စု၌လည်း ငလျင်ဒဏ်ခံစားခဲ့ရကြောင်း သိရသည်။ ငလျင်လှုပ်ခတ်ပြီးနောက် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်းမရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

ဆင်ဟွာ

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရန် အမေရိကန်နှင့် ရုရှား သဘောတူညီ

မော်စကို မေ ၁၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယားအရေးကိစ္စအပါအဝင် တခြားသောအကြောင်းအရာများတွင် ရုရှားနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် အတည်ပြုခဲ့ကြောင်း သိရသည်။

မိုက်ပွန်ပီအိုသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်၊ သမ္မတဗလာဒီမာပူတင်တို့နှင့်အတူ ရုရှားနိုင်ငံတောင်ပိုင်း ဆိုချီအပန်းဖြေစခန်းတွင် တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံခဲ့ရာတွင် မိုက်ပွန်ပီအိုက ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ပြည့်ဝသည့် ဆက်ဆံရေးကို ထူထောင်လိုကြောင်းနှင့် လိုအပ်သည့် အခြေအနေအချိန်အခါ ကျရောက်လာစေရန် မျှော်လင့်နေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နှင့် ရုရှားတို့အကြား ဆက်ဆံရေးသည် စစ်အေးခေတ်ပြီးဆုံးချိန်မှစတင်ကာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

သို့သော်လည်း ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွင်း ရုရှားပါဝင်ပတ်သက်မှုရှိသည်ဟု စွပ်စွဲထားမှုတွင် အမေရိကန်အထူးအကြံပေးအဖွဲ့က ၎င်း၏ အထောက်အထားဖော်ပြမှုကို အဆုံးသတ်လိုက်ပြီးနောက် ဆက်ဆံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာစေမည့် ဆောင်ရွက်မှုများ ရှိလာခဲ့သည်။

အင်န်အိတ်ချ်ကေ

အရှေ့အလယ်ပိုင်းဒေသကို အမေရိကန်တပ်ဖွဲ့ဝင်တွေ စေလွှတ်ဦးမှာလား

ချိုးစန္ဒီနွေး

ပြီးခဲ့တဲ့ မေ ၉ ရက်တုန်းက ကျင်းပခဲ့တဲ့ အမေရိကန်သမ္မတ ထရမ့်ရဲ့ အမျိုးသားလုံခြုံရေး ထိပ်တန်းအရာရှိကြီးတွေ တွေ့ဆုံပွဲမှာ အမေရိကန် ကာကွယ်ရေးဝန်ကြီးတာဝန်ယူထားတဲ့ ပက်ထရစ် ရှာနာဟန်က အရှေ့အလယ်ပိုင်းဒေသကို အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀၀ ခန့်စေလွှတ်မယ့် စစ်ရေးအစီအစဉ်ကို တင်ပြခဲ့ပါတယ်။ အီရန်က အရှေ့အလယ်ပိုင်းမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်လာတာ ဒါမှမဟုတ် နျူကလီးယားလက်နက်ကို ရှေ့ဆက်လုပ်ကိုင်တာမျိုးလုပ်လာခဲ့ရင် တုံ့ပြန်နိုင်ဖို့ အစီအစဉ်လည်း ဖြစ်ပါတယ်။ ဒီလိုမျိုးဆွေးနွေးကြတာကို သဘောထားတင်းမာတဲ့ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်အာဘော်တန်က စီစဉ်ခဲ့တာ ဖြစ်ပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်အာဘော်တန်

သဘောထားတင်းမာသူ

မစ္စတာ ဘော်တန်ဟာ အီရန်နိုင်ငံနဲ့ ပတ်သက်လာရင် သဘောထားတင်းမာသူဖြစ်ပြီး အီရန်နဲ့ ထိပ်တိုက်ရင်ဆိုင်လိုတဲ့သူလည်း ဖြစ်ပါတယ်။ အီရန်နဲ့ ထိပ်တိုက်တွေ့မယ့် အစီအစဉ်ကို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ခန့် သမ္မတ ဂျော့ဒဗယ်လျူဘုရှ်လက်ထက်ကတည်းက လျစ်လျူရှုခံထားရတာပဲ ဖြစ်ပါတယ်။ မစ္စတာ ဘော်တန်ဟာ ၂၀၁၈ ခုနှစ်မှာ အမျိုးသားလုံခြုံရေးအကြံပေးစဖြစ်ကတည်းက အီရန်ကို အထီးကျန်ဖြစ်စေမယ့် ဖိအားတွေပေးခဲ့ပါတယ်။ ဂျော့ဒဗယ်လျူဘုရှ်အစိုးရအဖွဲ့မှာ လုပ်စဉ်ကတည်းက အီရန်ခေါင်းဆောင်တွေအပေါ် သူ့ရဲ့သဘောထားက အတော်လေးတင်းမာပါတယ်။

သဘောထားကွဲလွဲနေကြ

သမ္မတ ထရမ့်ဟာ ဆီးရီးယားနဲ့ အာဖဂန်နစ္စတန်တို့မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ပြန်လည်ရုပ်သိမ်းချင်နေပါတယ်။ ဒီလိုမျိုး သဘောထားရှိတဲ့ ထရမ့်ဟာ အရှေ့အလယ်ပိုင်းကို နောက်ထပ်တပ်ဖွဲ့ဝင်တွေ ထပ်ပြီးစေလွှတ်ဖို့ ဆန္ဒရှိပါဦးမလားဆိုတာကတော့ သေချာမသိရပါဘူး။ တပ်ဖွဲ့ဝင်တွေနဲ့ ပတ်သက်ပြီး အသေးစိတ်အစီအစဉ်တွေကို ထရမ့်က ညွှန်ကြားခဲ့သလားဆိုတာလည်း မသေချာပါဘူး။ အစိုးရအဖွဲ့အတွင်းမှာကိုပဲ အီရန်နဲ့ပတ်သက်ပြီး သဘောထားတွေ ကွဲလွဲကြပါတယ်။ အီရန်ဟာ သူ့ရဲ့နျူကလီးယားအစီအစဉ်ကို ပြန်လုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့မှုရယ်၊ အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ရဲ့ပါဝင်ပတ်သက်မှုတွေကြောင့် သဘောထားတင်းမာမှုတွေဟာ တဖြည်းဖြည်း မြင့်တက်လာပါတယ်။ အီရန်ဘက်ကနေ ဘယ်လိုမျိုးအန္တရာယ်များတဲ့ ခြိမ်းခြောက်မှုတွေ ဖြစ်လာမလဲဆိုတာကို အမေရိကန်အဆင့်မြင့်အရာရှိကြီးအချို့က ခန့်မှန်းနေကြပါတယ်။ အခြားအရာရှိကြီးတွေကတော့ လက်ရှိနှစ်နိုင်ငံကြားအခြေအနေတင်းမာမှုတွေကို သံတမန်နည်းလမ်းအရသာ အဖြေရှာသင့်တယ်လို့ တိုက်တွန်းကြပြန်ပါတယ်။

ဥရောပခေါင်းဆောင်များက စိုးရိမ်

အီရန်နဲ့ အမေရိကန်တို့ကြား အခြေအနေတွေ တင်းမာနေတာကို ဥရောပခေါင်းဆောင်တွေကလည်း စိုးရိမ်ကြပါတယ်။ ပြီးခဲ့တဲ့တနင်္လာနေ့မှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနဲ့ ဥရောပခေါင်းဆောင်တွေ တွေ့ဆုံခဲ့ကြပါတယ်။ အဲဒီလို တွေ့ဆုံခဲ့ကြစဉ်မှာလည်း လက်ရှိအခြေအနေတွေကို ဖြေလျှော့နိုင်ဖို့ အမေရိကန်ဘက်က သဘောထားကြီးမှုကို ပြသပါလို့လည်း တောင်းဆိုခဲ့ကြပါတယ်။ အမေရိကန်အမျိုးသားလုံခြုံရေးအရာရှိတွေ ရှင်းလင်းပြတဲ့ စစ်ရေးအစီအစဉ်မှာဆိုရင် အရှေ့အလယ်ပိုင်းဒေသကို လွှတ်မယ့် တပ်ဖွဲ့ဝင်အရေအတွက်ဟာ အံ့သြဖို့ကောင်းပါတယ်။ ၂၀၀၃ ခုနှစ်က အီရတ်ကို အမေရိကန်တွေ ကျူးကျော်တုန်းက အရေအတွက်နီးပါးလောက်ရှိပါတယ်။ အီရတ်ကို ဝင်ရောက်တုန်းက အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ဟာ ၁၃၀၀၀၀ ခန့်ရှိပါတယ်။ ၂၀၁၁ ခုနှစ် အမေရိကန်သမ္မတ ဘားရက်အိုဘားမားလက်ထက်မှာ အရှေ့အလယ်ပိုင်းမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချခဲ့ပြီး အီရတ်မှာရှိတဲ့ တပ်ဖွဲ့ဝင်တွေကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ အခု အရှေ့အလယ်ပိုင်းဒေသကို တပ်ဖွဲ့ဝင်တွေ ထပ်ပြီးစေလွှတ်ခဲ့မယ်ဆိုရင် အိုဘားမားလက်ထက်တုန်းက အခြေအနေနဲ့ ပြောင်းပြန်ဖြစ်နေမှာပါ။

ရေနံတင်သင်္ဘောတွေ တိုက်ခိုက်ခံရ

သမ္မတ ထရမ့်ဟာ ပြီးခဲ့တဲ့ဒီဇင်ဘာတုန်းက ဆီးရီးယားမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ပြန်လည်ခေါ်ယူဖို့ ကြေညာခဲ့တဲ့နောက်မှာတော့ အရှေ့အလယ်ပိုင်းဒေသမှာ ရေတပ်ရဲ့ပါဝင်မှုကိုလည်း လျှော့ချခဲ့ပါတယ်။ ဒီလိုပြုလုပ်လိုက်ခြင်းအားဖြင့် အီရန်ခေါင်းဆောင်တွေကို ရဲဆေးတင်ပေးလိုက်သလိုပဲလို့ အမေရိကန်အမျိုးသားလုံခြုံရေးအရာရှိနှစ်ဦးက ပြောပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တုန်းကလည်း ယူအေအီးကမ်းရိုးတန်းနားမှာရှိတဲ့ ရေနံတင်သင်္ဘောအချို့ဟာ အကြောင်းမဲ့သက်သက် တိုက်ခိုက်ခံရပြန်ပါတယ်။ ဒါကြောင့်လည်း ပင်လယ်ကွေ့ဒေသ သင်္ဘောသွားလာမှုမှာ စိုးရိမ်မှုတွေ တိုးလာပါတယ်။ ယူအေအီးအရာရှိတွေကတော့ ဘယ်သူတွေက ဒီလိုမျိုးတိုက်ခိုက်သွားတာလည်းလို့ စုံစမ်းကြပါတယ်။

အမေရိကန်၏ သံသယ

အမေရိကန်ကတော့ အီရန်ရဲ့လက်ချက်လားလို့ သံသယဝင်ပါတယ်။ ဒါပေမယ့်လည်း ဒီကိစ္စမှာ အီရန်ရဲ့ပါဝင်မှုကို မတွေ့ရသလို အီရန်ကထောက်ပံ့ပေးထားတဲ့ အဖွဲ့အစည်းတွေရဲ့ပါဝင်ပတ်သက်မှုကိုလည်း မတွေ့ရပါဘူး။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူကတော့ ဒီဖြစ်ရပ်ဟာ အလွန်စိတ်မကောင်းစရာဖြစ်ရပ်လို့ ပြောဆိုခဲ့ပါတယ်။

ဘရပ်ဆဲလ်မြို့မှာတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့က နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့သလို အီးယူအဖွဲ့ရဲ့ နိုင်ငံခြားရေးရာမူဝါဒ အကြီးအကဲဖြစ်သူ ဖီဒရီကာ မိုဟီရီနီနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ လက်ရှိအခြေအနေတွေဟာ အီရန်နဲ့ ပဋိပက္ခဖြစ်တဲ့ဆီကို ဦးတည်နိုင်တဲ့အတွက် အမေရိကန်ဘက်က ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ဖို့ ဥရောပခေါင်းဆောင်တွေက တိုက်တွန်းခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်ကလည်း လက်ရှိအခြေအနေတွေကနေ ပိုဆိုးလာမှာကို စိုးရိမ်မိတယ်လို့ ပြောပါတယ်။

စာချုပ်ဆက်လက်ထိန်းသိမ်းသွားဖို့ တောင်းဆို

အီရန်အစိုးရဘက်ကတော့ ကြမ်းကြမ်းတမ်းတမ်းခြိမ်းခြောက်မှုတွေ မလုပ်ခဲ့ပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့သီတင်းပတ်ကတော့ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက အီရန်ဟာ နျူကလီးယားစာချုပ်ကနေ ထွက်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ အမေရိကန်ကတော့ လွန်ခဲ့တဲ့ တစ်နှစ်ခန့်ကစပြီး အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ နုတ်ထွက်ခဲ့တာပါ။ ဒါပေမယ့် ဥရောပနိုင်ငံတွေကတော့ အီရန်အနေနဲ့ ဒီစာချုပ်ကို ဆက်လက်ထိန်းသိမ်းသွားဖို့နဲ့ သမ္မတထရမ့်ရဲ့ အပြုအမူတွေကို လျစ်လျူရှုဖို့ တိုက်တွန်းကြပါတယ်။

ပဋိပက္ခမဖြစ်စေလို

အီရန်နဲ့ပတ်သက်ပြီး ပင်တဂွန်ရဲ့ အစီအစဉ်တွေကို ပြန်လည်သုံးသပ်တဲ့ပွဲကိုတော့ မစ္စတာရှာနာဟန်၊ မစ္စတာ ဂျွန်ဘော်တန်၊ စီအိုင်အေညွှန်ကြားရေးမှူးနဲ့ အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပါတယ်။ အမေရိကန်သမ္မတဟာ အီရန်နဲ့ စစ်ရေးအရ ပဋိပက္ခဖြစ်ဖို့ စိတ်မဝင်စားပါဘူး။ အီရန်ခေါင်းဆောင်ပိုင်းတွေနဲ့ ဆွေးနွေးသွားချင်တာလို့ အမျိုးသားလုံခြုံရေးကောင်စီက ပြောရေးဆိုခွင့်ရှိသူ ဂါရတ် မာကွစ်က ပြောပါတယ်။

လက်တုံ့ပြန်ဖို့ လက်မခံ

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းမှာတော့ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှာရှိတဲ့ အမေရိကန်သံရုံးကို အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ စစ်သွေးကြွတွေက ဝင်ရောက်ပစ်ခတ်ခဲ့ပါတယ်။ အဲဒီတုန်းကလည်း အီရန်ကို လက်တုံ့ပြန်ဖို့ မစ္စတာဘော်တန်က တောင်းဆိုခဲ့ပါတယ်။ အဲဒီတုန်းက ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နဲ့ အခြားတပ်မှူးတွေဟာ အီရန်ကို လက်တုံ့ပြန်ဖို့ အစီအစဉ်ကို လက်မခံခဲ့ကြပါဘူး။ ကျိုးကြောင်းမဆီလျော်ဘူးဆိုပြီး ငြင်းဆိုခဲ့ကြပါတယ်။ အခုအချိန်မှာလည်း အီရန်နဲ့ အမေရိကန်တို့ရဲ့ဆက်ဆံရေးဟာ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တာမျိုးမဟုတ်ဘဲ သံတမန်နည်းလမ်းအရ အဖြေရှာနိုင်ဖို့ အကောင်းဆုံးနည်းလမ်းဖြစ်လာမှာပါ။ ။

ကိုးကား- နယူးယောက်တိုင်းမ်

> **"မစ္စတာ ဘော်တန်ဟာ ၂၀၁၈ ခုနှစ်မှာ အမျိုးသားလုံခြုံရေးအကြံပေးစဖြစ်ကတည်းက အီရန်ကို အထီးကျန်ဖြစ်စေမယ့် ဖိအားတွေပေးခဲ့ပါတယ်။ ဂျော့ဒဗယ်လျူဘုရှ်အစိုးရအဖွဲ့မှာ လုပ်စဉ်ကတည်းက အီရန်ခေါင်းဆောင်တွေအပေါ် သူ့ရဲ့သဘောထားက အတော်လေးတင်းမာပါတယ်"**

တနင်္သာရီတိုင်းဒေသကြီး MSME Action Plan ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ထားဝယ်မြို့၌ကျင်းပ

ထားဝယ် မေ ၁၅

တနင်္သာရီတိုင်းဒေသကြီး MSME Action Plan ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ထားဝယ်မြို့ ဆန်းချိုတိုးချဲ့ရပ် ကမ်းနားလမ်းရှိ DDPC Shopping Centre ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ၁၀-၄-၂၀၁၈ရက်တွင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လိုအပ်ချက်အရ ၁၈-၁၁-၂၀၁၈ ရက်တွင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ဖွံ့ဖြိုးရေးအတွက် MSME Action Plan ရေးဆွဲရာတွင် ဒေသတွင်းမှလုပ်ငန်းကဏ္ဍအလိုက် Start Up Position မှ ရေရှည်ရပ်တည်နိုင်သည့် ဈေးကွက်အခွင့်အလမ်းသို့ ရောက်ရှိသည်အထိ (VCA) Value Chain Analysis စနစ်ချိတ်ဆက်မှုဖြင့် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ယခုတက်ရောက်လာသော MSME Agency အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ MSME လုပ်ငန်းရှင်များ အားလုံး ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှသာ ကောင်းမွန်သည့် MSME Action Plan ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ MSME Action Plan အလုပ်ရုံ ဆွေးနွေးပွဲဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးကြသော MSME ဗဟိုအေဂျင်စီ၊ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသော ဂျာမနီနိုင်ငံမှ (K.A.S) နှင့် (NEI) National Enlightenment Institute တို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

MSME Action Plan ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

ထို့နောက် နေပြည်တော်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်ထူးက MSME နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲအောင်မြင်အောင် ဝိုင်းဝန်းကူညီပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ MSME လုပ်ငန်းများသည်တိုင်းပြည်၏ လုပ်ငန်းများကို များစွာဖွံ့ဖြိုးတိုးတက်စေကြောင်း၊ ချေးငွေရရှိမှု၊ နည်းပညာရရှိမှု အခွင့်အရေးများကို ရရှိစေမည်ဖြစ်ကြောင်း၊ MSME နှင့် လုပ်ငန်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး မူဝါဒ (၁၇)ချက်အပေါ် မူတည်၍ဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းရိုးတန်းဒေသဖြစ်သောကြောင့် MSME လုပ်ငန်းများဖြင့် ဆောင်ရွက်ပါက ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ အကောင်အထည်ပေါ်လာရေး ဝိုင်းဝန်းအကြံပေး ဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။ ဆွေးနွေးပွဲကို မေ ၁၅ ရက် အထိ ကျင်းပကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

မြေချဉ်ပြုပြင်ဆေးရည် အခမဲ့လှူဒါန်းပွဲကျင်းပ

ရေတာရှည် မေ ၁၅

ရေတာရှည်မြို့နယ် စိုင်တမော့ကြီး ကျေးရွာဓမ္မာရုံ၌ ဒေသခံတောင်သူများအတွက် မြေချဉ်ပြုပြင်ဆေးရည် အခမဲ့လှူဒါန်းပွဲကို ယနေ့ နံနက်က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် တောင်သူလယ်သမားများဖြစ်ပြီး တောင်သူလယ်သမားများ၏ လူနေမှုဘဝ အခြေအနေကို မြှင့်တင်ပေးနိုင်မှ သာ တိုင်းပြည်၏ စီးပွားရေးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၃၃ သိန်းကျော်ရှိပြီး စိုက်ပျိုးရေးကို အခြေပြုသည့် တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တောင်သူလယ်သမားများ၏ လူနေမှုဘဝများ အဘက်ဘက်မှ နိမ့်ကျခဲ့ရကြောင်း၊ ယခုလို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအတွက် မြေချဉ်ပြုပြင်ဆေးရည် လာရောက်လှူဒါန်းပေးသော Crown Company ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က မြေချဉ်ရခြင်းအကြောင်းရင်းနှင့် ဆေးရည်အသုံးပြုခြင်း နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး Crown Company ဥက္ကဋ္ဌ ဦးသိန်းကျော် (ခ)ဦးချစ်က တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် မြေချဉ်ပြုပြင်ဆေးရည် ၈၉၃၅၀ လီတာ၊ တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၂၇၃၀ ကျော် ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ဟိန်းထက် (ပဲခူး)

မြေချဉ်ပြုပြင်ဆေးရည် အခမဲ့ လှူဒါန်းပွဲသို့ တက်ရောက်လာသော တောင်သူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းရှင်းနီးနီး ရှင်းလင်းပြောကြားစဉ်။

ကျောက်စိမ်း/ကျောက်မျက်အရောင်းပြပွဲအား ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မြစ်ကြီးနား၌ ကျောက်စိမ်း/ ကျောက်မျက် အရောင်းပြပွဲ ကျင်းပ

မြစ်ကြီးနား မေ ၁၅

မြစ်ကြီးနား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ကျောက်စိမ်း၊ ကျောက်မျက် အရောင်းပြပွဲကို မေ ၁၄ ရက် နံနက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ကျောက်စိမ်း/ကျောက်မျက် အရောင်းဆိုင်ဝင်းအတွင်း ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တာဝန်ရှိသူများက ကျောက်စိမ်းအရောင်းပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ဒေသတွင်း ကျောက်မျက်ရတနာများ ထွက်ရှိသော်လည်း အချောထည်လုပ်ငန်း၏ နည်းပညာအားနည်းချက်နှင့် ဈေးကွက်ရှာဖွေရန် အားနည်းချက်များကြောင့် ထိုက်သင့်သလောက်အကျိုးအမြတ် မရရှိခဲ့ကြောင်းနှင့် ဆက်လက်၍ အချောထည်နည်းပညာရရှိစေရေး၊ ဈေးကွက်ရရှိစေရေးစသည့်လုပ်ငန်းများ တည်ဆောက်၍ အောင်မြင်သည့် အကျိုးခံစားခွင့်များ ရရှိလာစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယအကြိမ်မြောက် ကျောက်စိမ်း၊ ကျောက်မျက်အရောင်းပြပွဲကို မေ ၁၈ ရက်အထိ ကျောက်မျက်အတွဲပေါင်း ၄၉၅ တွဲကို ကြမ်းခင်းဈေး ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားကာ ဈေးပြိုင်လေလံစနစ်ဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် မောက်မယ်မြို့နယ် OSS ရုံးနှင့် တည်ဆောက်ဆဲတံတားများ ကြည့်ရှုစစ်ဆေး

မောက်မယ် မေ ၁၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၃ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့ OSSရုံးကို ဝင်ရောက်ကြည့်ရှု၍ ဒေသခံပြည်သူများက အိမ်ထောင်စုဇယား လာရောက်ဆောင်ရွက်နေသည်ကို အားပေးစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆောင်ရွက်ပြီးသော အိမ်ထောင်စုဇယားများကို ဒေသခံပြည်သူများထံ ပေးအပ်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုးနဲ - မောက်မယ် တံတားအမှတ် (၂/၂၇) တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကာ လမ်းတံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်း၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ မိုးနဲ-မောက်မယ် တံတားသည် အုတ်မြစ်တံတားဖြစ်၍ တံတားအရှည် ပေ ၆၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီ ဖြစ်ပြီး တံတားခံနိုင်ဝန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် ကျွန်းတောင် - ကျောက်တလုံးကြီး- နောင်ယာဆိုင်း - ဆိုက်ခေါင်-မောက်မယ် လမ်း တံတားအမှတ်(၉/၇၅) ပွန်ချောင်းတံတားတည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုခဲ့သည်။

အဆိုပါ ပွန်ချောင်း တံတားသည် အုတ်မြစ်တံတားဖြစ်၍ တံတားအရှည် ပေ ၁၉၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွား လမ်းအကျယ် တစ်ဖက် ၃ ပေစီဖြစ်ပြီး တံတားခံနိုင်ဝန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

မောက်မယ်မြို့နယ် OSS ရုံးသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။

သီးနှံပင်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်နိုင်သောစက်ရုံများ တည်ဆောက်မည်

မန္တလေး မေ ၁၅

သီးနှံပင်များ၏ ပင်စည်နှင့် ကိုင်းဖျားကိုင်းနားများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးမည့် စက်ရုံများ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဂရိတ်ဝေါလ် အင်တာနေရှင်နယ်ကုမ္ပဏီမှ အကြံပေးနှင့် စီမံကိန်းဒါရိုက်တာ ဦးတင်မောင်အုန်းက ပြောသည်။

တည်ဆောက်ရန်လျာထားသော ဓာတ်အားပေးစက်ရုံနမူနာပုံစံကို တွေ့ရစဉ်။

သီးနှံပင်များ၏ ပင်စည်နှင့် ကိုင်းဖျားကိုင်းနားများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် စက်ရုံများကို မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ တကောင်း-ကြာညှပ်၊ မြစ်သားနှင့် ဝက်လပက်-စ တောင်တို့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး အခြေခံ ကုန်ကြမ်းအဖြစ် စွမ်းအင်မြက်၊ စပ်မျိုးအစေ့ကြား ကြက်ဆူ (ပင်စည်၊ ပင်ကိုင်း)၊ ပဲစင်းငုံ (ပင်စည်၊ ပင်ကိုင်း)၊ နှမ်း(ပင်စည်၊ ပင်ကိုင်း)၊ အကြီးမြန်ယူကလစ် (ငါးနှစ်ပြည့် ကိုင်းဖျားကိုင်းနား)တို့ကို အသုံးပြုသွားမည်ဖြစ်ကာ လက်ရှိတွင် ၆၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပါက ကုန်ကြမ်းလောင်စာ မည်မျှလိုအပ်သည်အထိ တွက်ချက်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ကြမ်းများအနက် စွမ်းအင်မြက်၊ စပ်မျိုးအစေ့ကြားကြက်ဆူ၊ အကြီးမြန် ယူကလစ်တို့ကို ဂရိတ်ဝေါလ်ကုမ္ပဏီမှ စိုက်ပျိုးထားရှိပြီး ပဲစင်းငုံ (ပင်စည်၊ ပင်ကိုင်း)၊ နှမ်း (ပင်စည်၊ ပင်ကိုင်း)နှင့် အကြီးမြန် ယူကလစ် (ငါးနှစ်ပြည့် ကိုင်းဖျားကိုင်းနား)တို့ကို ဒေသခံတောင်သူများထံမှ ဝယ်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီစက်ရုံတွေကို တည်ဆောက်နိုင်ဖို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက စက်ရုံနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြထားပြီးဖြစ်ပါတယ်။ လက်ရှိမှာတော့ ခွင့်ပြုချက်ရရှိဖို့ စောင့်ဆိုင်းနေပြီး ခွင့်ပြုချက်ရရင်တော့ တရုတ်နည်းပညာနဲ့ တစ်နှစ်ခွဲအတွင်း စက်ရုံတွေကို တည်ဆောက်သွားမှာပါ။ ဘယ်လို သီးနှံကပဲ ဖြစ်ဖြစ်ထွက်လာမယ့် အမှိုက်တွေကို မီးရှို့ပစ်ရမယ့်အတူတူ အခုလိုလောင်စာအဖြစ်ပြန်အသုံးပြုနိုင်မှာပါ။ လယ်ယာစိုက်ခင်းတွေကထွက်ရှိလာတဲ့ သီးနှံတွေရဲ့ ပင်စည်နဲ့ ကိုင်းဖျားကိုင်းနားတွေကို ကုန်ကြမ်းအဖြစ် အသုံးပြုသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါစက်ရုံများကို တောင်သူများ၏ လယ်ယာစိုက်ခင်းများမှ ထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များကို ရောင်းချနိုင်ရန်၊ သီးနှံများ ပိုမိုစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်လာစေရန်နှင့် နိုင်ငံ၏ GDP အတွက် အကျိုးပြုနိုင်ရန် ရည်ရွယ်၍ တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံသို့ ၂၀၁၆ ခုနှစ်ကတည်းက သွားရောက်လေ့လာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မော်လမြိုင်ကျွန်း ဒေသဖွံ့ဖြိုးရေး မဲဇလီ-ကြိုးခွေ မေတ္တာပေါင်းကူးတံတားဆောက်လုပ်ပြီးစီး

မော်လမြိုင်ကျွန်း မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဲဇလီ-ကြိုးခွေမေတ္တာပေါင်းကူးတံတားကို မေ ၁၃ ရက်က တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါတံတားကို ရွှေရတုတိပိဋကဓရဓမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်လမြိုင် ကျွန်းဆရာတော်)က မတည်လှူဒါန်းငွေ ကျပ် ၁၂၂ သိန်း၊ မဲဇလီကြိုး ခွေ ဒေသခံပြည်သူများက ပါဝင်လှူဒါန်းငွေကျပ် ၂၈ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်ခဲ့ကြပြီး တံတား အရှည် ပေ ၁၆၀၊ တံတားအကျယ် ၆ ပေရှိပြီး RC သံကူကွန်ကရစ်တံတား အမျိုး အစားဖြစ်သည်။

တည်ဆောက်ပြီးစီးပြီဖြစ်သော မေတ္တာပေါင်းကူးတံတား၌ ဒေသခံများ ဖြတ်သန်းသွားလာကြစဉ်။

ယင်းတံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ ကျေးရွာ ၁၀ရွာမှ ဒေသခံပြည်သူများ ကူးသန်းသွားလာလျက်ရှိပြီး ကျောင်းဖွင့်ရာသီတွင် ကျီးပင်စု မူလတန်းကျောင်း၊ ကြိုးခွေ မူလတန်းကျောင်းနှင့်မရမ်း အထက်တန်းကျောင်း(ခွဲ)သို့ ကျောင်းတက်ကြမည့် ကျောင်းသူကျောင်းသား ၇၀၀ ကျော်တို့လည်း အဆင်ပြေလွယ်ကူသွားမည့် အပြင် မဲဇလီကျေးရွာဘက်ခြမ်းမှ ဘိုကလေးမြို့အထိလည်းကောင်း၊ ကြိုးခွေကျေးရွာဘက်ခြမ်းမှ ရန်ကုန်မြို့အထိ လည်းကောင်း သွားရောက်နိုင်ကြမည်ဖြစ်သည်။

မော်ကျွန်း-မြင့်အောင်

မြိတ်မြို့၌ ဝါးအခြေခံလက်မှုပညာ သင်တန်းဆင်းပွဲကျင်းပ

မြိတ် မေ ၁၅

ကျေးလက်နေပြည်သူများဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ လူနေမှုဘဝမြင့်မား လာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံလက်မှုပညာ သင်တန်းအခမဲ့နှစ်ပတ် သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ခုံမော်ကျေးရွာရှိ သာသနာ့ဟိတကာရီဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က သင်တန်းသားများ၏ လုပ်ဆောင်ချက်များ အလွန်ကောင်းမွန်ခဲ့ပြီး ပစ္စည်းအရည်အသွေးလည်း သပ်ရပ်ကောင်းမွန်လျက်ရှိကြောင်း၊ ပစ္စည်းအရည်အသွေးမြင့်မားမှသာ ဝယ်ယူသူများ စိတ်ကျေနပ်မှုရှိ၍ ရောင်းအားလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပရိဘောဂပစ္စည်းများ ရောင်းချရာတွင်လည်း မိမိရလိုမှုတစ်ခုတည်းကို မကြည့်ဘဲ ဈေးကွက်ဝင်ရေးအတွက်ကိုသာ ပထမဦးစားပေး ဆောင်ရွက်စေလိုကြောင်း၊ ဒေသထွက်ဝါးများကို အသုံးပြုသည့်လုပ်ငန်းဖြစ်၍ အကျိုးကျေးဇူး များစွာရရှိကြောင်း ပြောသည်။

အဆိုပါ သင်တန်းသို့ မဇောကျေးရွာအုပ်စု ခုံမော်ကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တို့အား မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီး၍ ပြင်ပနည်းပြ ဆရာငါးဦးတို့က ဧပြီ ၂၆ ရက် မှ မေ ၁၀ ရက်အထိ စာတွေ့လက်တွေ့အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

သင်းတန်းသားများ လက်တွေ့သင်ယူနေကြစဉ်။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၄၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၇၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၄၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၀၀ ကျပ်	၁၀၀၀/၁၀၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၁၀ ကျပ်	၁၀၁၅/၁၀၄၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၀၀ ကျပ်	၉၄၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၃ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၃၀ · ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၈ · ၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၉၂ · ၄
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၉ · ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၁ · ၄
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ · ၅၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၉၇၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၉ · ၆၈
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၉ · ၆၃
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၈၇၆

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သောင်ရင်းမြစ်တစ်လျှောက် မျှော်ထောက်ကြည့်သော်

သိပ္ပံစာရေးဆရာကိုကိုအောင်

သောင်ရင်းမြစ် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အကြံပေးပညာရှင်နှစ်ဦး ကွင်းဆင်းလေ့လာနေစဉ်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ (၁/၂၀၁၉) အစည်းအဝေးသို့ အကြံပေးပညာရှင်အနေဖြင့် တက်ရောက်ခဲ့သည်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက အဖွဲ့ဝင်များအဖြစ်ပါဝင်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အဆိုပါကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ဘေးအန္တရာယ် လေ့လာဆန်းစစ်ရေးပညာရှင် (Professional Analyst for Disaster)နှင့် အာဆီယံ ပဋိညာဉ်ခံ အင်ဂျင်နီယာ ပညာရှင် (ASEAN Chartered Professional Engineer) ဖြစ်သော မိမိနှင့်အတူ အခြားသော အကြံပေး ပညာရှင်များကိုလည်း ပါဝင်စေ၍ အကြံပေး ပညာရှင်အဖွဲ့အဖြစ် ဖွဲ့စည်းပြီး တာဝန်ပေးအပ်ထားသည့်အတွက် တက်ရောက်ရခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကြီး၌ ဒုတိယသမ္မတက အဖွင့်အမှာစကားနှင့်အတူ လမ်းညွှန်မှုများကို ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများက မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။ ပြီးနောက် မိမိတို့ အကြံပေးပညာရှင်အဖွဲ့၏ အကြံပြုတင်ပြချက် အစီအစဉ်တွင် မိမိက မိုးရာသီကာလတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ မြစ်ကမ်းဘေးဝဲယာရှိ မြို့ရွာများသို့ မြစ်ရေလျှံတက်မှု လျော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်သင့်သော အစီအမံများနှင့်ပတ်သက်၍ ကြိုတင် ရှာဖွေစုစည်းထားသော ကိန်းဂဏန်း အချက်အလက်များနှင့်တကွ ရှင်းလင်းတင်ပြခဲ့သည်။

မိမိအနေဖြင့် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များ၊ လူဖန်တီးသော အကြီးစား ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆယ်စုနှစ်တစ်ခုကြာ လေ့လာဆန်းစစ်ခဲ့ရာတွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော ဘေးအန္တရာယ် အမျိုးမျိုးတို့လည်း ပါဝင်ခဲ့သည်။ ထို့ပြင် ရာသီဥတုပြောင်းလဲလာမှု အခြေအနေ၊ မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ပေါ်မှု၊ မြစ်ကြောင်းပြောင်းလဲမှုနှင့် မြစ်ရေခန်းခြောက်မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ကာဗွန်ထုတ်လွှတ်မှုများ၊ သစ်ပင်သစ်တောများ ပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့၏ ဆက်နွှယ်ပတ်သက်နေမှုများ၊ ရေကြီးရေလျှံဖြစ် မှုများ၊ မိုးခေါင်မှုများ၊ မျိုးသုဉ်းပျောက်ကွယ်မှုများ အစရှိသည် တို့ကိုလည်း အထူးတလည်ဂရုတစိုက် လေ့လာစောင့်ကြည့်ခဲ့သည်။

ထိုကဲ့သို့ လေ့လာအကဲခတ် စောင့်ကြည့်ခဲ့သည့် ကိစ္စရပ်များထဲတွင် မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးလေးစင်းဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းတို့၏ သဘာဝ အခြေအနေများလည်း ပါဝင်ခဲ့သည့်အတွက် အဆိုပါအစည်းအဝေးကြီးတွင် မိမိအနေဖြင့် တင်ပြခွင့်ရသော အချိန်အတိုင်းအတာအတွင်း၌ ဧရာဝတီ၏အခြေအနေကို တင်ပြခဲ့ခြင်းဖြစ်သည်။ ကော်မတီဥက္ကဋ္ဌဖြစ်သော ဒုတိယသမ္မတကလည်း အကြံပေးပညာရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ရန် လမ်းညွှန်ပေးခဲ့သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ ကမ်းလှမ်းချက်

ယင်းအစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်တစ်လျှောက် မြစ်ကမ်းပါး တိုက်စားမှုများအပေါ် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၌ အကြံပေးပညာရှင်များ၏ အကြံပြုချက်များ လိုအပ်ပါသဖြင့် ကရင်ပြည်နယ်သို့ လာရောက်ကာ ကွင်းဆင်းကြည့်ရှုပါရန်နှင့် အကြံပြုပေးနိုင်ပါရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ သို့ဖြစ်၍ အဆိုပါကမ်းလှမ်းချက်အရ မတ်လအတွင်း ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အပြန်အလှန် တယ်လီဖုန်းဆက်သွယ်ပြီး လာရောက် ကွင်းဆင်းကြည့်ရှုမည့် အစီအစဉ်ကို နှစ်ဦးနှစ်ဖက် အခွင့်သာသည့်အချိန် သတ်မှတ်ခဲ့ကြသည်။

အဆိုပါ သတ်မှတ်အစီအစဉ်အရ ဘေးအန္တရာယ် လေ့လာဆန်းစစ်ရေးပညာရှင်ဖြစ်သူ မိမိနှင့် ရေအရင်းအမြစ်ပညာရှင် ဦးဗစ်တာတို့နှစ်ဦးသည် ဧပြီ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ကားဖြင့် စတင်ထွက်ခွာခဲ့ကြသည်။ ထိုနေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံတံတားသို့ ရောက်ရှိခဲ့ကြရာ ဆက်ဆံရေးအရာရှိ ဦးသိန်းလင်းက ဘားအံတံတား၌ အသင့်စောင့်ကြိုပြီး ခေတ္တတည်းခိုမည့်နေရာသို့ ခေါ်ဆောင်သွားခဲ့သည်။ ဦးသိန်းလင်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကရင်ပြည်နယ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးဖြစ်ပြီး မိမိတို့ အကြံပေးပညာရှင်နှစ်ဦး ကွင်းဆင်းကြည့်ရှုသည့် လေ့လာရေးခရီးစဉ်အတွက် ဆက်ဆံရေးအရာရှိအဖြစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်က တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။

တည်းခိုမည့်နေရာ၌ ခေတ္တအနားယူပြီးနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ခေတ္တတွေ့ဆုံဆွေးနွေးခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်တစ်လျှောက် မြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိတွင် ထိုင်းနိုင်ငံဘက်က ကျောက်တန်းများ ပြုလုပ်ချထားမှုကြောင့် မိုးကာလ၌ ရေစီးသန်သော သောင်ရင်းမြစ်ရေသည် မိမိတို့ဘက်အခြမ်းမှ ကမ်းပါးများကို ပိုမိုတိုက်စားနေကြောင်း၊ ကမ်းပြိုမှု များပြားကြောင်း၊ သို့ဖြစ်၍ သောင်ရင်းမြစ်၏ မိမိတို့ဘက်အခြမ်း၌ မြစ်ကမ်းပါးများ တိုက်စားပြိုကျနေမှု လျော့နည်းသက်သာစေမည့်နည်းလမ်းများ ရရှိရေးအတွက် ယခုကဲ့သို့ အကြံပေးပညာရှင်ကြီးများအား ဖိတ်မန္တကပြုရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မိမိတို့ အကြံပေးပညာရှင်နှစ်ဦးအနေဖြင့်လည်း ဖြစ်စဉ်နေရာများသို့ မျက်မြင်ကိုယ်တွေ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး မိမိတို့၏ ပင်မအဖွဲ့အစည်းကြီးဖြစ်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အကြံပြု တင်ပြပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ညနေပိုင်းတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးဖြစ်သူ ညွှန်ကြားရေးမှူး ဦးသိန်းလင်းအား ပြည်နယ်အတွင်း ဆောင်ရွက်နေသော သောင်ရင်းမြစ်ကမ်းပါး ထိန်းသိမ်းမှုနှင့် မြန်မာ-ထိုင်း နယ်နိမိတ် ထိန်းသိမ်းမှုဆိုင်ရာ အင်ဂျင်နီယာ လုပ်ငန်းများနှင့် စီမံခန့်ခွဲရေးလုပ်ငန်း အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ညနေ ၅ နာရီခန့်တွင် မြဝတီ-လှိုင်းဘွဲ့ ကားလမ်းဘေးရှိ ရေဘုတ်ရေလှောင်တမံသို့ သွားရောက်လေ့လာကြည့်ရှုရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့က လိုက်လံရှင်းလင်း ပြသကြသည်။ ပြီးနောက် ဘားအံမြို့၌ ညအိပ်ရပ်နားကြသည်။

မြဝတီမြို့သို့

ဧပြီ ၂ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ပြည်နယ် ညွှန်ကြားရေးမှူး ဦးသိန်းလင်းက စီစဉ်ပေးသော Toyota Surf ကားဖြင့် မိမိတို့ အကြံပေးပညာရှင်နှစ်ဦးသည် ဦးသိန်းလင်းနှင့်အတူ ဘားအံမြို့မှ မြဝတီမြို့သို့ စတင်ထွက်ခွာခဲ့ကြသည်။ အဆိုပါခရီးစဉ်၌ ကော့ကရိတ်မြို့လမ်းဆုံကို ဖြတ်ပြီးသည်နှင့် အာရှလမ်းမကြီးပေါ်သို့ ရောက်ရှိသွားသည်။ ကျယ်ပြန့်ပြီး ချောမွေ့ညီညာသည့် လမ်းပိုင်းဖြစ်သောကြောင့် အလွန်ပင် သက်သောင့်သက်သာ ရှိလှသည်။ မြဝတီမြို့သို့သွားရာ အာရှလမ်းမကြီးသည် စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့ရှိ အကောင်းဆုံးဆိုသော လမ်းမများထက်ပင် ပိုမိုကောင်းမွန်ကာ ပြန့်ပြူးချောမွေ့နေသည်ကို သိသာစွာ ခံစားမိလိုက်သည်။ ဥရောပခရီးစဉ်တစ်ခုအတွင်း အနောက်ဥရောပ တစ်နိုင်ငံမှ အခြားတစ်နိုင်ငံဆီသို့ နယ်စပ်လမ်းမကြီးများပေါ်မှ ကားဖြင့် သွားခဲ့ရဖူးစဉ်က လမ်းခရီး ချောမွေ့ညီညာပြန့်ပြူးသည့် အတွေ့အကြုံကိုပင် ပြန်ပြောင်း သတိရမိလိုက်သည်။

သောင်ရင်းမြစ်ကို လေ့လာမှုများ

မြဝတီမြို့သို့ နံနက်ပိုင်း ၁၁ နာရီဝန်းကျင်ခန့်တွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် မြဝတီမြို့၏တောင်ဘက် ၁၂ မိုင်ခန့်အကွာရှိ ဖလူးကြီးကျေးရွာသို့ ဆက်လက် ခရီးနှင်ခဲ့သည်။ ဖလူးကြီးကျေးရွာ၌ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစောထိန်လင်းအား ၎င်း၏ အိမ်တွင်တွေ့ဆုံပြီး သောင်ရင်းမြစ် ရေနယ်နိမိတ် ထိန်းသိမ်းရေး၊ ကမ်းပါးထိန်းသိမ်းရေး၊ မြစ်အတွင်း၌ ကျောက်စရစ်နှင့် သဲစုပ်ယူနေမှု အခြေအနေများနှင့် ကျေးရွာများ၏ ပူးပေါင်းလုပ်ဆောင်ပေးနေမှုများကို မေးမြန်းသည်။ ယင်းနောက် ညွှန်ကြားရေးမှူး ဦးသိန်းလင်း၊ ဖလူးကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစောထိန်လင်းတို့နှင့်အတူ သောင်ရင်းမြစ်အတွင်းသို့ဆင်း၍ နွေရာသီကာလ လက်ရှိ မြစ်ရေအခြေအနေ၊ ကုန်းပေါ်နေမှု အနေအထား၊ ထိုင်းနိုင်ငံဘက်က မြစ်အတွင်း၌ ကျောက်တန်းများ ဖန်တီးပြုလုပ်ထားမှု၊ ၂၀၁၂ ခုနှစ်က သောင်ရင်းမြစ်ရေအကြီးအကျယ်လျှံတက်မှု ဖြစ်ပေါ်ခဲ့စဉ်က မြစ်ကျိုးအင်းပုံသဏ္ဌာန်ကျန်ရစ်ခဲ့သော သံပုရာကျွန်း၏ လက်ရှိအခြေအနေ၊ မြစ်အတွင်း၌ မြန်မာနှင့်ထိုင်း နှစ်ဖက်စလုံး၏ ကျောက်စရစ်နှင့် သဲစုပ်ယူနေမှု အခြေအနေ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ကမ်းပါးထိန်းနံရံ ပြုလုပ်ထားမှု အခြေအနေများနှင့် ဆောင်ရွက်နေဆဲ အခြေအနေများစသည်တို့ကို စနစ်တကျ လေ့လာကြည့်ရှု စစ်ဆေးခဲ့သည်။

သောင်ရင်းမြစ်သည် သံလွင်မြစ်၏ မြစ်လက်တက်ဖြစ်ပြီး တောင်မှမြောက်သို့ စီးဆင်းလျက်ရှိသည်။ မြစ်ဖျားခံရာမှစ၍ သံလွင်မြစ်အတွင်း စီးဝင်သည်အထိ သောင်ရင်းမြစ်သည် မြန်မာ-ထိုင်း နယ်နိမိတ်ဖြစ်သည်။ သောင်ရင်းမြစ်ရေပြင်၏ အလယ်မျဉ်းကိုသာ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် နယ်နိမိတ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး နယ်နိမိတ်ကျောက်တိုင်စိုက်ထူ၍ တိတိကျကျ သတ်မှတ်ထားခြင်း မရှိသေးပေ။ မျက်မြင်ကြည့်ရှုလေ့လာခဲ့ချက်များအရ သောင်ရင်းမြစ်သည် တောင်ကုန်းများအကြား၌ ကျောက်စရစ်များကို ပို့ချထားသော မြစ်ဖြစ်ကြောင်း တွေ့ရှိရသည်။ မြစ်အကွေ့များတွင် ရေတိုက်စားမှုများရှိပြီး ရေတိုက်စားထားသည့် နေရာအချို့မှာ မြဝတီ-ဖလူးကြီး ကားလမ်းမနှင့် ကပ်လျက်ရှိနေသည်။ ခရီးစဉ်အတွင်း ကရင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးခဲ့သော မြစ်ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် ဖလူးလေး ကျေးရွာအနီးတွင် ၅၂၅ ပေနှင့် မယ်ထော်သလေးကျေးရွာအနီးတွင် ၂၆၆ ပေတို့ကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သော အမှတ်(၃)ရပ်ကွက် မာမီဂိတ်အနီးရှိ ပေ ၆၃၀ ကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့သည်။

သောင်ရင်းမြစ်အတွင်း၌ ကျွန်းသုံးကျွန်းရှိပြီး သံပုရာကျွန်း၊ ကျွန်းတောကွေ့နှင့် ရေလယ်ကျွန်းတို့ ဖြစ်ကြသည်။ သံပုရာကျွန်းသည် တစ်ချိန်က ထိုင်းနိုင်ငံ၏မြေနှင့် တစ်ဆက်တည်းရှိခဲ့ပြီး ၂၀၁၂ ခုနှစ်က သောင်ရင်းမြစ် ရေကြီးသည့်ဖြစ်စဉ်၏ အကျိုးဆက်အဖြစ် မြစ်ကျိုးပြီး မြန်မာနိုင်ငံဘက်အခြမ်း၌ မြန်မာ့မြေနှင့် တစ်ဆက်တည်းဖြစ်တည်၍ ကျန်ရစ်ခဲ့သည်။ ထိုင်းနိုင်ငံဘက်အခြမ်း သောင်ရင်းမြစ်အတွင်း၌ ရေလယ်ကျောက်တန်းသုံးခုကို ဧရာမကျောက်တုံးကြီးများ ချထားခြင်းဖြင့် ဖန်တီးပြုလုပ်ကာ မြစ်ရေလမ်းကြောင်းပြောင်းသွားအောင် ဆောင်ရွက်ခဲ့ကြသော်လည်း လက်ရှိအချိန်အထိ သောင်ရင်းမြစ်ရေလမ်းကြောင်းမှာ တစ်ချိန်က အနေအထားအဖြစ်သို့ ပြန်ပြောင်းမသွားဘဲ မြစ်ကျိုးအင်းသဏ္ဌာန် ကုန်းကမူတစ်ခုအဖြစ် မြန်မာ့မြေနှင့် တစ်ဆက်တည်း တည်ရှိနေဆဲဖြစ်သည်။

သောင်ရင်းမြစ်သည် ကျောက်စရစ်ပို့ချသောမြစ် ဖြစ်သည့်အတွက် ကျောက်စရစ်နှင့် သဲ အရောအနှောများကို တည်ဆောက်ရေးလုပ်ငန်းများနှင့် လမ်းခင်းခြင်းတို့အတွက် မြန်မာနှင့် ထိုင်းနိုင်ငံ နှစ်ဖက်စလုံးတို့က Sludge Pump များ အသုံးပြုကာ စုပ်ယူသယ်ဆောင်လျက်ရှိနေကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာဘက်က လေးလက်မပိုက်ခေါင်းဖြင့်သာ စုပ်ယူကြသော်လည်း ထိုင်းဘက်က ပိုမိုအင်အားကြီးသော ပန့်များကို အသုံးပြုကာ ၁၂ လက်မပိုက်ခေါင်းများဖြင့် စုပ်ယူနေကြသည်။

ကရင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်း စုစုပေါင်း ၃၁ ခု (စုစုပေါင်း အရှည် ၂၅၉၇၇ ပေ)၊ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ခု (အရှည် ပေ ၆၃၀)၊ ဆောင်ရွက်ရန် လျာထားလုပ်ငန်းနှစ်ခု (စုစုပေါင်းအရှည် ၁၆၉၅ ပေ) ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိခဲ့ရသည်။ အလားတူပင် ဝေါလေမြိုင်မြို့ ဂေါ်လီချောင်းကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဆောင်ရွက်ပြီးလုပ်ငန်း ကိုးခု(စုစုပေါင်းအရှည် ပေ ၂၇၇၀)နှင့် ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ခု(အရှည် ပေ ၃၄၀) ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိခဲ့ရသည်။

မြဝတီ-ဖလူးကြီး ကားလမ်းဘေးရှိ သောင်ရင်းမြစ်ကြောင်းတစ်လျှောက် ကွင်းဆင်းလေ့လာကြည့်ရှုပြီးနောက် ဖလူးကြီးကျေးရွာမှ ညနေ ၄ နာရီခန့်တွင် ပြန်လည်ထွက်ခွာလာကြရာ မြဝတီမြို့၊ ထိုမှတစ်ဆင့် ကော့ကရိတ်လမ်းဆုံ၊ အိန္ဒြူစသော မြို့များကို ဖြတ်သန်းမောင်းနှင်ပြီး ဘားအံမြို့သို့ ည ၇ နာရီခွဲခန့်တွင် ပြန်လည်ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြသည်။ ယင်းနောက် ဧပြီ ၃ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဘားအံမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်း၌ ရောက်ရှိခဲ့ကြသည်။

တွေ့ရှိချက်နှင့် အကြံပြုချက်များ

ရန်ကုန်သို့ ပြန်လည်ရောက်ရှိပြီးနောက်ပိုင်းတွင် လက်တွေ့ကွင်းဆင်းကြည့်ရှုလေ့လာခဲ့သည့် ကရင်ပြည်နယ်ခရီးစဉ်နှင့် ပတ်သက်၍ တွေ့ရှိချက်နှင့် အကြံပြုချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်သွင်းခဲ့သည်။ မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကြောင်းတစ်လျှောက်တွင် ရာသီမရွေး သောင်ရင်းမြစ်ရေပြင်၏ အလယ်မျဉ်းကိုသာ နယ်နိမိတ်အဖြစ် ယာယီသတ်မှတ်ထားသည့်အတွက် ထိုင်းနိုင်ငံဘက်က သောင်ရင်းမြစ်၏ရေစီးလမ်းကြောင်းများ ပြောင်းလဲအောင် ကျောက်တုံးများချ၍ ကျောက်တန်းပြုလုပ်ထားခြင်း၊ ထိုင်းနိုင်ငံဘက်အခြမ်း ရေပြင်နယ်နိမိတ်အတွင်း၌ ဖြစ်စေကာမူ ဧရာမ ပိုက်ခေါင်းကြီးများဖြင့် သဲနှင့်ကျောက်စရစ်များစုပ်ယူခြင်း၊ မြစ်ရေပြင်အတွင်း၌ မြေဖို့ပြီး တံတိုင်းကာရံပြုလုပ်ခြင်း၊ ရေဆိုးများစွန့်ခြင်း၊ ပလတ်စတစ်များ အပါအဝင် အမှိုက်များစွန့်ပစ်ခြင်း၊ ရေသွယ်ယူရန်အတွက် ကျောက်တန်းပြုလုပ်ခြင်း စသည်တို့ကို တွေ့ရှိပါက နှစ်နိုင်ငံ ပူးတွဲနယ်နိမိတ်ကော်မတီသို့ တင်ပြကန့်ကွက်ခြင်းများကို ဆောင်ရွက်သင့်ကြောင်းလည်း ထည့်သွင်း အကြံပြုတင်ပြခဲ့သည်။

အလားတူပင် သောင်ရင်းမြစ်၏ ရေစီးရေလာကို မထိခိုက်စေရေးအတွက် မြစ်၏ဖြတ်ပိုင်း(River Cross Section) ကို ပြောင်းလဲစေမည့် လုပ်ရပ်များဖြစ်သော ကမ်းထိန်းနံရံကို မြစ်အတွင်းဘက်သို့တိုး၍ တည်ဆောက်ခြင်းနှင့် မြစ်ကြမ်းပြင် (River Bed)ကို အပြောင်းအလဲဖြစ်စေမည့် မြစ်အတွင်း မြေဖို့လမ်းခင်းခြင်း စသည်တို့ကိုလည်း နှစ်နိုင်ငံ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်သင့်ကြောင်းကိုလည်း အကြံပြုတင်ပြခဲ့သည်။ သောင်ရင်းမြစ်ရေပြင်၏ မြန်မာနိုင်ငံဘက်အခြမ်းတွင် ကျောက်စရစ်နှင့် သဲစုပ်ခြင်းများသည် မိုးရာသီ၌ မြန်မာဘက်အခြမ်း မြစ်ကမ်းပါးယံများကို ရေတိုက်စားမှု ပိုမိုများပြားစေပြီး ကမ်းပြိုမှုများကို ဖြစ်ပွားလာစေနိုင်သည့်အတွက် ဒေသခံများအနေဖြင့် ရှောင်ကြဉ်သင့်ကြောင်းကိုလည်း တင်ပြခဲ့သည်။

ကရင်ပြည်နယ်ခရီးစဉ်မှ ပြန်လည်ရောက်ရှိခဲ့သည်မှာ ရက်အတန်ကြာ ရှိလာခဲ့ပြီဖြစ်သည့်တိုင် မကြာခဏဆိုသလိုပင် သောင်ရင်းမြစ်တစ်လျှောက်ကို စိတ်ထဲကမှန်းဆကာ လှမ်းမျှော်ကြည့်မိသည်။ မှန်းဆရမ်းရော်ကာ လှမ်းမျှော်ကြည့်လိုက်မိတိုင်း သောင်ရင်းမြစ်ကမ်းတစ်လျှောက် မြဝတီမြို့နယ်အတွင်းရှိ ဖလူးကြီးကျေးရွာ၊ မယ်ထော်သလေးကျေးရွာ၊ အင်ကြင်းမြိုင်ကျေးရွာ၊ မင်းလက်ပံကျေးရွာ၊ ဥကရစ်ထ ကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်မှ တာအုခေးထရွာနှင့် ကျော်ကေးထရွာ၊ စုကလိမြို့အနီးရှိ ဆံ့ဆည်းမြိုင်ကျေးရွာနှင့် ဝေါလေမြိုင်မြို့တို့၌လည်း မြန်မာ့မြေနှင့် မြန်မာ့ရေ မဆုံးရှုံးရစေရေးအတွက် သောင်ရင်းမြစ်ကမ်းထိန်းနံရံ တည်ဆောက်မှုများကို အမြန်ဆုံး ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုမိပေတော့သည်။ ။

> **“သောင်ရင်းမြစ်အတွင်း၌ ကျွန်းသုံးကျွန်းရှိပြီး သံပုရာကျွန်း၊ ကျွန်းတောကွေ့နှင့် ရေလယ်ကျွန်းတို့ ဖြစ်ကြသည်။ သံပုရာကျွန်းသည် တစ်ချိန်က ထိုင်းနိုင်ငံ၏ မြေနှင့် တစ်ဆက်တည်းရှိခဲ့ပြီး ၂၀၁၂ ခုနှစ်က သောင်ရင်းမြစ်ရေကြီးသည့်ဖြစ်စဉ်၏ အကျိုးဆက်အဖြစ် မြစ်ကျိုးပြီး မြန်မာနိုင်ငံဘက်အခြမ်း၌ မြန်မာ့မြေနှင့် တစ်ဆက်တည်းဖြစ်တည်၍ ကျန်ရစ်ခဲ့သည်”**

ရန်ကုန်မြို့ပြတ် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းသစ် ခေတ်မီကားသစ်ကြီးများဖြင့် စတင်ပြေးဆွဲမည်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ဦးဆောင်မှုဖြင့် YBS ရန်ကုန်မြို့ပြတ်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းသစ်ကို ခေတ်မီအဆင့်မြင့် ကားသစ်ကြီးများဖြင့် မကြာမီ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်း YRTA ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

"မကြာမီပြေးဆွဲပေးမယ့် ရန်ကုန်မြို့ပြတ်ခရီးသည် ပို့ဆောင်ရေး ယာဉ်လမ်းကြောင်းက သူ့လမ်းကြောင်းနဲ့သူသွားမှာ ဖြစ်တယ်။ ခုလောလောဆယ်တော့ နံပါတ်ပေး မထားရသေးပါဘူး။ ပြေးဆွဲပေးမယ့် ကုမ္ပဏီက City Transit ဖြစ်တယ်။ အဲဒီကုမ္ပဏီက Scania City Bus ကားတွေ တင်သွင်းပြီးတော့ ပထမဆုံး အောင်မင်္ဂလာအဝေးပြေးကွင်းက စထွက်မယ်။ လောလောဆယ် သိထားရတာကတော့ မြောက်ဥက္ကလာပ အဝေးပြေး ယာဉ်ရပ်နားကွင်းကြီးနားကနေ ဂိတ်အစအဖြစ် ပြေးဆွဲပြီးယာဉ်ရပ်နားကွင်းကြီးကိုလည်း အဲဒီမှာပဲထားမယ်"ဟု ယနေ့ကျင်းပ သော မီဒီယာရှင်းလင်းပွဲတွင် YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

YRTA မှ တာဝန်ရှိသူများ ပြည်တွင်း၊ ပြည်ပမီဒီယာများမေးမြန်းမှုကို ရှင်းလင်းစဉ်။

အဆိုပါ ရန်ကုန်မြို့ပြတ်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းသစ်ကို City Transit ကုမ္ပဏီက Scania City Bus ခေတ်မီကားသစ်များ တင်သွင်းပြီး YRTA ကြီးကြပ်မှုဖြင့် မကြာမီတွင် စတင်ပြေးဆွဲပေးမည် ဖြစ်သည်။ ခရီးစဉ် (၁) တွင် ဂိတ်အစအဖြစ် အောင်မင်္ဂလာအဝေးပြေးမှ အမှတ် (၃) လမ်းမကြီးအတိုင်း (၆) ကွေ့- သုမ္ဘောလမ်း - ဝေဇယန္တာလမ်း- ပါရမီလမ်း- ဘေလီထိပ်- သံသုမာလမ်း- စံပြဈေး- ပြည်ထောင်စုခုံးကျော်တံတား - သံသုမာလမ်း (သုဝဏ္ဏ)- ကြက်ဘဲဈေး - သမိန်ဗရမ်းလမ်း - အထက်ပုဇွန်တောင်လမ်း-(၅၁)လမ်းထိပ် - ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း - ကြည့်မြင်တိုင် ကမ်းနားလမ်း - ဘုရင့်နောင်လမ်း - ဘုရင့်နောင်လမ်းဆုံ- သမိုင်းဘူတာရုံလမ်း- သမိုင်းလမ်းဆုံ- ကျိုက်ဝိုင်းဘုရားလမ်း- (၈)မိုင် - ကမ္ဘာအေးဘုရားလမ်း- နဝဒေးအုတ်ပုံဆိပ်လမ်း- သုမ္ဘောလမ်း-(၆)ကွေ့- အမှတ်(၃) လမ်းမကြီးမှ အောင်မင်္ဂလာအဝေးပြေးတွင် ဂိတ်ဆုံးမည် ဖြစ်သည်။

ခရီးစဉ် (၂)မှာလည်း အဆိုပါလမ်းကြောင်းအတိုင်းပင် ပြန်လည်ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခမှာ အောင်မင်္ဂလာအဝေးပြေးမှ သခင်မြပန်းခြံ အထိငွေကျပ် ၅၀၀ ကောက်ခံပြီး သခင်မြပန်းခြံမှ အောင်မင်္ဂလာ အဝေးပြေးအထိ ငွေကျပ် ၅၀၀ ကောက်ခံသွားမည်ဖြစ်ကာ ခရီးစဉ်စဆုံး စုစုပေါင်း ငွေကျပ် ၁၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ်တွင် ခရီးမိုင်အရှည်မှာ ၃၅ မိုင်ရှည်လျားပြီး ခရီးစဉ် စဆုံးမှတ်တိုင် ၆၇ တိုင်ရှိမည်ဖြစ်သည်။ ယခုလ မကြာမီ ရက်ပိုင်းအတွင်း အဆိုပါ ရန်ကုန်မြို့ပြတ်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းသစ်ကို ပြေးဆွဲပေးမည်ဖြစ်ပြီး စုစုပေါင်းယာဉ်အစီးရေ ၃၉ စီးဖြင့် စတင်ပြေးဆွဲပေးမည် ဖြစ်ကြောင်း YRTA မှ သိရသည်။

ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုကို ယခင် မထသစနစ်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် YBS (Yangon Bus System) သို့ စတင်ပြောင်းလဲခဲ့ကာ ယာဉ်အစီးရေ ၂၉၀၀ ကျော်ဖြင့် စတင်ပြေးဆွဲခဲ့သည်။ စတင်ပြေးဆွဲစဉ် ယာဉ်လိုင်းကြောင်း ၆၆ ကြောင်းနှင့် စတင်ခဲ့သော်လည်း ယာဉ်အများစုမှာ ပုဂ္ဂလိကပိုင်ယာဉ်များဖြစ်ကာ နောက်ပိုင်းတွင် ယာဉ်အစီးရေ ၁၀၀၀ ကို တိုင်းဒေသကြီးအစိုးရမှ ရင်းနှီးမြှုပ်နှံတိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် YBS ယာဉ်လိုင်း ၁၀၀ မှ ယာဉ်လမ်းကြောင်း ၁၂၃ ကြောင်းဖြင့် တစ်နေ့ယာဉ်အစီးရေ ၄၃၀၀ ကျော် ပြေးဆွဲလျက်ရှိပြီး နေ့စဉ်ခရီးသွားပြည်သူ ၁ ဒသမ ၈သန်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း YRTA မှ သိရသည်။

မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ရန်ကုန်မြို့ပြတ်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းသစ်အဖြစ် ပြေးဆွဲပေးမည့် City Bus (Scania) ကားများ တွေ့ရစဉ်။

ဘော်လခဲတွင် ကယားမျိုးနွယ်စုတို့၏ ရိုးရာတံခွန်တိုင် (ကေထိုးဘိုး)ပွဲတော် စည်ကားစွာ ကျင်းပ

ဘော်လခဲ မေ ၁၅

ကယားပြည်နယ် ဘော်လခဲမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကယားမျိုးနွယ်စုတို့၏ရိုးရာ တံခွန်တိုင်ပွဲ (ကေထိုးဘိုး)ပွဲတော်ကို ယမန်နေ့က ဘော်လခဲမြို့ ကယားပိုင်းရပ်ကွက်၌ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ညောင်ရွက်နှင့် ဆက်စပ်တန်ဆာပစ္စည်းများ တပ်ဆင်တင်လှူပူဇော်ခြင်း၊ ဒုတ်ရော်(ရွာဟောင်း) သို့ သွားရောက်ပူဇော်ခြင်း၊ ရိုးရာနတ်တင်ပူဇော်ခြင်းများကို နှစ်စဉ်ကျေးရွာပေါင်း ရှစ်ရွာမှ လာရောက်တင်လှူပူဇော်ပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်တစ်ခုဖြစ်သည်။

ကယားမျိုးနွယ်စုများ၏ အထွတ်အမြတ်ထားရာ ယင်းပွဲတော်ကို ဘော်လခဲမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ တံခွန်တိုင်မျိုးနွယ်ဝင် လူမျိုးများ၏ တစ်နှစ်တာအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်အောင်မြင်စေရန်ရည်ရွယ်၍ ကျေးရွာများအလိုက် လာရောက် တိုင်တည်ပူဇော်ပသခြင်းကို နှစ်စဉ်ဘော်လခဲမြို့နယ်တွင် မေလပထမပတ်၊ ဒုတိယပတ်များတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

ကယားမျိုးနွယ်စုတို့၏ ရိုးရာတံခွန်တိုင်(ကေထိုးဘိုး)ပွဲတော် ကျင်းပနေစဉ်။

ကြက်ရိုးထိုးအဓိဋ္ဌာန်ဖြင့် ပူဇော်ရာတွင် ကြက်ရိုးအဓိဋ္ဌာန်ပြီး အောင်မြင်မှုနိမိတ်ကောင်းကို ရှေးရှု၍ ဒေါဒမကြီးကျေးရွာအုပ်စုရှိ အရှေ့ဘက်ဒေသ (ကျည်ထမ်း)နှင့် ဘူးခုကျေးရွာအုပ်စုရှိ ကျေးရွာများ(ကျည်နု) လူငယ်များက ကယားနပန်းပွဲကို ပြိုင်ဆိုင်ခြင်းအပြင် တောင်သူဦးကြီးများ၊ လူငယ်မောင်မယ်များက ယဉ်ကျေးမှုအကတို့ဖြင့် ကေထိုးဘိုးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဝတ်ရည် (မယ်စဲ့)

ရှေးဦးသူနာပြုစုခြင်း ဆင့်ပွားသင်တန်းပို့ချ

လိုင်လင်းပီ မေ ၁၅

သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်များတွင် အချိန်နှင့်တစ်ပြေးညီ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မတူပီမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ကြီးမှူးပြီး ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ (အခြေခံ)ရှေးဦးသူနာပြုစုခြင်း ဆင့်ပွားသင်တန်း ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ ခန့် တက်ရောက်ကြပြီး မေ ၁၅ ရက်မှ ၁၇ ရက်အထိ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး လျှပ်စစ်ဓာတ်ကြိုးများ စစ်ဆေး

ကျုံပျော် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြို့မဈေးအတွင်း မီးလောင်မှုတစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးအတွက် ဈေးဆိုင်ခန်းများတွင် သွယ်တန်းအသုံးပြုလျက်ရှိသော လျှပ်စစ်ဓာတ်ကြိုးများ ကောင်းမွန်မှု ရှိ မရှိ လိုက်လံစစ်ဆေးခြင်းကို မေ ၁၅ ရက်က ပြုလုပ်သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့မဈေးကော်မတီတို့ ပူးပေါင်းစစ်ဆေးခဲ့ကြပြီး ကျုံပျော်မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးအတွက်လည်း ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးကို မီးသတ်သင်တန်းပို့ချပေးထားကာ ဈေးအတွင်းမီးသတ်ဆေးဘူး ၇၀ ၊ လေးလက်မ မီးသတ်ရေပိုက်ခေါင်းခြောက်ခု၊ ရေတွင်းနှစ်တွင်းနှင့် ရေစုပ်စက်များ အရန်သင့်ထားရှိဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဈေးဆိုင်ခန်းများ၌ သွယ်တန်းအသုံးပြုလျက်ရှိသော လျှပ်စစ်ဓာတ်ကြိုးများ ကောင်း/မကောင်း စစ်ဆေးနေစဉ်။

ကျောက်မဲမြို့၌ ပြည်သူ့ဝန်ဆောင်မှုရုံးက ရွေ့လျားဝန်ဆောင်မှု ဆောင်ရွက်ပေး

ကျောက်မဲ မေ ၁၅

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)က ပြည်သူများ အမှန်တကယ်ဆောင်ရွက်လိုသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်က မိုင်းတင်းကျေးရွာရှိ မဟာဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းပြုလုပ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)က ရွေ့လျားဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအတွက် အချိန်နှင့် ငွေကြေးကုန်ကျမှုမရှိဘဲ လိုအပ်ချက် များကို တစ်နေရာတည်း၌ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ဝန်ဆောင်မှုရုံးက ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သည့် ကိုး ဌာနမှ တာဝန်ရှိသူများက မိမိတို့ဌာနမှ ဝန်ဆောင်မှုပေးသည့် ကဏ္ဍများကို မိတ်ဆက်ရှင်းလင်း ပြောကြားခဲ့ကြသည်။

ယင်းနောက် OSS ရုံးမှ ပူးပေါင်းအဖွဲ့များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတို့က ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ဌာနများက ၎င်းတို့ဌာနနှင့်ပတ်သက်၍ ပြည်သူများ၏ လိုအပ်ချက်များကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ဝန်ဆောင်မှုပေါင်း၁၈၃ ခုကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဟိုင်းကြီးကျွန်း၌ ရခိုင်စာပေသင်ကြားရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး

ဟိုင်းကြီးကျွန်း မေ ၁၅

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရခိုင်တိုင်းရင်းသားစာပေ သင်ကြားရေးကိစ္စများနှင့်ပတ် သက်၍ လူထုတွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောတက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်း၌ ရခိုင်စာပေသင်ကြားရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးနေစဉ်။

အဆိုပါဆွေးနွေးပွဲတွင် ကျုံကူးတိုက်နယ်အတွင်းရှိ ရခိုင်စာပေသင်ကြားရေးအတွက် ခန့်အပ်တာဝန်ပေးအပ်ထားသော ဆရာ ဆရာမများကို ကျောင်းများပြန်မဖွင့်မီကာလအတွင်း ရခိုင်စာပေကို ဒေသနှင့်ကိုက်ညီသည့် နေ့ရက်နှင့် အချိန်များသတ်မှတ်ကာ မိမိတို့ကျေးရွာအလိုက် သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် ဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ဆက်လက်ဆွေးနွေးခဲ့ရာ ကျုံကူးကျေးရွာ အုပ်ချုပ်ရေးမှူးက ကျုံကူးနှင့်ရဲခေါင်ကြီးကျေးရွာ ရွာချင်းဆက်လမ်းများကို လမ်းပခုံး လေးပေခန့် တိုးချဲ့ဆောက်လုပ်ခွင့်ရရှိနိုင်ရေးအတွက် လည်းကောင်း၊ ရဲခေါင်ကြီးမြောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆည်တည်ဆောက်ခွင့်ရရှိရေးအတွက် လည်းကောင်း၊ ဘုရားလုကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးရွာမီးရရှိရေးအတွက် လည်းကောင်း၊ စမ်းကြီးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက စမ်းကြီးကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာ ရွာချင်းဆက်လမ်းအတွက် ကွန်ကရစ်လမ်းတစ်ခု ထပ်မံရရှိရေးအတွက် လည်းကောင်း တင်ပြခဲ့ကြရာ ဝန်ကြီးက တင်ပြချက်များကိုရယူခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

ရပ်ကွက်နှင့်ကျေးရွာများတွင် အပူရှောင်စခန်းများတည်ဆောက်

ပုလဲ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် အပူရှောင်စခန်းရှစ်ခုကို တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောက်လုပ်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ပုလဲတောင်ရပ်ကွက်၊ လက်တောင်းကြီးကျေးရွာ၊ ကန့်ဒေါင့်ကျေးရွာနှင့် တောင်ရွာသစ်ကျေးရွာသို့ သွားရောက်ခဲ့ပြီး အပူရှောင်စခန်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အပူရှောင်စခန်းတစ်ခုလျှင် အဆောက်အအုံများပြုလုပ်ပေးခြင်းနှင့် မျက်နှာကြက်ဆန်ခါပိုက်များ တပ်ဆင်ခြင်းလုပ်ငန်းအတွက် ငွေ ၁၀သိန်း၊ မြေသောက်ရေအိုး ၁၀လုံး ဝယ်ယူခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၀၀၀၀၊ သောက်ရေအိုးစင်အတွက် ဖိုင်ဘာစည်ပိုင်း သုံးလုံးဝယ်ယူခြင်းလုပ်ငန်းအတွက် ငွေကျပ် ၇၅၀၀၀၊ သဲတစ်ကျင်းဝယ်ယူခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၀၀၀၀နှင့် ဝါးဖျာ ၁၀ ချပ်ဝယ်ယူခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၅၀၀၀၀ တို့ကို တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေနံချောင်းမြို့နယ် အောင်သာကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

ရေနံချောင်း မေ ၁၅

အပူရှိန်မြင့်မားလာမှုကြောင့် သောက်သုံးရေ ရှားပါးလျက်ရှိသော ရေနံချောင်းမြို့နယ် အောင်သာကျေးရွာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ရွှေရောင်လင်းစက်သုံးဆီအရောင်းဆိုင်မှ ဦးခွန်နောင်စိုးတို့ ပူးပေါင်း၍ မေ ၁၄ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

သောက်သုံးရေရှားပါးလျက်ရှိသော ရေနံချောင်းမြို့နယ် အောင်သာကျေးရွာသို့ အလှူရှင်များ သွားရောက်လှူဒါန်းကြစဉ်။

အောင်သာကျေးရွာနေသူတစ်ဦးက "ရွာမှာ စက်ရေတွင်းလည်း မရှိဘူး။ သောက်သုံးရေရရှိဖို့ ရွာကနေ ချောင်းရိုးအထိ တစ်နာရီလောက်သွားရပါတယ်။ အဲဒီချောင်းရိုးရောက်မှ လက်ယက်တွင်းလေးတွေကနေ ရေကိုစောင့်ပြီးခပ်ရပါတယ်။ ရေကလည်း သုံးရက်မှတစ်ခါပဲ ချိုးရပါတယ်။ ရေချိုးအဝတ်လျှော်တာကိုတော့ အဲဒီချောင်းမှာပဲတစ်ခါတည်း လုပ်ရတယ်။ ရာသီဥတုက တအားပူတော့ သောက်သုံးရေရရှိဖို့ ရေအလှူရှင်နဲ့ မိုးရွာဖို့ကိုပဲ မျှော်နေရပါတယ်"ဟု ပြောသည်။

ထိုသို့လှူဒါန်းရာတွင် မီးသတ်ဦးစီးဌာနမှ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် ရွှေရောင်လင်းစက်သုံးဆီအရောင်းဆိုင်မှ ဂါလန် ၃၇၈၃ ဆံ့ ရေဘောက်ဆာတစ်စီးဖြင့် အင်တောကျေးရွာအုပ်စု အောင်သာကျေးရွာရှိ အိမ်ထောင်စု ၉၄ စုမှ လူဦးရေ ၅၉၄ ဦးအတွက် သောက်သုံးရေများလှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုစိုးကြီး

အိမ်မဲမြို့ ကလေးစာဖတ်ခန်းတွင် စိတ်ကြိုက်ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

အိမ်မဲ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ စိတ်ကြိုက်ကဗျာရွတ်ဆိုပြိုင်ပွဲ ယမန်နေ့က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ကလေးများအားလုံး ဆန်းသစ်သောအတွေးအခေါ် မိမိကိုယ်ကို ယုံကြည်မှုနှင့် အာရုံစူးစိုက်မှုစသည့် စွမ်းရည်များ တိုးတက်လာစေရန် ပျော်ရွှင်စရာကောင်းသော ဖန်တီးမှုများပြုလုပ်ပြီး ကလေးများအချင်းချင်း အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်တတ်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမှတ်တရလက်ဆောင်များ ပေးအပ်

ဆက်လက်ပြီး စိတ်ကြိုက်ပုံပြောပြိုင်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၅ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဦးစီးဌာန ဦးစီးမှူးက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)

သန်လျင်ကျိုက်ခေါက်စေတီ ညောင်ရေသွန်းလောင်းပူဇော်မည်

ရန်ကုန် မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည့် (၂၂)ကြိမ်မြောက်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကဆုန်လပြည့်နေ့ နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ညောင်ရေသွန်းလောင်းပူဇော်ပွဲအပြီးတွင် ဆရာတော်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်သည်။

ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော်ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း- ၀၉ ၂၅၅၉၀၀၀၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

ရေစကြိုမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်မျိုးစုံ စိုက်ပျိုးမည်

ရေစကြို မေ ၁၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး ရည်ရွယ်၍ ယခုနှစ် မိုးရာသီတွင် ဒေသနှင့်ကိုက်ညီသောသစ်ပင်မျိုးစုံအပင်ရေ ၈၉၆၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေဖို့ ရည်ရွယ်ချက်နဲ့ ယခုနှစ်မိုးရာသီမှာ ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ ကျွန်း၊ ယင်းမာ၊ စိန်ပန်း၊ မဲဇလီ၊ သန်း၊ ဒဟတ်၊ ရှား၊ ယူကလစ်၊ လျှော်ဖြူစတဲ့ သစ်ပင်မျိုးစုံကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပျိုးပင်တွေကလည်း အဆင်သင့်ဖြစ်နေပါပြီ။ စိုက်နည်းနှစ်မျိုးနဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပထမတစ်မျိုးက မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ၊ ရေထွက်များ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများ၊ လမ်းဘေးဝဲယာတွေမှာ သစ်ပင်မျိုးစုံ ၅၄၄၀၀ ကို ဒေသခံတွေနဲ့ပူးပေါင်းစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒုတိယတစ်မျိုးကတော့ ကျွန်တော်တို့ဌာနက ကျောက်ထပ် တောင်ကြိုးဝိုင်းအတွင်းကျေးရွာသုံးထင်းစိုက်ခင်း ၂၅ ဧကမှာ သစ်ပင်မျိုးစုံ ၃၀၂၅၀ နဲ့ ရေဝေရေလဲစိုက်ခင်း ၂၅ ဧကမှာ သစ်ပင်မျိုးစုံ ၅၀၀၀ စုစုပေါင်း ယခုနှစ်မှာ သစ်ပင်မျိုးစုံ ၈၉၆၅၀ ပင်ကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံ ဦးအောင်မြင့်စိုးထံမှ သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပြည်သူကျေးလက် ယူနီဆက်ပူးပေါင်း၍ မင်းဘူးမြို့နယ် ကျေးရွာခုနစ်ရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်မည်

မင်းဘူး မေ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာ၌ ပြည်သူ ကျေးလက် ယူနီဆက် ပူးပေါင်း၍ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာ ခုနစ်ရွာမှာ အိုင်းမ၊ ဇီးအိုင်၊ ဖလံရုံ၊ ရွာသစ်၊ မကျီးပင်၊ ရေငံ၊ တဲကုန်းကျေးရွာများဖြစ်ပြီး အိမ်တိုင်ရာရောက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာခုနစ်ရွာမှ ပြည်သူများ ကျေးလက်ဦးစီးဌာန ယူနီဆက်တို့ပူးပေါင်းသဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့က မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်က အမှာစကားပြောကြား ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ယခုလို ရေမီတာသုံး ပိုက်လိုင်းစနစ်ဖြင့် ရေရရှိရေးဆောင်ရွက် ကြမည့်ကျေးရွာများအနေဖြင့် စည်းလုံးညီညွတ်စွာ လုပ်ကိုင်ကြရန်နှင့် ရေရှည်အသုံးပြုနိုင်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ယူနီဆက်ကိုယ်စားလှယ် ဦးခင်အောင်သိန်းက ယခုကဲ့သို့ ယူနီဆက်မှ လိုအပ်သောရေပိုက်များကို ထောက်ပံ့ ပေးမည်ဖြစ်ကာ ကျေးရွာမှလုပ်အားစိုက်ထုတ် ရေမီတာများဝယ်ယူရမည်ဖြစ်ကြောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဘုန်းလင်းက ဌာနအနေဖြင့် ရေပိုက်လိုင်းသွယ်တန်းရာတွင် လိုအပ်သောနည်းပညာအကူအညီများပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများကို ယခုနှစ် မေလမှ စ၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း လုပ်ငန်းအားလုံး ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၁၀၉၆ အိမ် လူဦးရေ ၄၈၀၈ ဦးတို့ သောက်သုံးရေရရှိရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ(စလင်း)

ရင်ငွေ့မေတ္တာ မိခင်မေတ္တာ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

အသက် ၂၉ နှစ်အရွယ် Kate Ogg ဆိုသူ အမျိုးသမီးဟာ ကလေးမရနိုင်လို့ IVF ခေါ် ဖန်ပြွန်သန္ဓေသားရယူတဲ့နည်းနဲ့ ကြိုးစားခဲ့ရာမှာ အောင်မြင်ခဲ့ပါတယ်။ ရတော့လည်း အမြွှာကလေးနှစ်ယောက်ရပါတယ်။ New South Wales ပြည်နယ် Wollong မြို့ရဲ့သားဖွားခန်းမှာ ရောက်နေခဲ့ပါတယ်။ မွေးဖို့ ၁၄ ပတ်လိုနေသေးပေမယ့် ဗိုက်နာလာပါတယ်။

လမစေ့ဘဲ မွေးဖွားခြင်း

သူ့ရဲ့သားအိမ်က သားမွေးဖို့ ညှစ်နေတာဖြစ်ပါတယ်။ သူ့ရဲ့ခင်ပွန်း David နဲ့အတူ အခုလို အရေးပေါ်မွေးဖွားဖို့ ရောက်လာတာပဲဖြစ်ပါတယ်။ “သားအိမ်က 2 cm ပွင့်နေပြီ”တဲ့။ သူ့ရဲ့ကလေးတွေဟာ လမစေ့ဘဲ မွေးတော့မှာမို့ ကလေးတွေ အသက်ရှင်နိုင်ဖို့ ဆရာဝန်တွေ၊ သူနာပြုတွေ အစွမ်းကုန်ကြိုးစားကြဖို့ အဆင်သင့်ဖြစ်နေပါတယ်။ ဗိုက်ဆက်တိုက် နာလာပြီး ပထမသားကလေးကို မွေးထုတ်လိုက်ပါတယ်။ လမစေ့တဲ့ကလေးမို့ အရုပ်ကလေးတစ်ရုပ်လိုပါပဲ။ ကလေးက အသက်မရှူသလောက် ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် အရေးပေါ်အစီအမံတွေ ဆောင်ရွက်ကြပါတယ်။ ကလေးရဲ့အဆုတ်ထဲ လေပိုက်ထည့်တယ်။ ဆေးထိုးကြတယ်။ မကြာခင်မှာပဲ ဒုတိယကလေးဖြစ်တဲ့ သမီးလေးကို မွေးထုတ်လိုက်ပြန်ပါတယ်။ သားယောကျ်ားလေးက အခြေအနေဆိုးနေပါတယ်။ သမီးကလေးကတော့ ပုံမှန်ပါပဲ။ သားကလေးအတွက် စိုးရိမ်စရာဖြစ်နေပါတယ်။ သူ့ရဲ့အဆုတ်ထဲကို အောက်ဆီဂျင်ထည့်ပေးတယ်။ လိုအပ်တာ အကုန်လုပ်ပေးကြတယ်။ မိနစ် ၂၀ကြာတဲ့အထိ သူ့အဆုတ်တွေက လေအဝင်အထွက်မရှိဘူး။

လူ့အဆုတ်တွေဟာ မွေးလာပြီးတာနဲ့ ရေမြှုပ်လို ဖောင်းလာရတယ်။ အမိ ဝမ်းထဲမှာရှိတုန်းကတော့ အသားတုံးလေးလို ဖြစ်နေတာပါ။ လေဝင်လာမှ အဆုတ်ကစပြီး အလုပ်လုပ်တာ ဖြစ်ပါတယ်။နီမြန်းတဲ့ကလေးလေး ဖြစ်လာတာဟာ အဆုတ်တွေကောင်းစွာ အလုပ်လုပ်လာလို့ ဖြစ်ပါတယ်။ ဒီလိုမဖြစ်ရင် ပြာနှမ်းနှမ်း ကလေးကို တွေ့ရပါတယ်။ ဒီလိုပြာနေတဲ့ ကလေးမျိုးကတော့ အခြေအနေမကောင်းဘူးလို့ ဆိုနိုင်ပါတယ်။ Kate ရဲ့ ပထမကလေး သားလေးကတော့ အမျိုးမျိုးကြိုးစားပေမယ့် ပြာနှမ်း ခြောက်ကပ်နေပါတယ်။ မလှုပ်၊ မတုံ့ပြန်၊ ငြိမ်သက်နေတဲ့ အရုပ်တစ်ခုလိုပါပဲ။ “မရတော့ဘူး၊ ဒီကလေးကိုတော့ ကျွန်တော်တို့လက်လွှတ်ရပြီ”ဟု ဆရာဝန်က ဆိုပါတယ်။ ဒါပေမယ့် ကလေးက စက္ကန့် ၃၀ မှာ တစ်ကြိမ်တော့ အသက်ကိုရှိုက်ရှူ နေတယ်။ ဒါဟာဆေးပညာမှာ gasping ခေါ်အသက်ငင် နေတဲ့ သဘောဖြစ်ပါတယ်။ အသက်ထွက်ခါနီး တွေ့ရတတ်တဲ့ အခြေအနေပါ။ “ ဦးနှောက်ကိုယ်ထည်က အကြောဆွဲနေ တာပါပဲ။ မျှော်လင့်ချက်ရှိတဲ့ လက္ခဏာမဟုတ်ပါဘူး”ဟု ပြောပြီး ကလေးကိုမိခင်ဖြစ်တဲ့ Kate ဘေးမှာ ထားခဲ့ကြပါတယ်။ ဒီကလေး ဘယ်အချိန်ငြိမ်သွားမလဲ၊ ဒါပဲ စောင့်နေကြရုံပေါ့ဆိုတဲ့ သဘောပါပဲ။

အသက်ရှင်ရန်အနည်းငယ်သော မျှော်လင့်ချက်

သားလေးကအသက် ငင်နေပေမယ့် မိဘ နှစ်ဦးကတော့ နောက်ဆုံးအချိန်အထိ မျှော်လင့်နေဆဲ ဖြစ်ပါတယ်။ မိခင်ဖြစ်သူ Kate ရဲ့ ရင်ခွင်ထဲ ကလေးကို ထည့်ပေးလိုက်ပါတယ်။ Kateက ကလေးကို သူ့ရင်ဘတ်နဲ့အပ်ပြီး အနွေးဓာတ်ပေးလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးထွက်ခွာသွားလည်း မိခင်ရဲ့ရင်ငွေ့နဲ့အတူ သွားပါစေပေါ့။ ဒီကလေးနှစ်ယောက်ဟာ လမစေ့ကြတာမို့ အခုလိုအခြေ အနေမျိုးနဲ့ဆိုရင် သူ့အတွက်မျှော်လင့်ချက် ကုန်သလောက်ပါပဲ။ ကလေးရဲ့အနီးကို ခွာလိုက်ပြီး မိခင်Kate ရဲ့ရင်ဘတ်မှာ အသားချင်းထိကပ်အပေါ်ကနေအဝတ်တစ်ခုနဲ့ ခြုံထားပါတယ်။David ကလည်း ဘေးနားကနေထွေးပိုက် ထားပါ တယ်။ သူတို့နှစ်ယောက်ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေပါတယ်။ “ဘဝထဲကို ရောက်လာလာချင်း ပြန်ထွက်ခွာတော့မှာလား သားလေးရယ်။”

ကလေးကိုဖက်ထား၊ ကျောလေးကိုညင်သာစွာ သပ်ပေးပါတယ်။ မိခင်ရဲ့ရင်ခွင်အနွေးဓာတ်နဲ့ ကလေးငယ်ကို skin to skin အရေပြားချင်း ထိတွေ့ပေးနေတာ ဖြစ်ပါတယ်။ ကလေးငယ်ရဲ့ ရင်ဘတ်ကလေးဟာ ပိုပြီးလှုပ်ရှားလာသလို ခံစားလာရပါတယ်။ အချိန်မှန်မှန်လှုပ်ရှားလာနေတယ်။ ခုနက တောင့်တင်းနေတဲ့ ရင်ဘတ်လေးဟာ လှုပ်ရှားလာလို့ ပျော့ပျောင်းလာပါတယ်။ ဒါနဲ့ သူနာပြုဆရာမကို အမြန်ခေါ်ပြီး ပြပါတယ်။ ဒါဟာ reflex တုံ့ပြန်မှု တစ်မျိုးပဲ။ မမျှော်လင့်နိုင်သေးဘူးလို့ပဲဆိုပါတယ်။ Kate ကတော့ ကလေးမှာ မျှော်လင့်ချက်ရှိလာပြီလို့ ယုံကြည်သွားတယ်။ သားအမိ သားအဖ သုံးယောက်စလုံး နွေးထွေးစွာပွေ့ဖက်ကြဆဲ ဖြစ်ပါတယ်။ သားလေးများ ကြားနိုင်ရင် ကြားရအောင် စကားတွေလည်း ညင်ညင် သာသာ ပြောပေးကြပါတယ်။ အရေပြားအနွေးဓာတ်ရော၊ မေတ္တာအနွေးဓာတ်တွေပါ ဖြန့်ကြဲနေပါတယ်။ ခဏအကြာမှာ သားကလေးရဲ့ မျက်လုံးလေးတွေ ပွင့်လာပါတယ်။ သူ့ရဲ့ခေါင်း ကလေးကိုလှုပ်ပြီး သူ့အဖေရဲ့လက်ကို ဆုပ်ကိုင်လာပါတယ်။Kate က သူ့ရဲ့နို့ဦးရည်ကို ညှစ်ထုတ်လိုက်ပြီး လက်ထိပ်မှာတို့၊ ကလေး ငယ်ရဲ့ပါးစပ်ကို ထိပေးလိုက်တော့ ကလေးက နို့စို့သလို စုပ်ပါတယ်။ ဆရာဝန်တွေ ရောက်လာပြီး ကလေးကို မချီလိုက်တော့ ကလေးက လှုပ်ရှားလာပြီး ငိုဖို့ပြင်ပါတော့တယ်။ ကလေးရဲ့ အဆုတ်တွေထဲကို လေအဝင်အထွက် ရှိနေတာကို တွေ့ကြရပါတယ်။ လူတစ်ယောက်အသက်ရှင်ဖို့ လိုအပ်တဲ့ ဝင်လေ ထွက်လေ၊ ဝင်သက်ထွက်သက်ရှိနေပြီမို့ ဒီကလေး အသက်ရှင်နိုင်ပြီ။ အဆုတ်တွေထဲ လေဝင်ပြီမို့ ကလေးရဲ့အသားအရောင်ကလည်း ပန်းနုရောင်သန်းလာပါတယ်။ မယုံနိုင်စရာပါပဲ။ ကလေးငယ်ကို သူ့ရဲ့အမြွှာညီမရှိရာ Intensive care unit အထူးကြပ်မတ် ကုသဆောင်ထဲ ခေါ်သွားပြီး ဆက်လက်ပြုစုကြပါတယ်။

အလွန်အံ့သြဖွယ်ဖြစ်ရပ်တစ်ခု

မျှော်လင့်ချက် လုံးဝကုန်ဆုံးနေပြီလို့ ထင်ခဲ့ကြတဲ့ကလေးငယ်လေးဟာ အသက်ရှင်ခွင့်ရခဲ့ပါပြီ။ အလွန်အံ့သြစရာ ဖြစ်ပါတယ်။ မိခင်ရဲ့ရင်ငွေ့နဲ့ ကလေးငယ်ကို ကျန်းမာအောင်၊ အသက်ရှင်လာအောင် လုပ်တဲ့အယူအဆနဲ့အပြုအမူဟာ ရှေးကတည်းက ရှိခဲ့တယ်လို့ သိရပါတယ်။ Skin to skin contact ထိတွေ့စေခြင်းဟာ အထူးသဖြင့် လမစေ့ဘဲ မွေးလာတဲ့ကလေးတွေအတွက် မိခင်ရဲ့သားအိမ်မှာ နေခွင့်ပေးလိုက်သလို ဖြစ်စေပါတယ်။ သားဗိုက်ကောင်မိခင်တွေက သူတို့ရဲ့ကလေးတွေကို ရင်ခွင်ထဲမှာထားပြီး ပြုစုတဲ့သဘောနဲ့ တူလို့ Kangaroo mother care လို့ခေါ်ကြပါတယ်။ ၁၉၇၀ ပြည့်နှစ်တွေက ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တော်မှာ လမစေ့မွေးတဲ့ကလေးတွေရဲ့ ၇၀ရာခိုင်နှုန်းလောက်ဟာ ကူးစက်ရောဂါတွေ၊ အသက်ရှူလမ်းကြောင်း ရောဂါတွေကြောင့် သေဆုံးခဲ့ရပါတယ်။

အဲဒီမှာ ဆရာဝန်တွေက Skin to skin contact နဲ့ လုပ်ပေးလိုက်တာ။ သေနှုန်းသိသာစွာ ကျဆင်းသွားကြောင်း သိရပါတယ်။ ကလေးရဲ့အသက်ရှူနှုန်း ကောင်းလာတယ်။ နှလုံးခုန်တာလည်း မှန်လာတယ်။ “ဒါဟာကလေးရော မိခင်အတွက်ပါ အတော်အကျိုးပြုနိုင်တာတွေ့ရပါတယ်”ဟု မဲလ်ဘုန်းမြို့ Royal Womes’s Hospital မှ neonatal occupational the rapist မွေးကင်းစကလေး စောင့်ရှောက် ကုသကျွမ်းကျင်သူ Abbey Eeles က ပြောပါတယ်။ ခန္ဓာကိုယ်က ထိတွေ့မှုကို စနစ်တကျတုံ့ပြန်တာကို တွေ့ရပါတယ်။ မိခင်နဲ့ ကလေးတို့အကြား skin to skin ထိတွေ့မှုကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးတွေကို တင်ပြလိုပါတယ်။

Stress response ဖိအားနဲ့ တုံ့ပြန်မှုကို လျော့စေပါတယ်။ ဖိအားသက်ရောက်မှုကို ဖြစ်စေတဲ့ဟော်မုန်း stress hormones တွေဖြစ်တဲ့ cortisol,adrenalin,adrenocorticotropic hormone(ACTH) တွေကို လျော့ကျစေပါတယ်။ မြန်လွန်းနေတဲ့ နှလုံးခုန်နှုန်း လျော့သွားစေပါတယ်။ သွေးဖိအားလည်းကျသွားပါတယ်။ လူ့နှလုံးနဲ့ သွေးလည်ပတ်မှုအတွက် ကောင်းစွာ အကျိုးပြုနိုင်ပါတယ်။

Oxytoxin အောက်စီတိုစင် ခေါ် သဘာဝ peptide ပက်ပ်တိုက်ဒြပ်ပေါင်းထွက်လာစေပြီး ယင်းကြောင့် မိခင်နဲ့ ကလေးတို့အကြား နွေးထွေးတဲ့ဆက်သွယ်မှု ရစေပါတယ်။

Orbital frontal cortex ခေါ် ဦးနှောက်ရဲ့ရှေ့ပိုင်းနေရာများကို လှုံ့ဆော်တဲ့အတွက် နှစ်သက်အေးချမ်းတဲ့ အာရုံကို ရရှိစေပါတယ်။ ရေမွှေးနံ့လေးတွေ ရှူရှိုက်ရတဲ့အခါ နှစ်သက်တဲ့ စားစရာတွေစားရတဲ့ ခံစားရတဲ့ ခံစားရမှုမျိုးဖြစ်ပါတယ်။

မိခင်နဲ့ကလေးတို့ အရေပြားချင်းထိတွေ့မှုကြောင့် ရရှိတဲ့ဆက်သွယ်မှုဟာ စကားပြောတာ၊ ဟန်အမူအရာတွေ ကြောင့် ရရှိတဲ့ဆက်သွယ်မှုနဲ့မတူ နူးညံ့သိမ်မွေ့လှကြောင်း လေ့လာမှုတွေအရ သိရပါတယ်။

မိခင်နို့တိုက်ကျွေးတဲ့ မိခင်တွေအဖို့ နို့ထွက်အားကောင်းပါတယ်။ ပွေ့ဖက်ထားတာကြောင့် ကလေးအတွက် အသင့်တော်ဆုံး အပူချိန်ကို ရစေတယ်။ အိပ်ပျော်စေတယ်။ နာကျင်မှုတွေကို လျော့ကျစေတယ်။ ဦးနှောက်ဖွံ့ဖြိုးမှု၊ စွမ်းအင်ရစေမှုတို့ ရစေပါတယ်။ ကလေးစာသင်ချိန်ရောက်ရင်တောင် သင်ကြားနိုင်မှုစွမ်းရည်တွေ တက်လာစေတယ်ဆိုတာလည်း တွေ့ရပါတယ်။ ဆွီဒင်နိုင်ငံ Uppsala University မှာ လေ့လာမှုအရ မွေးကင်းစကလေးတွေကို မိခင်နဲ့အတူထား တာကြောင့် ဖွံ့ဖြိုးမှုတွေသိသာစွာရရှိကြောင်း တွေ့ရပါတယ်။ လမစေ့ကလေးတွေ၊ ပေါင်ချိန်မပြည့်ကလေးတွေအတွက် ကောင်းသောအကျိုးတွေ ရရှိစေကြောင်း သိရပါတယ်။

နွေးထွေးလုံခြုံသော ရင်ငွေ့မေတ္တာ

အခုအခါ ရင်ခွင်မဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးဆိုတဲ့ မွန်မြတ်တဲ့အများအကျိုးပြုလုပ်ငန်းတွေ စီစဉ်ဆောင်ရွက်နေတာ တွေ့ရလို့ အထူးဝမ်းမြောက်မိပါတယ်။ မိခင်တွေရဲ့ရင်ခွင်ဟာ အလွန်ထက်မြက်တဲ့ အစွမ်းတွေရှိပါတယ်။ မိခင်တွေရဲ့ ရင်ငွေ့တွေဟာ တစ်လောကလုံးကို နွေးထွေးစေပါတယ်။ ရင်ခွင်မဲ့ (သို့မဟုတ်)မိဘမဲ့ကလေးငယ်တွေဟာ မိဘမေတ္တာ ငတ်မွတ် နေသူတွေဖြစ်လို့ အင်မတန်သနားစရာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်ကစပြီး International Kangaroo Care Awareness Day အပြည်ပြည်ဆိုင်ရာ သားပိုက်ကောင် သဏ္ဍာန်ပြုစုရေးအထိမ်းအမှတ် လှုံ့ဆော်နေ့အဖြစ် မေလ ၁၅ ရက်နေ့ကို သတ်မှတ်ကျင်းပလာခဲ့ပါတယ်။ Kangaroo care မိခင်ရင်ငွေ့မှာ သားငယ်လေးကို မေတ္တာထားပြုစုတာဟာ ဆေးပညာအရရော၊ လူသားဘဝခံစားမှုအရပါ ကောင်းမွန်လှတဲ့အကျိုးတွေရရှိစေနိုင်တာတွေ့နိုင်ပါတယ်။ သို့သော် ဒီအချက်အပေါ် လက်တွေ့ဖြစ်နိုင်ခြေနည်းပါးလွန်းကြောင်း ဝေဖန်မှုတွေလည်း ရှိနေဆဲဖြစ်ပါတယ်။ မည်သို့ဆိုစေ မိခင် ဖခင်တို့နဲ့ လူ့လောကထဲ အစဦးဆုံးဝင်ရောက်လာတဲ့ သားလေး သမီးလေးတွေအတွက်တော့ အလွန်အေးချမ်းတဲ့ ပတ်ဝန်းကျင်လေးတစ်ခုဖြစ်တာတော့ အသေအချာပါပဲလို့ ထင်မိပါတယ်ခင်ဗျား။ ။

“မိခင်တွေရဲ့ရင်ခွင်ဟာ အလွန်ထက်မြက်တဲ့ အစွမ်းတွေရှိပါတယ်။ မိခင်တွေရဲ့ ရင်ငွေ့တွေဟာ တစ်လောကလုံးကို နွေးထွေးစေပါတယ်။ ရင်ခွင်မဲ့ (သို့မဟုတ်)မိဘမဲ့ကလေးငယ်တွေဟာ မိဘမေတ္တာ ငတ်မွတ်နေသူတွေဖြစ်လို့ အင်မတန်သနားစရာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်ကစပြီး International Kangaroo Care Awareness Day အပြည်ပြည်ဆိုင်ရာ သားပိုက်ကောင်သဏ္ဍာန် ပြုစုရေးအထိမ်းအမှတ် လှုံ့ဆော်နေ့အဖြစ် မေလ ၁၅ ရက်နေ့ကို သတ်မှတ်ကျင်းပလာခဲ့ပါတယ်။ Kangaroo care မိခင်ရင်ငွေ့မှာ သားငယ်လေးကို မေတ္တာထားပြုစုတာဟာ ဆေးပညာအရရော၊ လူသားဘဝခံစားမှုအရပါ ကောင်းမွန်လှတဲ့အကျိုးတွေ ရရှိစေနိုင်တာ တွေ့နိုင်ပါတယ်။ သို့သော် ဒီအချက်အပေါ် လက်တွေ့ဖြစ်နိုင်ခြေနည်းပါးလွန်းကြောင်း ဝေဖန်မှုတွေလည်း ရှိနေဆဲ”

မီးဘေးအသိပညာပေး

အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များအဆင့် သတ်မှတ်ရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် မေ ၁၅

အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် စင်ကာပူနိုင်ငံ Times Higher Education (THE) နှင့် ပူးပေါင်းလျက် အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များအဆင့် သတ်မှတ်ရေးဆိုင်ရာဆွေးနွေးပွဲကို မေ ၁၃ ရက်က ရန်ကုန်မြို့ ပါမောက္ခချုပ်များ ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် ပြုလုပ်သည့် တက္ကသိုလ်အဆင့်သတ်မှတ်ရေးဆိုင်ရာ ဆွေးနွေးပွဲဖြစ်ကြောင်း၊ တက္ကသိုလ်များအဆင့်သတ်မှတ်ခြင်းသည် တက္ကသိုလ်များ၏ သုတေသနနှင့် အရည်အသွေးကို တိုးတက်စေသော မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ ယနေ့လက်ရှိ မြန်မာ့ပညာရေးကဏ္ဍတွင် စိန်ခေါ်မှုနှင့် အခက်အခဲများရှိသော်လည်း တက္ကသိုလ်များအရည်အသွေး မြှင့်တင်နိုင်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Times Higher Education မှ တရုတ်ဒေသဒါရိုက်တာဖြစ်သူ Ms. Joyce Chee ၊ တောင်အာရှဒေသဒါရိုက်တာဖြစ်သူ Mr. Ritin Malhorta နှင့် အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဈေးကွက်ရှာဖွေရေးမန်နေဂျာ Ms. Sophia Li တို့က Times Higher Education ၏ အကြောင်း၊ ကမ္ဘာ့တက္ကသိုလ်များအဆင့် သတ်မှတ်ရာတွင် လိုအပ်သည့်အချက်အလက်များ၊ သတ်မှတ်ချက်များ၊ ပြင်ဆင်ရမည့်အချက်များ၊ သုတေသနပြုလုပ်ပုံများကို ရှင်းလင်းတင်ပြကြပြီး ၂၀၁၉ ခုနှစ်တွင် Top World Overall Ranking and Impact Ranking များ စာရင်းတွင်ပါဝင်သည့် အာရှဒေသရှိ တက္ကသိုလ်များအကြောင်းနှင့် ၎င်းတို့ပြုလုပ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ပုံများကို အသေးစိတ်တင်ပြခဲ့ကြောင်း၊ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) ကို ဖော်ဆောင်သည့် ဆောင်ရွက်ချက်များ အပေါ်မူတည်၍ တက္ကသိုလ်များကို အဆင့်အတန်း သတ်မှတ်သည့် Impact Ranking အကြောင်းကိုလည်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ နိုင်ငံတကာ တက္ကသိုလ်များ၏ ဆောင်ရွက်ချက်များ အပေါ်မူတည်၍ လုပ်ဆောင်နိုင်မှုအခြေအနေ၊ တက္ကသိုလ်အဆင့်သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များအဆင့် သတ်မှတ်နိုင်ရေး တာဝန်ရှိသူများ ဆွေးနွေးကြစဉ်။

မေမိုးသဲ

လျှပ်စစ်မဂ္ဂါဝပ် ၂၆၀ ကျော် ထုတ်လုပ်နိုင်မည့် မကွေးတိုင်းဒေသကြီး လေအားလျှပ်စစ်လုပ်ငန်း ၂၀၂၀ ပြည့် နှစ်ကုန်ပိုင်းတွင် စတင်နိုင်ရန် မျှော်မှန်းထား

မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီးအတွင်း မင်းလှ၊ မင်းတုန်းနှင့် ချောက်မြို့နယ်များတွင် လုပ်ဆောင်ရန်လျာထားသည့် လေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းမှ လျှပ်စစ်မဂ္ဂါဝပ် ၂၆၀ကျော်ရရှိမည်ဟု ပညာရှင်များက တွက်ချက်ထားပြီး မင်းလှမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းမှစ၍ လုပ်ငန်းများစတင်လည်ပတ်မည်ဟု မျှော်မှန်းထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"မင်းလှမြို့နယ်ထဲမှာ တာဝါတိုင်တွေ ဆောက်မယ့်နေရာ၊ ကေဘယ်လ်ကြိုးတွေ မြှုပ်မယ့်နေရာ၊ အဲဒါတွေအတွက် ဆုံးရှုံးရမယ့်လယ်ယာမြေတွေအတွက် လျော်ကြေးဘယ်လောက်ပေးရမယ်ဆိုတာ ကွင်းဆင်းပြီး အတိအကျထွက်အောင် တွက်နေကြပါပြီ။ လောလောဆယ်ဆုံးဖြတ်ထားတာကတော့ မြေတွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင်လုပ်ပြီး သူတို့ကို ငှားရမ်းတဲ့ပုံစံနဲ့လုပ်မယ်။ လုပ်ငန်းတွေ ဆက်သွားနေပါတယ်။ သေချာပေါက် လေစွမ်းအင်ကနေ လျှပ်စစ်ထုတ်လို့ရတယ်ဆိုတာ တစ်နှစ်ခွဲလောက် စမ်းပြီးပြီဖြစ်လို့ ထုတ်ဖြစ်ဖို့က သေချာပါတယ်"ဟုတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ယမန်နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

လေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စင်ကာပူအခြေစိုက် Infra Capital Myanmar-ReEx ကုမ္ပဏီတို့ ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်တွင် MOU သဘောတူစာချုပ်လက်မှတ်ရေးထိုးကာ ၂၀၁၈ ခုနှစ်တွင် သက်တမ်းတိုး၍ ဆောင်ရွက်နေပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လေတိုက်နှုန်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ မြေယာအသုံးချမှုအတွက် လျော်ကြေးငွေကိစ္စများကို အဖွဲ့ဖွဲ့စည်း၍ လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ထားသည်။

"အဲဒါတွေပြီးရင် အစိုးရအဖွဲ့နဲ့ သဘောတူညီချက် MOU ကို ပြည်ထောင်စုအစိုးရအဖွဲ့ဆီလွှဲပေးပါ့မယ်။ လေအားလျှပ်စစ် တစ်ယူနစ်ကိုဘယ်လောက်နှုန်းနဲ့ ကျွန်တော်တို့က ဝယ်မယ်ဆိုတာ PPA သဘောတူညီချက်ရယူပြီးရင်တော့ လုပ်ငန်းတွေစတင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အကုန် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှာ လုပ်ငန်းတွေ စတင်နိုင်မယ်လို့ မျှော်မှန်းပါတယ်"ဟု တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အတည်ပြုပြောကြားသည်။

လေအားလျှပ်စစ်ထုတ်လုပ်မည့် လေရဟတ်များမှာ ၂၂၅ မီတာ(၇၅၀ပေ)ခန့် မြင့်မားမည်ဖြစ်ပြီး နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က အသိအမှတ်ပြုထားသည့်ကုမ္ပဏီများမှ ပညာရှင်များဖြင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း လုပ်ငန်းများစတင်နိုင်မည့်အချိန်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ဇေယျာတု (မကွေး)

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

❖ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ။
❖ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
❖ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန် တပ်ဆင်ပါ။
❖ ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

❂ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက် ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
❂ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
❂ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
❂ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
❂ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

✻ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
✻ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
✻ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
✻ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ခင်ဦးမြို့နယ်၌ ရေသန့်စက်ရုံများအား ရှောင်တခင်စစ်ဆေး

ခင်ဦး မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခင်ဦးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့မှ ပူပြင်းခြောက်သွေ့သော ကာလဖြစ်သည့်အတွက် သောက်သုံးရေလိုအပ်ချက်မြင့်မားလာသည့်နည်းတူသောက်ရေသန့်များနှင့် ဘူးများအတွင်း ရေညှိများပါဝင်၍ သန့်ရှင်းမှု ရှိ မရှိ ရေသန့်စက်ရုံများကို ယနေ့နံနက်က ရှောင်တခင်စစ်ဆေးသည်။

ကွင်းဆင်းစစ်ရေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးငွေတင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးဇော်ထိန်လင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာအောင်၊ မြို့ကျန်းမာရေးမှူး ဦးလွင်မိုးဇော်တို့ ပူးပေါင်းအဖွဲ့သည် အောင်မင်္ဂလာရပ်ကွက်ရှိ Chit Chit Khit Khit သောက်ရေသန့်စက်ရုံနှင့် မြကန်သာရပ်ကွက်ရှိ Usually သောက်ရေသန့်စက်ရုံကြီးများသို့ ရေသန့်ထုတ်လုပ်ရာတွင် FDA ၏ စံချိန် စံညွှန်းပြည့်မီခြင်း ရှိ မရှိ၊ ဈေးကွက်ပြန်ရဘူးကြမ်းဆေးခြင်း အဆင့်ဆင့်သန့်ရှင်းမှု ရှိ မရှိ စစ်ဆေးပြီး သောက်ရေသန့်ထုတ်လုပ်ရောင်းချခြင်းနှင့် ပတ်သက်၍ လုပ်ငန်းထောက်ခံချက်မရရှိဘဲ ရောင်းချခြင်းပြုလုပ်ပါက အမျိုးသားအစားအသောက်ဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရေသန့်စက်ရုံများအား တာဝန်ရှိသူများ စစ်ဆေးစဉ်။

ချစ်စံ(ခင်ဦး)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

ပုသိမ် မေ ၁၅

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရေး ရည်ရွယ်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၆၅ ယူနစ်ကို ကျေးရွာ ၈၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော သဘော့ကန်ကျေးရွာနှင့် အုန်းချောင်းကျေးရွာတို့ကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်နှင့် ကျေးရွာစီမံကိန်း တာဝန်ရှိသူတို့သည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အုန်းချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း စုစုပေါင်းအတိုးရငွေ၏ တစ်ဝက် ၅၀ ရာခိုင်နှုန်းဖြစ်သော ရန်ပုံငွေကျပ် ၇၁ သိန်း၊ ပြည်သူ့ထည့်ဝင်ငွေကျပ်သိန်း ၂၀ဖြင့် ကွန်ကရစ်လမ်းဆောင်ရွက်ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ အုန်းချောင်းကျေးရွာနှင့် သဘော့ကန်ကျေးရွာတို့သည် စုစုပေါင်း အိမ်ခြေ ၆၆၅ လုံး၊ အိမ်ထောင်စု ၇၁၉ စု ရှိကာ ကျေးလက်နေပြည်သူများအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည်။

(၀၀၇)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဒေးဒရဲ မေ ၁၅

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးများ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်က သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး ဇာတ်လမ်းတိုများ ပြသပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က မိုးကြိုကာလတွင် မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်နိုင်ရေး သဘာဝဘေးမဖြစ်ပေါ်မီ၊ ဖြစ်ပေါ်နေဆဲနှင့် ဖြစ်ပေါ်ပြီးအချိန်တို့တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် သဘာဝဘေးအသိပညာပေး ဇာတ်လမ်းဖြစ်သည့် ကြိုတင်သတိရှိကြပါစို့ ဇာတ်လမ်းတို့ကို ပြသခဲ့သည်။

မြင့်မြင့်ခိုင် (ပြန်/ဆက်)

ရုပ်ပွားတော်ကို မြို့တွင်းလှည့်လည်ပင့်ဆောင်၍ အပူဇော်ခံနေစဉ်။

မြိတ်မြို့၌ ကဆုန်ညောင်ရေသွန်းပွဲတော် စတင်ကျင်းပ

မြိတ် မေ ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဝိုင်ဘီအေ ဗုဒ္ဓဘာသာလူငယ်များအသင်းက ကြီးမှူး၍ ဘုရားငါးဆူကွင်းအတွင်း နှစ်စဉ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း (၇၅)ကြိမ်မြောက်အဖြစ် ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော် ရေသွန်းလောင်းပူဇော်ပွဲကို မေ ၁၅ ရက်မှ စတင်ကျင်းပနေပြီး ၁၉ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည့် ဘုရားငါးဆူကွင်းရှိ ယာယီစံကျောင်းတော်၌ အပူဇော်ခံမည့် ဒီပင်္ကရာမြတ်စွာဘုရား ရုပ်ပွားတော်ကို မေ ၁၅ ရက်က မြို့တွင်းလှည့်လည် ပူဇော်ခဲ့ပြီး မြို့တွင်းလှည့်လည်ရာတွင် မင်္ဂလာစည်တော်ယာဉ်၊ သာသနာ့အလံကိုင်အဖွဲ့၊ ဥပါသကာများ၊ ဓမ္မစကြာအဖွဲ့များ ခြံရံလျက် ရုပ်ပွားတော်ကို မော်တော်ယာဉ်ဖြင့် ပင့်ဆောင်လှည့်လည်ခဲ့ရာ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများနှင့် အလှူငွေများ လှူဒါန်း၍ ကုသိုလ်ယူခဲ့သည်။

ထို့နောက် ရုပ်ပွားတော်မြတ်ကို ဘုရားငါးဆူကွင်းရှိ ယာယီစံကျောင်းတော်၌ ငါးရက်တိုင် ထားရှိကာ ညောင်ရေသွန်း ပူဇော်ကြမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း ပြည်သူများက နှစ်စဉ်နှစ်တိုင်း မော်တော်ယာဉ်များတွင် ရေစည်များတင်ဆောင်၍ လာရောက် ရေသွန်းလောင်း ပူဇော်လေ့ရှိကြောင်း၊ ထို့အတူ ကဆုန်ညောင်ရေသွန်းပွဲတော် ရက်များအတွင်း မြိတ်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာဖြင့် ပူဇော်ခြင်း၊ ရေသွန်းလောင်း၍ ပူဇော်ခြင်း၊ စေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် စိုက်ပျိုးပူဇော်ထားသော ဗောဓိပင်များကို ရေသွန်းလောင်း ပူဇော်ခြင်းများပြုလုပ်ကြရာ စည်ကားသော ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

သာစည်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း တစ်သိန်းကျော် ထုတ်ချေးမည်

သာစည် မေ ၁၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစ၍ ထုတ်ချေးလျက်ရှိကာ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး ချေးငွေ ကျပ်သိန်းပေါင်း ၁၀၅၆၉၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သာစည်မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးကျော်ကျော်ထံမှ သိရသည်။

ယခုနှစ် ချေးငွေများထုတ်ပေးရာတွင် တောင်သူတစ်ဦးချင်း တာဝန်ခံစနစ်ဖြင့် ထုတ်ချေးကြောင်း၊ ငွေထုတ်ချိန်တွင် တောင်သူများသည် လယ်ယာမြေများ၏ ပုံစံ(၇) ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ အပ်နှံထားရမည်ဖြစ်ကာ ငွေအကြေဆပ်သည့် အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ချေးငွေပမာဏအနေဖြင့် လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ယခင်နှစ်အတိုင်းဖြစ်သော်လည်း ယာသီးနှံအတွက် တစ်ဧကလျှင် ယခင်နှစ်ကထက် ကျပ်ငါးသောင်း တိုးမြှင့်ပေးပြီး တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးနေကြောင်း သိရသည်။

သာစည်မြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၇၂ စုမှ လယ်မြေ ဧက ၄၅၈၆၀ နှင့် ယာသီးနှံ ဧက ၃၆၉၀၀ အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ချေးငွေဆပ်ရန်ကျန်ရှိသော တောင်သူများအနေဖြင့် ပြန်ဆပ်ရမည့်သတ်မှတ်ကာလ ကျော်လွန်သော်လည်း ယခုနှစ် ချေးငွေထုတ်ချေးသောကာလအတွင်း အချိန်စေ့ရောက်သည့် ကြွေးပြေကျေသူများအား ချေးငွေများ ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း (သာစည်)**

ကျေးရွာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဂန့်ဂေါ မေ ၁၅

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကွမ်းဇဲကျေးရွာတွင်းလမ်းတွင် မြေနီ ကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှူး ဦးအောင်ဇေယျတို့ပါဝင်သည့် တာဝန်ရှိသူများအဖွဲ့က မေ ၁၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို လမ်းအရှည် ၃၄၉၅ ပေ၌ အကျယ် ၁၆ ပေလမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး လမ်းလုပ်ငန်းအတွက် စီမံကိန်းခွင့်ပြုငွေမှာ ကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း၊ ဂန့်ဂေါမြို့နယ်တွင် ၂၀၁၉ ခုနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေများဖြင့် ကျေးရွာ ၁၂ ရွာ၌ ရေပေးဝေရေးလုပ်ငန်း တစ်ခု၊ စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခုနှင့် ကျေးရွာလမ်းပြုပြင်ခြင်းလုပ်ငန်း ရှစ်ခုတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။ **စိန်ကျော်**

ကွင်းကောက်မြို့၌ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေး

အင်္ဂပူ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်မြို့မှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အဖွဲ့ဝင်များက မေ ၁၄ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ကွင်းကောက်မြို့ရှိ မြတ်ဓမ္မရောင်ခြည် သာသနာ့ဗိမာန်တော်၌ အခြေပြု၍ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာသို့ အမှတ်(၅) တပ်မတော် တန်းမြှင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းထိုက်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသီဟနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

မျက်စိဝေဒနာရှင်တစ်ဦးအား ကုသပေးနေသော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များ

ဆေးဝါးကုသပေးခြင်း လုပ်ငန်းများကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်တို့ဦးဆောင်သော ပါရဂူများ၊ အထူးကုဆရာဝန်များက X-Ray မော်တော်ယာဉ်များ၊ ခွဲစိတ်ခန်းမော်တော်ယာဉ်များဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ဆေးဝါးကုသဌာနတွင် လူနာ ၂၀၃ ဦး၊ ခွဲစိတ်ဌာနတွင် လူနာ ၃၄ ဦး၊ ကလေးအထူးကုဌာနတွင် လူနာ ၂၀၊ သားဖွားမီးယပ်ဌာနတွင် လူနာ ခုနစ်ဦး၊ အရိုးအထူးကုဌာနတွင် လူနာ ၁၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဌာနတွင် လူနာ ၁၉ ဦး၊ မျက်စိ ဌာနတွင် လူနာ ၈၈ ဦး၊ သွားဌာနတွင် လူနာ ၂၃ ဦး၊ အထွေထွေဌာနတွင် လူနာ ၂၃၃ ဦး၊ စုစုပေါင်း ၆၆၂ ဦး တို့အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုများကို တပ်မတော်နယ်လှည့်ဆေးဝါးကုသရေးအဖွဲ့က အခမဲ့ ဆောင်ရွက်ပေးသည့်အပြင် စေတနာရှင်၊ အလှူရှင်များကလည်း ဆေးကုသမှု လာရောက်ခံယူသော ပြည်သူများအား ထမင်းထုပ်များ ဝေငှပေးခဲ့ကြောင်းနှင့် မေ ၁၆ ရက်တွင်လည်း တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးမည်ဟု သိရသည်။ **မန်းကျော် (ပြန်/ဆက်)**

ချောက်မြို့နယ် ညောင်ပင်သာကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေ

ချောက် မေ ၁၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ညောင်ပင်သာကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်း တူးဖော်ခြင်း၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ဧပြီ ၁၀ ရက်မှစ၍ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာသည် အိမ်ခြေ ၁၁၅ အိမ်၊ လူဦးရေ ၄၈၁ ဦးရှိပြီး ယခင်က စက်ရေတွင်းတစ်တွင်း ရှိပြီးဖြစ်သော်လည်း နွေရာသီကာလများတွင် ကျေးရွာအတွက် သောက်သုံးရေမလုံလောက်ဘဲ ရေရှားပါးသည့် အခက်အခဲများကို နှစ်စဉ် ကြုံတွေ့ခဲ့ရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မေသက်နိုင်က "ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်၊ ဒီကျေးရွာဟာ စက်ရေတွင်းတစ်တွင်းရှိပေမယ့် နွေရာသီကာလရောက်ရင် ရေလုံလုံလောက်လောက် မရရှိတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၄ ဒသမ ၄၃ သန်းနဲ့ အနက်ပေ ၈၉၀ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်၊ လက်ရှိမှာတော့ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းက ပြီးစီးသွားပါပြီ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနဲ့ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း မကြာခင်ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ညောင်ပင်သာကျေးရွာအပါအဝင် ကျေးရွာခြောက်ရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ခြောက်ခုကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၄ ဒသမ ၆၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

ရေရရှိရေးအတွက် ခက်ခဲစွာ ခပ်ယူနေရသော ညောင်ပင်သာရွာမှဒေသခံများ

မကူးစက်နိုင်သောရောဂါများ ကွင်းဆင်းစစ်ဆေးကုသပြီး ကျန်းမာရေးအသိပညာပေး

ရွှေသောင်ယံ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဲကုန်းအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများအား မကူးစက်တတ်သောရောဂါများ စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း လုပ်ငန်းများကို သပေါ့ကန် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးမျိုးအောင်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းခြောက်ဦးက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကူးစက်တတ်သောရောဂါများ ကွင်းဆင်းစစ်ဆေး ကုသပေးရာတွင် သွေးတိုး၊ ဆီးချို၊ ကင်ဆာ၊ နာတာရှည်အဆုတ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာ ခံစားနေရသူများအား အခမဲ့ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းနှင့်အတူ ကျန်းမာရေးအသိဖြင့် စနစ်တကျ နေထိုင်စားသောက်တတ်စေရန် အသိပညာပေးဆွေးနွေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မေကြည်(ပြန်/ဆက်)**

မိုင်းဆတ်ခရိုင်၌ ယခုနှစ် မိုးရာသီကာလအတွင်း သစ်ပင် ရှစ်သောင်း စိုက်ပျိုးသွားမည်

မိုင်းဆတ် မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၌ ယခုနှစ် မိုးရာသီကာလတွင် ကျေးရွာများရှိ ဒေသခံများအား အသိပညာပေး၍ လူထုသစ်ပင်စိုက်ပွဲများ ကျင်းပပြီး သစ်ပင်ပေါင်း ရှစ်သောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၄ ရက်က ပြုလုပ်သည့် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးက သစ်တောဦးစီးဌာနသည် ပြည်နယ်အတွင်း တစ်နှစ်လျှင် သစ်တောဧကသုံးသောင်းကျော် စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ သို့သော် ခုတ်သည့်နှုန်းကို ပြန်ကြည့်လျှင် တစ်မြို့နယ်တည်းမှာပင် တစ်နှစ် တောင်ယာခုတ်သည့်ဧက သုံးသောင်းကျော် ရှိကြောင်း၊ အထူးသဖြင့် ကျေးရွာများတွင် သစ်ပင်များခုတ်လှဲမှုများပြီး ပြန်လည်စိုက်ပျိုးမှု အားနည်းကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ကျေးရွာများရှိ ဒေသခံပြည်သူများအား အသိပညာပေး၍ ကျေးရွာများ၌ လူထုသစ်ပင်စိုက်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဌာနတစ်ခုလျှင် ကျေးရွာတစ်ရွာ တာဝန်ယူ၍ ဦးဆောင်စိုက်ပျိုးသွားစေလိုကြောင်း၊ သစ်တောဦးစီးဌာနက လူထုထံဖြန့်ဝေမည့် ပျိုးပင်များတွင် စီးပွားရေးအရ အကျိုးရှိသောအပင်များ ပါဝင်သဖြင့် ဖြစ်နိုင်ပါက ဒေသခံပြည်သူတို့၏ ကိုယ်ပိုင်မြေများတွင် စိုက်ပျိုးစေလိုကြောင်း ပြောကြားသည်။

ယခုနှစ် မိုးရာသီတွင် သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူလူထုထံ ဖြန့်ဝေရန် မိုင်းဆတ်မြို့နယ်၌ ပျိုးပင်သုံးသောင်းနှင့် မိုင်းတုံမြို့နယ်၌ ပျိုးပင်ငါးသောင်းကို ပျိုးထောင်ထားရှိပြီးဖြစ်ကာ ဒေသခံများသည် မိမိတို့ စိုက်ပျိုးလိုသော နှစ်ရှည်ပင် ပျိုးပင်များကို သစ်တောဦးစီးဌာနမှ အခမဲ့ရယူ၍ စိုက်ပျိုးနိုင်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ရွှေတိဂုံစေတီတော်
(၃၆)ကြိမ်မြောက် မဟာဗောဓိကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

၁၃၈၁ခုနှစ် ကဆုန်လပြည့်နေ့ ၁၈-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၇ နာရီမှစတင်၍ စေတီတော်ရင်ပြင်အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မဟာဗောဓိ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော် ထောင့်လေးထောင့်ရှိ မဟာဗောဓိ ညောင်ပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ကုသိုလ်ယူကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ဆံတော်ရှင်ဆူးလေစေတီတော်
ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ

ရန်ကုန်မြို့၊ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ၁၃၈၁ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ၂၀၁၉ခုနှစ် မေ ၁၈ရက် (စနေနေ့) နံနက် ၅း၃၀နာရီတွင် ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်အပါအဝင်သံဃာတော်ကိုးပါးဖြင့် အခမ်းအနား ဖွင့်လှစ်ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ၁၈-၅-၂၀၁၉ရက်(စနေနေ့)တွင်စေတီတော်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ည ၈နာရီထိ စီစဉ်ပေးထားမည်ဖြစ်ပြီး စေတနာဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၃၇၁၀၀၇၊ ၀၁-၃၇၁၀၀၉၊ ၀၁-၃၇၁၅၆၁၊ ၀၁-၃၇၁၅၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဆံတော်ရှင်ဆူးလေစေတီတော်ဂေါပကအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ရန်ကုန်-မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်း (YGN-MDY Rail way Improvenment Project)အတွက် မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်မည့်တံတားများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော သတ်မှတ်အရည်အသွေးပြည့်မီသည့် သံချောင်းလုံး(Reinforced Steel Bar)အရွယ်စုံ မက်ထရစ်တန် (၁၃၅၀)ခန့်အား ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်ရှိ ကုမ္ပဏီ၏ဂိုဒေါင်အရောက်ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံရယူနိုင်မည့်ရက်**	- ၂၀-၅-၂၀၁၉ရက်မှ ၂၁-၅-၂၀၁၉ရက် (ရုံးချိန်အတွင်း နံနက် ၉ နာရီမှ ညနေ ၄နာရီ)
(ခ) **သံချောင်းလုံးနမူနာနောက်ဆုံးပေးပို့ရမည့်ရက်**	- ၂၈-၅-၂၀၁၉ရက်၊ မွန်းတည့် ၁၂ နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်**	- ၂၈-၅-၂၀၁၉ရက်၊ မွန်းတည့် ၁၂နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ**	- တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီ အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
(င) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**	- ၂၈-၅-၂၀၁၉ရက် မွန်းလွဲ ၂ နာရီ

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို စီမံရေးနှင့်အုပ်ချုပ်မှုဌာန၊ မက်(စ်)မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တွင် ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို တင်ပြ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါကရုံးချိန်အတွင်း ဖုန်း-၀၉-၉၆၉၉၂၇၀၈၇၊ ၀၉-၅၀၆၂၅၅၅ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ သတ်မှတ်ရက်နှင့်အချိန်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ် အမှတ်(၈၉)၊ ဦးထွန်းမြင့်လမ်းနေ ဦးရွှေ၏သမီး မစောစောမြင့်(ခ) မစုစုဝင်း ၁၂/လမန(နိုင်)၀၅၇၆၈၃ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်၊ ဦးပိုင်အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၉) ပိုင်းမြေအား ပိုင်ဆိုင်သူ ဦးတင်မောင်တိုးသည် ၎င်းမြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်း။

ဦးတင်မောင်တိုး ၉/ကဆန(နိုင်)၀၅၇၂၉၆
ဖုန်း-၀၉-၇၇၇၅၆၇၁၅၆

ပြင်ဆင်ဖတ်ရှုပါရန်

၉-၅-၂၀၁၉ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)တွင် အများသိစေရန် ကြော်ငြာတွင် ဒေါ်အေးမြင့်မြင့်အောင် ၁၄/ပသန(နိုင်)၁၅၅၄၀၁ အစား ၁၄/ပသန(နိုင်)၁၅၅၄၁၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်ပါသည်

၉-၅-၂၀၁၉ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၄)တွင် ရှေ့နေဦးတင်ထူးလှိုင်၏ အများသိစေရန် ခေါင်းစဉ်ဖြင့် ကြော်ငြာထားသောအကြောင်းအချက်ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှုပ်ထွေးထိမ်ချန်မှုများ၊ ဂုဏ်သိက္ခာထိခိုက်စေလိုမှုများရှိနေပါ၍ ကန့်ကွက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝေနွယ်ဝင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
စဉ်-၈၁၄၆၊ အမှတ်(၃၇၀/ခ)၊
မြရတနာ(၄)လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၅၅၈၅၇

အများသိစေရန်အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ ကွင်းအမှတ်(၃/ခ)၊ ဦးပိုင်အမှတ်(၇၈)၊ မြေဧရိယာ ၀ဒသမ၀၅၂ဧကပေါ်ရှိမြေကွက်၏ မြေငှားဂရန်သည် (ဦးပြေငြိမ်း)နှင့် ဒေါ်ကြည်ခင်တို့၏အမည်ပေါက် မြေငှားဂရန်ဖြစ်ပါသည်။ (ဦးပြေငြိမ်း)သည် ၁၈-၉-၁၉၉၈ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ (ဦးပြေငြိမ်း)နှင့်ဒေါ်ကြည်ခင်တို့၏အမည်ပေါက် မြေငှားဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားခဲ့ပါသည်။

အဆိုပါမြေငှားဂရန်သက်တမ်းမှာ ၃၁-၁၂-၁၉၉၁ရက်တွင်သက်တမ်းကုန်ဆုံးသွားပြီဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ မြေငှားဂရန်တွင် ဒေါ်ကြည်ခင်နှင့်သမီးဖြစ်သူ ဒေါ်ဝေဝေငြိမ်းအမည်ဖြင့် တွဲဖက်၍သက်ဆိုင်ရာဌာနတွင် မြေငှားဂရန်ကို သက်တမ်းတိုးရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ဖြစ်စေ မည်သူမဆို စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းလှိုင်ဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၉၄)
အမှတ်(၃၃/ခ)၊ မြို့မရပ်ကွက်၊ မိုးညှင်းမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-
- (က) တရုတ်ဘာသာ
- (ခ) ကိုရီးယားဘာသာ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- (က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၁၉ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ် လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဃ) ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - (၁) ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ တရုတ်ဘာသာနှင့် ကိုရီးယား ဘာသာရပ်၌ အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်ရမည်။
  - (၂) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြများဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
- (င) ပါရဂူဘွဲ့အကြိုသင်တန်း၊ တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် တစ်နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

၃။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်။
- (က) ၂၀-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ (တရုတ်ဘာသာ၊ ကိုရီးဘာသာ)
- (ခ) ၂၁-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်္ဂလိပ်ဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၂၈-၅-၂၀၁၉ရက် (အင်္ဂါနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ တရုတ်ဘာသာနှင့် ကိုရီးယားဘာသာဌာနမှူးတို့ထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး(သင်တန်း)ဖုန်း-၀၁-၅၁၅၂၃၆ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် ၁၂/ဗဟန(နိုင်)၀၅၅၉၄၆၏ လွှဲအပ်ညွှန်ကြားချက် အရအများသိစေရန်ကြေညာအပ်ပါသည်။

ကလောမြို့၊ အမှတ်(၉)၊ ဓမ္မပါလလမ်း၊ ဧရိယာ ၅၃×၄၂၊ ၅၂×၅၇ အကျယ်အဝန်းရှိ မြေကွက်ကို ၅-၁-၂၀၁၆ရက်တွင် မူလပိုင်ရှင် ဦးဇာနည်ထွေးထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ဝယ်ယူစဉ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် သက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးကာ အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆို၍ မြေကို တရားဝင်ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ လွှဲအပ်ညွှန်ကြားသူ၏ခွင့်ပြုချက်မရဘဲ၊ မသိရှိဘဲ ပါမစ်ပျောက်ဂရန်အသစ်လျှောက်ထားခြင်း၊ ပါမစ်မိတ္တူမှန်လျှောက်ထားခြင်းများကို မြေကွက်နှင့်သက်ဆိုင်သောရုံးများ၌ ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်သည်ကိုသိရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စွာငြိမ်း(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၃၁၆၈၁/၄-၈-၂၀၁၉)
တိုက်(၃)၊ အခန်း(၄၀၁)၊ ပါရမီအိမ်ရာ၊ ဦးသင်းဖေလမ်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၇၅၄၁၅

ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ကြောင်း

၈-၄-၂၀၁၈ရက်တွင် ကျွန်မမစုမာလှိုင် ၁၂/ကခက(နိုင်) ၀၇၅၃၇၄ နှင့် ကိုဟန်ဝင်းထွန်း ၁၂/ကတန(နိုင်) ၁၁၀၇၀၀ တို့သည် တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ ကိုဟန်ဝင်းထွန်းသည် ကျွန်မအား နည်းမျိုးစုံဖြင့် စိတ်ငြိုငြင်အောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများကိုပြုမူခြင်း ၂၄-၂-၂၀၁၉ ရက်မှစ၍ ကျွန်မနှင့်အတူ နေထိုင်ခြင်းမရှိတော့ဘဲ လုံးဝထောက်ပံ့ခြင်းမရှိသူ ကိုဟန်ဝင်းထွန်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ကိုဟန်ဝင်းထွန်းနှင့်ပတ်သက်သော ကိစ္စများအားလုံးဝတာဝန်မယူပါ။

မစုမာလှိုင်
၁၂/ကခက(နိုင်)၀၇၅၃၇၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ ခြံ/စက်ရုံ(၃)ခုတို့အားနိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသူပြည်တွင်းပြည်ပလုပ်ငန်းရှင်ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မန္တလေးအစာစပ်စက်ရုံ	(၂၈.၄၂)ဧက
(ခ) ပျဉ်းမပင်ဝက်မွေးမြူရေးခြံ(ပင်မ)	(၈)ဧက
(ဂ) ပျဉ်းမပင်ဝက်မွေးမြူရေးခြံ(တိုးချဲ့)	(၈)ဧက

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ)ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။ တင်ဒါကြော်ငြာအားဝန်ကြီးဌာန Website, www.moali.gov.mm တွင်လည်း ဖော်ပြပေးထားမည်ဖြစ်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာတင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား ၂၄-၅-၂၀၁၉ရက် မွန်းလွဲ ၂း၃၀နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကျောက်ဆည်မြို့၊ ကားကြီးဝင်းအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ခြင်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောက်လုပ်မည့် လောင်ရှာရှိ မြေ(၂၀ဒသမ၅၆)ဧကတွင် ကားကြီးဝင်း၊ လူနေဆိုင်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ပွဲရုံများနှင့်ကားဂိတ်များအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါဆိုင်ခန်းများအား ၁၀၀% ရင်းနှီးစိုက်ထုတ်၍ ဆောက်လုပ်ရမည်ဖြစ်ပြီး စိတ်ဝင်စားသူ မည်သူမဆို လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများအား အဖွဲ့မှ(၁)စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ၂၀-၅-၂၀၁၉ရက်မှစတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်စည်းကမ်းများအား ကျောက်ဆည်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၆၆-၂၀၅၀၂၅၁

တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမြေနေရာတွင် ထုတ်လုပ်မည့် မြသီတာ တံဆိပ်အမည်အမှတ်အသားဖြင့် သောက်ရေသန့် ၂၀လီတာဘူး၊ ၁လီတာဘူး၊ ၀.၆လီတာဘူးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်၍ အဆိုပါတံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးဝင်း ၁၂/မဂဒ(နိုင်)၀၁၁၂၂၂
ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဇီးပင်ကြီးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်
ဖုန်း-၀၉-၄၃၁၁၀၅၆၁

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရောက်တော အထကမှ နဝမတန်းအောင် မောင်အောင်ဆန်းဝင်း ၈/စလန(နိုင်)၂၄၂၇၉၁ ၏ ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ ၈/စလန(နိုင်) ၀၀၈၂၉၇ဖြစ်ပါကြောင်း။ **ဦးညွန့်ရွှေ**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7029 SM SUPER MANN CSML-01 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွန့် ၉/မရမ(နိုင်)၀၂၁၆၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-II၊ ကွက်ပြင်-၂)၊ ဦးပိုင်အမှတ် (၁၀၆-ဃ)၊ မြေယာအမှတ်(27-H)၊ မြေဧရိယာ ၀ဒသမ ၆၀ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ခင်မမပါ(၄)ဦး ၉/မမန(နိုင်)၀၃၁၂၂၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင် ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ်(RA-II၊ ကွက်ပြင်-၂)၊ ဦးပိုင်အမှတ် (၁၀၆-င)၊ မြေယာအမှတ်(27-I)၊ မြေဧရိယာ ၀ဒသမ ၄၀ဧကရှိမြေကွက်အား မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ (စက်မှု/စီးပွား)လျှောက်ထားနိုင်ရေး ဒေါ်ခင်မမပါ(၄)ဦး ၉/မမန(နိုင်)၀၃၁၂၂၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင် ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ အကွက်အမှတ် (၈/စည်းခံရပ်)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေယာအမှတ် (43/44/45)၊ မြေဧရိယာ ၀ဒသမ၁၅၅ကရှိမြေကွက်အားမြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမောင်မောင်ကြီး ၉/မရတ(နိုင်)၀၆၆၈၅၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ဆုမြတ်မွန်

ပြန်ဆိုရေးသားသော
သားတို့သမီးတို့အတွက်
သုတ ရသ စာအုပ်များ

City mart, Ocean, Today
စာပေလောက(၂)၊အင်း၀(ပန်းဆိုးတန်း)
အင်း၀(မြန်မာပလာဇာ)၊
အင်း၀(လှည်းတန်း)၊
စာပေနန်းတော်၊စာပေဗိမာန် တို့တွင်
ရနိုင်ပါပြီ။
duwunsarpay facebook page
မှလည်း မှာယူနိုင်ပါသည်။
စာတိုက်မှ အိမ်အရောက် ပို့ခ မယူပဲ
ပို့ပေးပါသည်။

တစ်အုပ်လျှင် တစ်ထောင်ကျပ်

ဒီစာအုပ်တွေက
သားတို့သမီးတို့ စာဖတ်ခြင်းကို
ချစ်တတ်လာမှာပါ။

- ကျွန်တော် နည်းနည်း နေမကောင်းတဲ့အခါ
- ကျွန်တော်ရဲ့စွန်ကလေး
- ကျွန်တော်နဲ့ ကြောင်လိမ္မာကလေး
- ကျွန်တော်ရဲ့မြို့ကလေး
- ကျွန်တော်နဲ့ ကယ်ဆယ်ရေး
- ထူးထူးခြားခြား နေ့ကလေး
- မီးသတ်ဌာန လေ့လာရေး ခရီး
- အကူအညီပေးခြင်း
- ချစ်ခြင်းမေတ္တာ
- ဖေဖေကို တစ်နေ့တာ ကူညီခြင်း
- ပိုက်ဆံစုခြင်း
- နှင်းလုံး စွပ်ပြုတ်
- ဆောင်းဦးရာသီပွဲတော်
- ရေအောက်ကမ္ဘာ လေ့လာရေးခရီး
- အစိမ်းရောင် ဥယျာဉ်လေး

ဓူဝံ စာအုပ်တိုက်
အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၈၅၅၉၇၊ ၀၉ ၇၃၂၀၃၀၃၂

ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏					လျှောက်ထားသည့် အကြောင်းအရာ
		မြို့	ရပ်/ကျေး	အကွက် အမှတ်	ဦးပိုင် အမှတ်	ဧရိယာ(ဧက)	
၁	ဦးစစ်ဝင်း	ချောင်းသာ	ချောင်းသာ	၁၉၉၀	စ-၁၉၁	၀.၁၀၉	မြေပေးမိန့်
၂	ဒေါ်ကျင်ညိမ်း	ပုသိမ်	အမှတ်(၆)	၁၁၀	၃၄	၀.၀၃၂	ဂရန်အမည်ပြောင်း/ခွဲ
၃	ဦးအောင်လင်း	ပုသိမ်	အမှတ်(၈)	၁၁၃	၁၄-ဗ	၀.၁၉၇	မြေပေးမိန့်
၄	ဦးကျုံးစိန်	ပုသိမ်	အမှတ်(၁)	၂၂၊၂၃	၅၄၊၅၅	၀.၈၆၈၊၁.၂၀၂	မြေပေးမိန့်
၅	ဦးတင်မောင်ငွေး(ခ)ကိုငွေး ဒေါ်သီတာအောင်	ပုသိမ်	အမှတ်(၁)	၅၁	၃၅	၀.၀၇၈	မြေငှားဂရန်သက်တမ်းတိုး

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၆၂၈(ဂမုး)၊ ဦးပိုင်အမှတ်-၃၇-ငါ၊ ဧရိယာ-၆.၁၉ ဧကရှိ လယ်/ဥယျာဉ်အမျိုးအစားမြေကွက်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်မြေစာရင်းပုံစံ (၇)ရရှိထား၍ တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးသိုက်ခင် (၉/မရမ(နိုင်)၀၂၉၉၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

ဖခင်အမည်မှန်

ဖားကန့်မြို့၊ မရီကထောင်ရပ်ကွက် ACME ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မထူးထူးဝေကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၅/တမန(နိုင်)၀၁၅၂၉၀ ဖြစ်ပါကြောင်း။
ဦးကျော်ဆွေ

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အမက(သံကြိုးတိုင်)ကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီးသော စလင်းထက်အောင်၏ ဖခင်အမည်မှန်မှာ စသန်းထွန်းလေး ၁၄/အမန(နိုင်)၁၆၀၈၈၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ချောက်ကြားကျေးရွာ(အထက) နဝမတန်း(A)(အောင်)မှ မောင်လွင်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်ဦး ၈/မသန(နိုင်)၀၉၂၂၀၂ ဖြစ်ပါသည်။
ဦးမိုးကျော်ဦး

အမည်ပြောင်း

အိမ်မဲမြို့၊ တကောကျေးရွာ ဦးဘိုဘိုအောင် ၁၄/ပသရ(နိုင်)၁၁၈၆၈၁ နှင့် ဒေါ်ပန်းအိခိုင် ၁၄/ကကန(နိုင်)၁၁၀၆၂၇ တို့၏သား အိမ်မဲမြို့ အထက(၁) ပထမတန်းမှ မောင်ကောင်းဆုအား မောင်သုတထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်သုတထက်

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၅-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)တွင် ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၅၆ ကြော်ငြာတွင် ဒေါ်နန်းခင်ဦး အစား ဒေါ်နန်းခမ်းဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ အရာစံတောင်ရပ်ကွက်၊ နေဘူရိုဒ်လမ်း၊ အမှတ် (၃၄) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်မှတ် (၁၅စဂ်)၊ မြေကွက်အမှတ် (၁၃၀၆) မြေအမျိုးအစား နှစ် (၆၀) ဝရန်မြေ၊ အမည်ပေါက် ဒေါ်ညွန့်မေ (၁၂/ဗဟန (နိုင်) ၀၅၇၆၄၁)၊ မောင်တင်ဦး (၁၂/ဗဟန (နိုင်) ၀၅၉၃၁၁) မြေဖြစ်ပါသည်။ အမည်ပေါက် (၂) ဦးအနက် ဒေါ်ညွန့်မေပိုင်ဆိုင်သည့် အစုနှင့်စပ်လျဉ်း၍ (အဖွား) ဒေါ်ညွန့်မေသည် (၂၇-၂-၂၀၁၂) ရက်နေ့နှင့် (အဖိုး) ဦးဘသိန်းသည် (၂၅-၁၂-၁၉၈၇) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်ညွန့်မေ နှင့် ဦးဘသိန်းတို့မှ ဒေါ်စိုးစိုးနိုင် (၁) ဒေါ်စန်းမွှင့်တစ်ဦးတည်းကိုသာမွေးဖွားခဲ့ကြောင်း၊ (မိခင်) ဒေါ်စိုးစိုးနိုင် (၁) ဒေါ်စန်းမွှင့်သည် (၃-၁-၂၀၁၇) ရက်နေ့ နှင့် (ဖခင်) ဦးဝင်းတင်သည် (၂-၁-၁၉၉၅) ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့၌ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခိုင်နွယ်ဦးတစ်ဦးသာ မွေးဖွားခဲ့၍ ဒေါ်ညွန့်မေ၏တစ်ဦးတည်းသော မြေးအရင်းဖြစ်ကြောင်း နှင့် ဒေါ်ညွန့်မေပိုင်ဆိုင်ခဲ့သောအစုကို တစ်ဦးတည်းသော မြေးအရင်းဖြစ်သူ ဒေါ်ခိုင်နွယ်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း နှင့် ၎င်းမှလွဲ၍ ကျန်တစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း၊ ဒေါ်ခိုင်နွယ်ဦး (၁၂/ဗဟန (နိုင်) ၀၇၆၆၁၃၃) မှ ကျိန်ဆိုသည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး (၂၂-၁၀-၂၀၁၉) ရက်နေ့ တရားရုံး ကျမ်းကျိန်အမှတ်စဉ် (၁၀/၉၃၀/၁၀) ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် (၂) စောင်၊ ဒေါ်ခိုင်နွယ်ဦးတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း နှင့် ပြဿနာတစ်စုံတစ်ရာပေါ် ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး (၁၃-၃-၂၀၁၉) ရက်နေ့ တရားရုံး ကျမ်းကျိန်အမှတ်စဉ် (၃/၆၇၄/၉) ဖြင့် ပူးတွဲပိုင်ရှင် ဦးတင်ဦး နှင့် ဦးဘသိန်း၏ ဝမ်းဝမ်းနီး သားဖြစ်သူ ဦးအောင်မြင့်သိန်းတို့မှ ကျမ်းကျိန်သက်သေအဖြစ်ပါရှိသော ဒေါ်ခိုင်နွယ်ဦး၏ ကျမ်းကျိန်လွှာ နှင့် အဖိုး/အဖွား/မိခင်/ဖခင် သေဆုံးမှုအထောက်အထား၊ ယင်းမြေ၏ မြေငှားစာချုပ် (ဂရန်) တို့ကို တင်ပြ၍ ပူးတွဲပိုင်ရှင် ဦးတင်ဦး (၁၂/ဗဟန (နိုင်) ၀၅၉၃၁၁) နှင့်အတူပူးတွဲ၍ ဒေါ်ခိုင်နွယ်ဦးမှ ဒေါ်ညွန့်မေအစုအတွက် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်ရင်သွေးနာမည်လှလှရွေးလိုက်ကြ ရာဇာဇော်ဝင်း(LL.B.)နှင့်သာဆက်သွယ်ပါ

(WIPO,DL-101 Switzerland)
ရှေးမှမပျက်စေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်အစမဲ/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘအမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများနာမည်ပေးပါရှုဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သောအကြွားအဖြင်ဟောစာတမ်းပါဦးမည်ကလေးအတွက်အနံ့ပါသည်နယ်သို့စာတိုက်မှပို့မည်လူကြီးများလိုရာမကွန်ပျူတာဖြင့်နာမည်မပေးပါကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်အမှတ်-(၉)ရွှေဂုံတိုင်လမ်းမင်္ဂလာဈေးလမ်းမြို့(ကန်တော်လေး)
☎[illegible]01-394727,01-399426,09-73009994,09-5152521

ရန်ကုန်-မန္တလေးကားလမ်းဘေးမြေကွက်ရောင်းမည်

ရမည်းသင်း၊ အမှတ်(၈) အထည်စက်ရုံခွဲရှေ့ မိုင်တိုင်အမှတ် (၃၁၅) အနီး၊ ကားလမ်းဘက် မျက်နှာစာအကျယ် (၁၄၀)ပေ၊ ဘေးဘက် ကားဝင်နိုင်သောလမ်းဘက် (၄၂၉)ပေရှိ မြေကွက်ရောင်းမည်။ ပေ ၄၀ တူးရုံဖြင့် ရေချိုရရှိနိုင်၊ စက်မှုလုပ်ငန်းလုပ်ရန်၊ ဆီဆိုင်ဖွင့်ရန်ကောင်း။
ဆက်သွယ်ရန် 09-5026451

အများသိစေရန်ကြေညာခြင်း

ဒေါ်ယမင်းသူ ၁၃/လရန(နိုင်)၁၁၁၆၃၄ နှင့် ဦးအောင်သီဟ ၁၂/ဒပန(နိုင်)၀၄၆၅၂၃ တို့သည် ၂၇-၉-၂၀၀၆ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ သဘောတူလက်မှတ်ရေးထိုး၍ ပေါင်းသင်းနေထိုင်လာခဲ့သော တရားဝင်လင်မယားဖြစ်ကြပြီး သမီးတစ်ဦးနှင့် သားတစ်ဦး ထွန်းကားခဲ့ကာ ယနေ့တိုင် လင်မယားကွာရှင်းပြတ်စဲခြင်း လုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယမင်းသူ ၁၃/လရန(နိုင်)၁၁၁၆၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇင်မာမြင့်
LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၄၃၊ သတိပဋ္ဌာန်လမ်း၊ မလွကုန်းဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ငူမြို့နယ်တရားရုံး၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၈၆

ဒေါ်တုတ် **နှင့်** ၁။ မခင်မာ ၂။ ဒေါ်ခင်မမ
၃။ ဦးတင်အောင်(ခ)ဦးငယ်ပု ၄။ ဒေါ်သန်းသန်းအေး
၅။ ဒေါ်မာချို ၆။ ကိုသန်းငွေး
၇။ ဦးအောင်ကျော် ၈။ ဦးအငယ်လေး
၉။ မသိမ့်သိမ့်ထွေး ၁၀။ ဦးဖိုးနီ

တရားလို **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရေသချိုကျေးရွာနေ၊ အမှတ်(၉) တရားပြိုင် မသိမ့်သိမ့်ထွေး (ဘ)ဦးကံထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တုတ်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက် (၁၃၈၁ခုနှစ် နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ဇာသွယ်)
ဒုတိယမြို့နယ်တရားသူကြီး(၁)၊ တောင်ငူမြို့နယ်တရားရုံး

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၉)တွင် ဖွင့်လှစ်ထားသော ဟိန်းထက်ကျော်စွာ ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်မေသန်းထွေး (၁၂/ဒဂမ (နိုင်) ၀၂၆၃၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အထက်ဖော်ပြပါလိပ်စာတွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်၍ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ အခြားမည်သည့်နေရာတွင်မှ ကုမ္ပဏီရုံးခွဲဖွင့်လှစ်ထားခြင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏အမည်နှင့် ကုမ္ပဏီအမည်ကို အသုံးပြု၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုလုပ်ကြရန်နှင့် အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ လိုက်နာမှုမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေသဉ္ဇာ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၁)
ဖုန်း-၀၉-၂၅၄၄၁၈၂၆၈၊ ၀၉-၅၁၅၈၇၉၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၉၊မြေကွက်အမှတ်-၉၅၈၊မြေကွက်တည်နေရာအမှတ်(၉၅၈/က)၊ကျော်သူ(၁၆)လမ်း၊(၉)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးညွန့်ဝေ(၁၂/ဥကတ(နိုင်)၀၂၄၂၆၃)၊အမည်ပေါက်-နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးညွန့်ဝေ(ဖခင်)ကွယ်လွန်ပြီး၊ဒေါ်တင်လှိုင်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်စန်းစန်း(၁၂/ဥကတ(နိုင်)၀၂၆၅၁၆)၊ဦးလှမင်း(၁၂/ဥကတ(နိုင်)၀၂၂၅၆၉)၊ဦးစောမင်း(၁၂/ဥကတ(နိုင်)၀၂၆၀၁၈)၊ဒေါ်အေးအေးလှိုင်(၁၂/ဥကတ(နိုင်)၀၂၉၁၃)၊ဦးအေးမင်း(၁၂/ဥကတ(နိုင်)၁၁၅၁၈၅)၊ဦးအောင်ကျော်မင်း(၁၂/ဥကတ(နိုင်)၁၁၃၄၂၂၉)တို့မှ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ-၁/၅၄၈/၉၁၁၉/သေစာရင်းနှင့်ဂရန်မူရင်းတို့ကိုတင်ပြ၍ပိုင်ဆိုင်နှင့်အရောင်းမြေပုံကူးလျှောက်ထားလာသဖြင့်ကွင်းဆင်းစစ်ဆေးရာ(၂)ထပ်တိုက်တွင်ဒေါ်စန်းစန်းနှင့်ဦးအေးမင်းတို့နေထိုင်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့်အဆိုပါပိုင်ဆိုင်နှင့်အရောင်းမြေပုံကူးလျှောက်ထားလာခြင်းတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊အမှတ်(၃)ရပ်ကွက်၊ သီရိစန္ဒာလမ်း၊ အမှတ်(၁၆)နေ ဒေါ်ရီရီခင် ၅/ကလတ(နိုင်)၀၃၄၁၁၉မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပုသိမ်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် စာချုပ်အမှတ် ၂၄၂/၂၀၁၉ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ရေသန့်တံဆိပ်အမည်နှင့် အမှတ်အသားကိုအသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးလတ်၊ ဘူးသေးစသည့်အရွယ်အစားအမျိုးမျိုးဖြင့် ပုသိမ်မြို့နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို အမှတ်အသားတံဆိပ်ပြုလုပ်၍ မကြာမီထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခင်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါအမည်တံဆိပ်အမှတ်အသားနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း ရှိခဲ့ပါလျှင် ယင်းအမှတ်တံဆိပ်ကို အသုံးပြု၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုမီ ဤသတင်းစာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီခင် ၅/ကလတ(နိုင်)၀၃၄၁၁၉
ဖုန်း-09790240833, 042-23549

အမည်ပြောင်း

ချောက်မြို့နယ်၊ ဝသဲစမ်းကျေးရွာနေ ဦးကြည်တိုး ၈/ခမန(နိုင်)၀၉၂၆၆၀၏သား ကျောင်းဝင်အမှတ်(၈၀၉) အလယ်တန်းကျောင်း (နဝမတန်း)မှ မောင်ခန့်စည်ဝင်းအား မောင်ခန့်စည်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်စည်အောင်**

ပျောက်ဆုံးကြောင်း

ကျွန်တော် Nay Myo Naing CDC-103346 ၏ PSCRBလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၅၄၆၅၀၈

ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းတိုးအောင် ၉/ရမသ(နိုင်)၂၀၅၈၈၇၏ နိုင်ငံကူးလက်မှတ် MD-612215 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၀၉၈၀၅၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်-၁ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇/ ရန်အောင်မြောက်၊ ဦးပိုင်အမှတ်(၉၊ ၁၄၇)၊ ဧရိယာ ၀ဒသမ ၁၆၇ဧကရှိ ဦးဘရှိန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် ဒေါ်မာလာလွင်(ပါ)၆-ဦးမှ ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၂၄၇/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊မြေကွက်အမှတ်-၅၃၈၊ မြေကွက်တည်နေရာ အမှတ်-၅၃၈၊ လျော်ကားလမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံတောင်၊ ဦးသံချောင်း (၀၂/တမန(နိုင်)၀၇၃၂၇၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀)ဂရန် အမည်ပေါက် ဦးသံချောင်း (၀၂/တမန(နိုင်)၀၇၃၂၇၄)သည်(၄-၇-၂၀၀၈) ရက်နေ့တွင် (လူပျိုကြီးဘဝ) ဖြင့်ကွယ်လွန်သဖြင့် (၁)ဒေါ်မေစန္ဒာဝင်း (၀၂/တမန(နိုင်)၁၀၆၅၃၆)(၂)ဒေါ်မေသန္တာဝင်း(၀၂/တမန(နိုင်)၁၀၆၅၃၇)၊ (၃)ဦးတင်ထွန်းဝင်း (၀၂/တမန(နိုင်) ၁၁၉၂၃၅)၊ တို့မှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံး ကျမ်းကျိန်လွှာအမှတ်- ၂/၁၄၄၊ (၄-၂-၂၀၀၉)ဖြင့်ဦးလေးအရင်းဖြစ်သူ ဦးသံချောင်းသည် (လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍မွေးချင်းတည်းသော အစ်ကိုအရင်းဖြစ်သူဖခင် ဦးဘတင်တစ်ဦးတည်းသာရှိကြောင်း၊ ဖခင်ဦးဘတင်သည် (၂၃-၉-၁၉၉၆?)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့်တူ/တူမများမှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင် ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း (၂) စောင်၊ သေစာရင်း (၂)စောင် တို့ တင်ပြ၍ မြေပြင်ကွင်း ဆင်းစစ်ဆေး [illegible] ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါ သည်။
ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၄၂) ၆လွှာ/ခ တိုက်ခန်းနှင့်အကျိုးခံစားခွင့် ရောင်းပိုင်ခွင့်ရှိသူ ဒေါ်နန့်ပန်အောင် (၁၃/ကစန(နိုင်)၀၀၀၄၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများသည် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းကြေညာပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
လမ္ဘတော် ဦးစိန်ဝင်း(စဉ်-၁၂၅၄၃)
ဥပဒေအကျိုးဆောင်ရှေ့နေ
အမှတ်-၁၁၄၊ ဓမ္မာရုံလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၄၃၀၆၇၅၈၁၊ ၀၉-၃၁၉၀၆၇၂၈

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION
RURAL ELECTRIFICATION PROGRAM
Request for Bids

Date 15th May, 2019
Credit No. BMZ-No.: 201567882
Contract: Supply, Installation and Maintenance of Solar PV System for Households and Public Facilities.
RFB Reference No. ICB-KfW01 (rebid):

1. The Department of Rural Development (DRD), Ministry of Agriculture, Livestock and Irrigation has received financing from the Kreditanstalt für Wiederaufbau (KfW) toward the cost of the Rural Electrification Programme (REP), and intends to apply part of the proceeds toward payments under the Contract for Rural Electrification Programme - Component I SHS (REP I). For this contract, the Purchaser shall process the payments using the Simplified Disbursement Method, as defined in the KfW Guidelines, except for those payments, which the contract provides to be made through letter of credit.
2. The Department of Rural Development (DRD) now invites sealed Bids from eligible Bidders for Supply, Installation and Maintenance of Solar PV systems for Households and Public Facilities in Southern Shan State. The bid is divided into two parts, Tranche 1 with approximately 18,000 systems identified and an optional Tranche 2 with minimum 3,500. The quantity of systems will be assessed through an ongoing survey. The option shall not be contracted later than 1 year from date of contract signing of Tranche 1.
3. Bidding will be conducted through international competitive procurement using a Request for Bids (RFB) as specified in the World Bank's Standard Procurement Documents (SPD), Request for Bids - Goods (2 envelope process) [October 2017], amended as per KfW's Guidelines for Procurement of Goods, Works and associated Services in Financial Cooperation with Partner Countries [August 2016], and is open to all eligible Bidders as defined in the Procurement Regulations.
4. For quick referenced, some of the key qualification requirements include:
   - The average annual turnover of the last three years should not be less than 3,000,000 USD
   - The Bidder has successfully completed at least three (3) contracts in during the the last 5 (five) years, and at least two contracts had a value equivalent to or greater than 1.5 million USD.
   - More information is included in the bidding documents
5. Interested eligible Bidders may obtain further information from DRD and inspect the bidding document following an appointment at the address given below:
   National Electrification Project, Department of Rural Development,
   Ministry of Agriculture, Livestock and Irrigation, Office No. 36,
   Nay Pyi Taw, Myanmar
   Tel/Facsimile: +95 67 3418635
   Electronic mail address: ksaung@gmail.com, dr.soesoeohn@gmail.com, neppmo.drd@gmail.com,nepcommunicationteam@gmail.com
   A Pre-Bid Meeting shall take place at the following date, time and place: Monday 3. June 2019, 10.00 a.m. at DRD, Office No. 36 (Test Lab-1, ground Floor), Nay Pyi Taw, Myanmar
6. The bidding document in English may be requested by interested eligible Bidders upon the submission of a written application to the address below.
   GOPA-International Energy Consultants GmbH (intec)
   Karsten Ley
   Justus-von-Liebig-Str. , 161352 Bad Homburg, Germany
   E-mail: info@gopa-intec.de
7. Bids must be delivered to the address below on or before Friday 5 July 2019, 13:00. Electronic bidding will not be permitted. Late Bids will be rejected. The outer Bid envelopes marked "ORIGINAL BID", and the inner envelopes marked "TECHNICAL BID" will be publicly opened in the presence of the Bidders' designated representatives and anyone who chooses to attend at the address below on Friday 5 July 2019, 14:00. All enveloped marked "Second Envelope: FINANCIAL PART" shall remain unopened and will be held in safe custody of the Purchaser until the second public opening.
8. All Bids must be accompanied by a Bid Security of 20,000 EUR
9. The address referred to above is:
   National Electrification Project, Department of Rural Development,
   Attn. Mr. Maung Win, Deputy Director General
   Ministry of Agriculture, Livestock and Irrigation,
   Office No. 36, (Test Lab-1, ground Floor), Nay Pyi Taw, Myanmar

တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးအောင်လင် ၁/လဂန(နိုင်)၀၀၂၆၁၇၏သမီး လွယ်ဂျယ်မြို့ အထက လွယ်ဂျယ်မှ အဋ္ဌမတန်းအောင်မြင်သူ မလုပန်နှင့်မရှုလုပန် ၁/မမန(နိုင်)၀၅၆၀၂၇သည်တစ်ဦးတည်းဖြစ်ပါကြောင်း။
မလုပန်(ခ)မရှုလုပန်

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်မျိုး (ဘ)ဦးထွန်းလှ ၉/တကန(နိုင်)၁၀၈၈၃၁ ၏နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၇၇၂၄၄

ပျောက်ဆုံးကြောင်း
ကျွန်တော် နိုင်လင်း(ဘ)ခင်မောင်မြင့် ၉/တကန(နိုင်)၁၄၉၇၆၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၆၁၇၁၃၃

တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးလဝေါမ် ၁/လဂန(နိုင်)၀၀၆၂၄၃ ၏သား လွယ်ဂျယ်မြို့ အထက နယ်ရှောင်ကျောင်းမှ ပဉ္စမတန်းအောင်မြင်သော မောင်ဘရန်ဆိုင်းနှင့် မောင်သက်ထွန်းဦး ကျောင်းဝင်အမှတ် (၉၁၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်ဘရန်ဆိုင်း(ခ)မောင်သက်ထွန်းဦး

ပျောက်ဆုံးကြောင်း
ကျွန်တော် စိုးရွှေ(ဘ)ဖိုးဝင်း ၉/တကန(နိုင်)၂၄၂၉၅၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၅၁၈၂၇၆

ပျောက်ဆုံးကြောင်း
ကျွန်တော် အောင်တင်ဝင်း(ဘ)ဝင်းမြင့် ၉/တကန(နိုင်)၁၈၃၃၃၇ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၈၇၂၈၀၀

အမည်မှန်
မန်စီမြို့နယ်၊ အထက(မန်ဝိန်းကြီး) ကျောင်းဝင်အမှတ် (၉၁၄၂) မခေါ်န်းနန်၏ အမည်မှန်မှာ မမဂျီခေါ်န်းနန်ဖြစ်ကြောင်းနှင့် မမဂျီခေါ်န်းနန်၊ မောင်မဂျီမျိုးလီတို့၏ ဖခင်အမည်မှန်မှာ ဦးဘောက်နော် ၁/မစန(နိုင်)၀၂၆၅၁၆ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
ယာဉ်အမှတ် 7H/2868 အမျိုးအစား Donge Feng အမျိုးအစား Light Truck ၏ ကားလိုင်စင်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၃၅၂၀၅၆

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက (၃) ထားဝယ်၊ နဝမတန်း(C)မှ မောင်သန်းထိုက်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးအောင်ထွေး ဖြစ်ပါကြောင်း။ **ဦးအောင်ထွေး**

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အလက(ခွဲ) အိုင်ဇောက် Grade(2)မှ (ဘ)ဦးသန့်ဇင်ထွန်း၏သမီး မရွက်နုဝေအား မသီရိစံဟု ပြောင်းလဲခေါ်ပါရန်။

မသီရိစံ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၅၀၉၄ Honda Wave 100 NCX M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဘူချိုင်းရွာနေ ဦးစိုးနိုင် ၆/လလန(နိုင်)၀၉၂၇၄၉ ဒေါ်ခင်စန်းနွယ် ၆/လလန(နိုင်)၁၄၇၇၃၆တို့၏ သမီး မအေးမီငြိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၈-၂-၂၀၀၁ ဖြစ်ပါကြောင်း။

အမည်ပြောင်း

မင်းဘူးမြို့၊ အထက(ခွဲ) မြို့မ သတ္တမတန်းအောင်မှ (ဘ)ဦးဖိုးချို၏ သမီး မအေးနန္ဒာအောင်အား ယနေ့မှစ၍ မအေးအေးသန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအေးအေးသန်း

မိခင်အမည်မှန်

ထားဝယ်မြို့၊ ကရပ်ပြင် (မ) ရပ်၊ ဆေးရုံလမ်း၊ အမှတ်(၅၂၀)နေ အထက (၃) ထားဝယ် နဝမတန်းမှ မောင်သန့်ဇင်အောင်၏မိခင် ဒေါ်မိုးမိုး၏ အမည်မှန်မှာ ဒေါ်စန္ဒာမိုး ၁၀/ဗလန(နိုင်)၀၆၇၂၇၀ ဖြစ်ပါကြောင်း။ **ဒေါ်စန္ဒာမိုး**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကံ့ကော်လမ်းနေ ဦးအောင်အောင်-ဒေါ်ခင်စန်းလွင်တို့၏သမီး မသန္တာဆွေ ၈/မဘန(နိုင်)၁၂၇၅၇၄ သည် မိမိစိတ်ထင်ရာပြုမူဆောင်ရွက်ခဲ့ပြီး ၎င်း၏စိတ်ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ၃၁-၃-၂၀၁၉ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံး၀ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**

ဦးအောင်အောင် ၈/မဘန(နိုင်)၀၀၆၅၅၆
ဒေါ်ခင်စန်းလွင် ၈/ရနခ(နိုင်)၀၀၈၆၈၆

အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၂၀)နေ ဦးဇော်မင်း၏သား မောင်မျိုးထက်၏ အမည်မှန်မှာ မောင်မျိုးသီဟကျော် ဖြစ်ပါကြောင်း။

မောင်မျိုးသီဟကျော်

RUBY ကားစီးလုံးငှားသည်

09-51-77212, 519100, 535100

ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၅) ခုံ ယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်

ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများ ကျောင်းလုပ်ငန်းရောင်းချလိုသူများနှင့် မိမိ၏ကိုယ်ပိုင်ကျောင်းလုပ်ငန်းတိုးချဲ့ရန်နှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် စိတ်ဝင်စားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်။ Management ရော Investment ပါ ထည့်ဝင်နိုင်ပါသည်။ ကျေးဇူးပြု၍ အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရှင့်။

မကေသီဝင်း ဖုန်း-၀၉-၆၉၆၆၇၆၈၉၆

ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၅/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ် (၃၃၂-ခ)၊ ဧရိယာ ၀.၁၁၁၃၀၅၅၈ဧကရှိ မြေကို ဒေါ်သန်းသန်းဝင်း ၅/မရန(နိုင်)၀၅၈၈၇၅ အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လီတွေ့ာ်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၇
ကွယ်လွန်သူ ဒေါ်ထွေးစိန်နှင့် ဒေါ်အေးသောင်း၏ ကျန်ရစ်သောပစ္စည်းအကြောင်း။
ဒေါ်အေးသန္တာခိုင် ၁၂/ဥကတ(နိုင်)၁၃၉၃၇၁ လျှောက်သူ။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ် (၄/၂၈၅) နေ ဒေါ်အေးသန္တာခိုင်က ကွယ်လွန်သူ ဒေါ်ထွေးစိန်၏ တူမအရင်း၊ ဒေါ်အေးသောင်း၏ ညီမဝမ်းကွဲဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ် (၄/၂၈၅)နေ ၎င်းကွယ်လွန်သူ ဒေါ်ထွေးစိန်နှင့် ဒေါ်အေးသောင်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ထွေးစိန်နှင့် ဒေါ်အေးသောင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၉ ခုနှစ် မေ ၂၇ ရက် (၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အေးသန္တာခိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် မေ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ္ဒဥပဒေအမိန့်-၅၊ နည်း-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၅၀

ဒေါ်နန်းဆီဖောင်းတစ် **နှင့်** ဒေါ်ညွန့်ညွန့်ရွှေ(ခ)ဒေါ်မြင့်မြင့်စိန်

တရားလို **တရားပြိုင်**

ဒေါ်ညွန့်ညွန့်ရွှေ(ခ)ဒေါ်မြင့်မြင့်စိန်၊ ရွှေလည်တိုင်(ကဖေး) သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၅-၁၀-၂၀၁၈ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ပါအတိုင်း ရောင်းကြေးငွေအဖြစ်နှင့် ပေးချေးချေးယူထားသော ငွေကျပ် ၃၄၅၀၀၀၀၀/-(ကျပ်သိန်းသုံးရာလေးဆယ်ငါးတိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၃၁ ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(တင်တင်မော်)**

ဒုတိယခရိုင်တရားသူကြီး(၃)

တောင်ကြီးခရိုင်တရားရုံး

အများသိစေရန်ကြော်ငြာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဖလံတောကျေးရွာအုပ်စု၊ ဖလံတောကျေးရွာနေ ဦးမြသောင်း-ဒေါ်ညွန့်တင်တို့သည် မိမိတို့လင်မယားပိုင်ပစ္စည်းများအနက်မှ (၁) ပွင့်ဖြူမြို့နယ်၊ ဖလံတောကျေးရွာနေ အမှတ်(၃၄၇)ဟုခေါ်တွင်သော နေအိမ်ဝိုင်းမြေတစ်ကွက်၊ (၂) လေးပင်သွပ်မိုး အုတ်ကာနှစ်ထပ်တိုက်တစ်လုံး၊ (၃) သွပ်မိုးပျဉ်ကာပျဉ်ခင်း နွားစာစင်တစ်လုံး၊ (၄) သွပ်မိုး ထရံကာ သုံးပင်စပါးစင်တစ်လုံး၊ (၅) ကွင်းအမှတ်-၈၆၊ ဦးပိုင်အမှတ်-၇၈၊ ဧရိယာ ဝ ဒသမ၉၆ဧကရှိ လယ်မြေ၊ (၆) ကွင်းအမှတ်-၈၆၂၊ ဦးပိုင်အမှတ်-၇၉၊ ဧရိယာ ၂ဒသမဝ၈ဧကရှိလယ်မြေ၊ (၇) ကွင်းအမှတ်-၈၆၀၊ ဦးပိုင်အမှတ်-၁၅၈၊ ဧရိယာ ၁ဒသမ၄၀ဧကရှိကိုင်းမြေ၊ (၈) ကွင်းအမှတ်-၈၆၀၊ ဦးပိုင်အမှတ်-၁၇၀/၁၊ ဧရိယာ ၁ဒသမဝ၂ဧက၊(၉) ကွင်းအမှတ်-၈၆၀၊ ဦးပိုင်အမှတ် -၁၅၇၊ ဧရိယာ ဝဒသမ၇၂ဧကရှိကိုင်းမြေတို့ကို အတူနေသူသားအငယ်ဆုံးဖြစ်သော ကိုဇော်ဇော်+မချောစုတို့အား မေတ္တာဖြင့်အပြီးအပိုင် လွှဲအပ်ပေးကမ်းပြီးဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဦးမြသောင်း-ဒေါ်ညွန့်တင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သူဖြိုး(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၂၂/၁၅)

စကားဝါလမ်း၊ သင်္ဂါရပ်ကွက်

မကွေးမြို့၊ ဖုန်း-၀၉-၄၀၁၅၆၁၂၂၇

၅-၅-၂၀၁၉ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၄)ပါ ဒေါ်ဆွေဆွေခိုင် ၁၂/ဒဂန(နိုင်)၀၉၁၆၁၀ နှင့် အများသိစေရန်ကြေညာခြင်းအပေါ် ဦးမျိုးဇင်ကို ၁၂/ဒဂန(နိုင်)၀၂၅၃၂၆ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ဦးမျိုးဇင်ကို ၁၂/ဒဂန(နိုင်)၀၂၅၃၂၆နှင့် ဒေါ်ဆွေဆွေခိုင် ၇/ဖမန(နိုင်)၀၉၁၆၁၀ တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်း၍ သားမောင်ကောင်းမြတ်လင်း (၈ နှစ်) ထွန်းကားခဲ့ရာ အတူတကွပေါင်းသင်းနေထိုင်သည့် (၉)နှစ်ကျော်ကာလအတွင်း ဦးမျိုးဇင်ကိုနှင့် ဒေါ်ဆွေဆွေခိုင်တို့သည် လင့်ဝတ္တရား/မယားဝတ္တရားတို့နှင့်အညီ နေထိုင်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ ဦးမျိုးဇင်ကိုသည် Myo Zin Ko နှင့် Ko Myo အမည်တို့ဖြင့် လူမှုကွန်ရက်မှတစ်ဆင့် လူမှုရေးဖောက်ပြန်မှုများပြုလုပ်ကာ ဒေါ်ဆွေဆွေခိုင်နှင့်သားဖြစ်သူတို့အား လစ်လျူရှုသဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေပြီး ၎င်းမှ ကွာရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ပါသည်။ ထို့နောက် ဦးမျိုးဇင်ကိုသည် ၁၀-၄-၂၀၁၉ ရက်တွင် နေအိမ်မှထွက်ခွာသွားပြီး အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့သဖြင့် ဒေါ်ဆွေဆွေခိုင်သည် သားဖြစ်သူ၏စိတ်ထိခိုက်မှုကို ကာကွယ်ရန်နှင့် မိမိ၏အရှက်၊ သိက္ခာ၊ လုံခြုံမှုတို့ကို ကာကွယ်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြား၍ မိဘများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး ထိုသို့ပြောင်းရွှေ့နေထိုင်ရာတွင် ဦးမျိုးဇင်ကို၏မိဘများက ကျွန်းဗီရို (၁)လုံး၊ အလူမီနီယံဗီရိုအသေး(၁)လုံး၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်တို့ကို အတင်းအကျပ် ယူဆောင်စေခဲ့ပါသည်။ ဒေါ်ဆွေဆွေခိုင်အနေဖြင့် အိမ်ထောင်ပရိဘောဂအားလုံးကိုသော်လည်းကောင်း၊ ငွေကျပ်သိန်း (၇၀)ပါဝင်သည့်ဘဏ်စာအုပ်ကိုသော်လည်းကောင်း၊ ရွှေ(၁၀)သိန်းနီးပါးရှိပစ္စည်းများကိုသော်လည်းကောင်း ယူဆောင်ခဲ့ခြင်းမရှိဘဲ ဦးမျိုးဇင်ကိုမှသာလျှင် လင်မယားနှစ်ဦးပိုင် ပစ္စည်းဖြစ်သည့် Fielder အမျိုးအစားယာဉ်အမှတ် (2K/4468) အား ငွေကျပ်(၂၃၈)သိန်းဖြင့် ရောင်းချပြီး MarkII အမျိုးအစားယာဉ်အမှတ် (2I/3898) အား ငွေကျပ်သိန်း (၁၆၀)ဖြင့် ပြန်လည်ဝယ်ယူကာ ပိုငွေကျပ် (၇၈)သိန်းကိုမိသားစုစားဝတ်နေရေးအတွက်သုံးစွဲရန်ပင် ပေးအပ်ခြင်းမရှိဘဲ ၎င်း၏ဘဏ်စာအုပ်တွင် ထည့်သွင်းထားရှိခဲ့ပါသည်။ ဒေါ်ဆွေဆွေခိုင်သည် ယနေ့အချိန်အထိ ဦးမျိုးဇင်ကိုနှင့် တရားဝင်ကွာရှင်းပြတ်စဲခြင်းမပြုရသေးသည့် တစ်ဦးတည်းသောတရားဝင်ဇနီးအဖြစ်ပင်ရှိနေပါကြောင်း၊ ဦးမျိုးဇင်ကိုအနေဖြင့် ဇနီးဖြစ်သူ ဒေါ်ဆွေဆွေခိုင်အပေါ် မမှန်မကန်ပြောဆိုပြုမူဆောင်ရွက်ခြင်းများမပြုလုပ်ရန်နှင့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်သည့် MarkII အမျိုးအစားယာဉ်အမှတ် (2I/3898) ကားတစ်စီး၊ ကမ္ဘောဇဘဏ်(သာကေတ)၌ ဦးမျိုးဇင်ကိုအမည်ဖြင့် ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းအမှတ် (1363011360192750l) တွင် အပ်နှံကျန်ရှိသည့် ငွေကျပ် (၆၂၄၄၆၆၆.၆၇) တို့နှင့်ပတ်သက်၍ ဒေါ်ဆွေဆွေခိုင်သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ ထုတ်ယူသုံးစွဲခြင်းများ မပြုလုပ်ရန်၊ ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူများအား တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးဇင်ကိုနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်နီလာမျိုးထွန်း (LL.B) (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၃၉၀၈)

အမှတ်(၇၂၂)၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၉၉၈၈၃၆

ဖခင်အမည်မှန်

နတ်တလင်းမြို့နယ် မြို့မအခြေခံပညာ အထက်တန်းကျောင်း နဝမတန်း အောင်မြင်ခဲ့သော မသဲဆုလင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုလရောင် ၇/နတလ(နိုင်)၀၉၉၆၀၀ ဖြစ်ပါသည်။ **ဦးဘိုလရောင်**

ဖခင်အမည်မှန်

နတ်တလင်းမြို့၊ မြို့မအခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း အောင်မြင်ခဲ့သော မရတနာဝင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ၇/နတလ(နိုင်)၁၅၂၆၃၄ ဖြစ်ပါသည်။ **ဦးမြင့်လှိုင်**

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ထိပ်ဆုံးထပ်၊ စားသောက်တန်း၊ ဆိုင်အမှတ်(၁၇) မူလအမည်ပေါက် ဒေါ်တင်မြ ၁၂/မဂတ(နိုင်)၀၁၄၂၀၁၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (S-17808)သည် ၈-၄-၂၀၁၉ ရက်တွင် နေအိမ်မီးလောင်ရာ၌ ပျက်စီးပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမှုအား ဒေါ်တင်မြမှ ပြန်လည်လျှောက်ထားဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်၊ စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်တင်မြ ၁၂/မဂတ(နိုင်)၀၁၄၂၀၁၊ ဖုန်း-၀၉-၄၂၅၆၄၃၂၈၈

အများသိစေရန်ကြော်ငြာ

ဒေါ်မြင့်မြင့်ဦး ၁၂/လကန(နိုင်)၀၄၆၇၈၆မှ ဦးစံဝင်း ၁၃/မနန(နိုင်)၀၀၉၄၁၈အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၉၁၇၉/၂၀၁၈အား (၁၈-၃-၂၀၁၉)ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်းလျှောက်ထားပြီး၍ ရုပ်သိမ်းကြောင်း အများသိစေအပ်ပါသည်။ ၃၁-၈-၂၀၁၈ရက်တွင် ချုပ်ခဲ့သော စရန်ငွေပေးစာချုပ်များလည်း ပျက်ပြယ်သွားကြောင်း၊ ပုံစံ(၁၀၅)နှင့် စာရွက်စာတမ်းမူရင်းများအား ဦးစံဝင်းမှ ဒေါ်မြင့်မြင့်ဦးသို့ ပြန်လည်ပေးအပ်ရန် တာဝန်ရှိကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိဖြူသွင် (စဉ်-၉၀၀၈)၊ တရားလွှတ်တော်ရှေ့နေ

၇၈၃(ခ)၊ ထော်ပိုင်လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့၊

ဖုန်း-၀၉-၄၃၁၅၇၄၅၀

လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ စက်မှုလယ်ယာလမ်းသွယ်၊ မြေကွက်အမှတ်-၁၃၃၇၊ အကျယ်အဝန်း-၄၀ပေ×၆၀ပေရှိ ဦးစိုးညွန့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၁၀-၅-၂၀၁၉ရက်တွင် လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အဆိုပါမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်တို့သည် ကျွန်ုပ်မိတ်ဆွေထံသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B)	**ဦးအေးမင်းသူ (LL.B)**
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊ ၁၆-ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ မြေကွက်အမှတ်-၇၈၂၊ အဆောက်အအုံအမှတ်-၃၁၊ ပထမထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဆက်စပ်သမျှသောအကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ယင်း၏အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင်(LL.B)	**ဦးအေးမင်းသူ(LL.B)**
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိတ္တာလမ်း၊ အမှတ်(၈၆)ဟုခေါ်တွင်သော ဒေါ်လှလှသူ(၁၂/တမန(နိုင်)၀၁၀၄၉၁) အမည်ပေါက်(၂၉ပေ×၆၀ပေ)ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေအပါအဝင် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ (၁၂ပေ×၅၈ပေ)ကျယ်ဝန်းသော ဒုတိယထပ် (၃)လွှာ၊ ခေါင်းရင်းခန်းကို လက်ရှိပိုင်ဆိုင်သူဦးကျော်လွင် (၁၂/တမန(နိုင်)၀၁၀၈၉၃)မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ဝယ်ယူသူသို့ ကမ်းလှမ်းရာ ကျွန်ုပ်ဒေါ်ဝင်းဝင်းမော် (၁၄/ပသန(နိုင်)၁၄၉၀၈၈)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသောမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ဝင်းဝင်းမော်

၁၄/ပသန(နိုင်)၁၄၉၀၈၈

ဖုန်း-၀၉၅၀၃၂၃၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကတ. ၁)မြေကွက်အမှတ်(၃၀၁/က) ဧရိယာ(၂၀'/၁၉'. ၆"×၆၀')မြေကွက်တည်နေရာအမှတ်(၃၀၁/က)စိန်ပန်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးအေးရွှေအမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးအေးရွှေထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်မြင့်မြင့်စန်း (၁၂/လသယ(နိုင်)၀၁၂၁၉၂)မှပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်စာရွက်မူရင်းနှင့်မှင်ခံဖြင့်ရေးထားသောအိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းစာရွက်တို့အားတင်ပြ၍ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါက်တာမြစန္ဒီအောင် (၁၆-၅-၂၀၁၅)

မိသားစုနဲ့ခွဲခွာဝေးကွာသွားခဲ့သည်မှာ (၄)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်အမြဲ လွမ်းဆွတ်သတိရနေပါသည်။ ပြုပြုသမျှ ရည်မှန်းကုသိုလ်အစုစုတို့ကို မြင့်မြတ်သော ရောက်ရာဘုံဘဝမှ ဝမ်းမြောက်သာဓုခေါ်ဆိုပါ။

ချစ်ခင်ပွန်း-ဦးကျော်ကျော်

ချစ်သား-မောင်ဉာဏ်ကျော်ဇော

ပျောက်ဆုံးကြောင်း

ကျွန်မ နီလာဝင်းညို ၁၃/ဟပန(နိုင်)၀၈၉၈၄၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၂၆၆၂၇၅၀၉၅**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲဝင်း ၈/နမန(နိုင်)၁၄၉၃၀၇ ၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၈၇၉၃၄၈**

အမည်မှန်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်း၊ အမှတ်(၁၆၈)နေ ဦးဝင်းအောင်၏သမီး မမေဇွန်၏ အမည်မှန်မှာ မမေဇွန် ၁၃/တကန(နိုင်)၁၄၉၅၈၉ဖြစ်ပါကြောင်း။

မမေဇွန်

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၅-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၀ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ မြေတိုင်းရပ်ကွက်အမှတ် (၉၀၇)အစား ၉၀နဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁)၊မြေကွက်အမှတ်(၂၁၃/ခ)၊ဧရိယာ(၂၀'×၆၀')မြေကွက်တည်နေရာအမှတ်(၂၁၃/ခ)၊တေးဥယျာဉ်လမ်း၊၇-ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးကျော်မြင့်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးကျော်မြင့်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူထားသူဒေါ်နှင်းနှယ်အေး(၁၄/အဂပ(နိုင်)၁၆၀၂၅၉)မှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များ၊ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်နှင့်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်မူရင်းစာရွက်တို့တင်ပြပြီးမြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းစာရွက်မပါရှိဘဲပါမစ်မူဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၂)၊မြေကွက်အမှတ်-၂၈၆/က၊မြေကွက်တည်နေရာအမှတ်-၂၈၆/က၊ဆင်ဖြူရှင်လမ်း(၁၀)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်မြသန်းအမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်မြသန်း(၁၂/တတန(နိုင်)၀၅၅၅၆၇)မှ(၂၀၁၇)ခုနှစ်တွင်ဘဏ်ချေးမြေပုံမြေရာဇဝင်ကူးယူကာထုတ်ယူခဲ့ပြီးမည်သည့်ဘဏ်တွင်မှငွေချေးခြင်းပြုလုပ်ခြင်းမရှိဘဲ၊၎င်း၏လက်ဝယ်တွင်ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်လွှာနှင့်ဂရန်မူရင်းတို့တင်ပြ၍ဘဏ်ချေးရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်မ မအေးနန္ဒာအောင်(၁၄/ဘကလ(နိုင်)၁၆၂၃၃၄)၏ ပတ်စ်ပို့စာအုပ်အမှတ် MA393088မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

မအေးနန္ဒာအောင်

ဖုန်း-၀၉-၄၂၁၈၄၀၁၃၉

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးကောဝိဒ(ခ)ဦးကံဦး

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၁၁)ဝါ

ရတနာမြိုင်ကျောင်းတိုက်၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၏ ခမည်းတော် ဦးမြကြိုင်၊ ဒေါ်တင်ဌေး၊ ဦးအောင်မြင့်၊ မကြည်ဌေးတို့၏ ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုး၊ (ဒေါ်ရွှေတင်)၏ခင်ပွန်း၊ ဦးကောဝိဒ(ခ)ဦးကံဦးသည် ၁၃၈၁ခုနှစ် ကဆုန်လဆန်း ၁၀ ရက်(တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် ၁၉-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ရတနာမြိုင်ဆရာတော်နှင့်ဆွေမျိုးများ

ဒေါ်ခင်မြင့်(ခ)လျောင်ရှုလျှန်

အသက် (၈၀)

သုံးခွမြို့၊ (ဦးဟိုက်ရာ-ဒေါ်လေမိ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၃၆နေ ဒေါ်ကျင်ကျင်၏ညီမ၊ ဦးရန်စိန်-ဒေါ်ဘိအင်း၊ ဦးကျော်ထွန်း-(ဒေါ်တင်နု)၊ ဦးပိန်-ဒေါ်လေငေါ်တို့၏အဒေါ်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏ဘွားလေးသည် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၂လမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောဂျိမ်း

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်းနေ (ဦးသာရီးဆူ-ဒေါ်ဖောကစက်)တို့၏သား၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ တာတံဇင်ကျေးရွာနေ (ဦးထွန်းကြိုင်)-ဒေါ်ခင်လှတို့၏သားသမက်၊ နော်အဲလ်စီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ စောဟင်နရီဂျိမ်း-နော်အဲလစ်ဇဘက်ဂျိမ်းတို့၏ ဖခင်သည် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၂း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဘိုကနောင်လမ်း၊ အမှတ် ၄၇၀နေအိမ်တွင် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး ဘိုကနောင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/5362 SUZUKI CARRY DA63T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၉/ခမစ(နိုင်)၀၀၀၄၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/7302 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/5391 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိတ်ကြီးဦးမြရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော အိမ်နှင့်မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သော ဒေါ်တေဘီခင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးလွင်(၁၂/စခန (နိုင်)၀၃၄၇၄၃)က (၃-၆-၂၀၁၈)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦး သဘောတူအရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးပိုင်ရှင်အဖြစ် လက်ဝယ်ထား၍ အကျိုးခံစားနေသည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မျိုးလွင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ဦး

တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၈)

အမှတ်(၉၀) သရက်တော(၅)လမ်း၊ သရက်တော(တောင်)ရပ်ကွက်၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉ ၂၅၀၃၅၁၀၃၅

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်အေး
အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာနေ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ဇနီး ဒေါ်တင်တင်အေးသည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအလှူ့ဒါယိကာမကြီး
ဒေါ်စန်းရင်
အသက်(၈၆)နှစ်

ဒေါ်ကေကေခိုင်(ကထိက၊ အင်္ဂလိပ်စာဌာန၊ မြင်းခြံဒီဂရီကောလိပ်)၏မိခင်၊ မဆုပြည့်စုံမိုး(ဒုတိယနှစ်၊ အင်္ဂလိပ်စာဌာန၊ မြင်းခြံဒီဂရီကောလိပ်)၏အဘွား ဒေါ်စန်းရင်သည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်္ဂလိပ်စာဌာနမိသားစု၊ မြင်းခြံဒီဂရီကောလိပ်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးစိုးမြင့် (ငြိမ်း)
ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်ဟောင်း
အသက်(၈၅)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစိုးမြင့်သည် ၁၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးဟန်အေး
အသက်(၈၃)နှစ်

ဗိုလ်မှူးစိုးထိုက်-ဒေါ်မျိုးသန်းဇင်တို့၏ဖခင်ဦးဟန်အေး အသက်(၈၃)နှစ်သည် ၁၁-၅-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၅)မှသူငယ်ချင်းမိသားစုများ

ဦးစိုးမြင့် (၁၂/ကမတ(နိုင်)၀၄၃၆၁၁)(ဘ)ဦးထွန်းကိုနှင့် သက်ဆိုင်သူများ သိစေရန် အသိပေးကြော်ငြာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံဈေး (ဆင်မင်ဈေး)တွင် ငါးအရောင်းအဝယ်ပြုလုပ်နေသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်စန်းသည် ထိုဈေးတွင် ဈေးလူကြီးဖြစ်သော လူကြီးမင်းဦးစိုးမြင့်ထံတွင် တနေ့လျှင် ၂၀၀၀ိ/- ကျပ်နှုန်းဖြင့် (၁-၈-၂၀၁၄)ရက်နေ့မှ (၁၀-၂-၂၀၁၅)ရက်နေ့အထိ (၁၉၄)ရက်အတွက် ငွေပေါင်း ၃၈,၈၀၀၀ိ/- (ကျပ်သုံးဆယ့်ရှစ်သိန်းရှစ်သောင်းတိတိ)ကို အခြားငွေပေးအပ်စုဆောင်းသူ ဈေးသည်များနည်းတူ ယုံကြည်စွာဖြင့် အပ်နှံစုဆောင်းခဲ့ကြောင်း၊ လူကြီးမင်းသည် (၁၁-၂-၂၀၁၅)ရက်နေ့မှစ၍ ဈေးမှရှောင်တိမ်းသွားခဲ့ပြီး ယုံကြည်စွာစုဆောင်းအပ်နှံခဲ့သောငွေများကို အလွဲသုံးစားပြုခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အလုံမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် - ၂၁/၂၀၁၇ ဖြင့် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ကြောင်း၊ ရုံးတော်ကလည်း လူကြီးမင်းအပေါ် တရားခံပြေးအဖြစ် ရာဇဝတ်သေးမှုဖွင့်လှစ်၍ ကြားနာစစ်ဆေးခြင်းပြုပြီးနောက် (၃-၁၁-၂၀၁၈)ရက်နေ့တွင် အလုံမြို့နယ်တရားရုံးက လူကြီးမင်းအပေါ် ယုံကြည်အပ်နှံရေးဖောက်ဖျက်အလွဲသုံးစားပြုမှုဖြင့် ရာဇသတ်ကြီးပုဒ်မ - ၄၀၆ အရ အလုပ်နှင့်ထောင်ဒဏ်(၃)လ ကျခံစေရန်ချမှတ်ခဲ့ကြောင်း၊ ယင်းအမိန့်မှာ ယနေ့အထိတရားဝင်အတည်ဖြစ်ကာ လူကြီးမင်းသည်လည်း ယင်းပြစ်ဒဏ်ကိုကျခံခဲ့ပြီးဖြစ်ကြောင်းသိရပါသည်။ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်စွာဖြင့်ပေးအပ်စုဆောင်းထားသော ဖော်ပြပါငွေများကို ယနေ့အချိန်အထိ ပြန်လည်ပေးဆပ်ခြင်းမရှိ တမင်ပျက်ကွက်လျက်ရှိနေရာ ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေအား မပျက်မကွက်ပြန်လည်ပေးဆပ်ရန် အသိပေးတောင်းဆိုလိုက်သည်။ လိုက်နာခြင်းမရှိ ပျက်ကွက်ပါက လူကြီးမင်းအပေါ် သက်ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲဆိုလိမ့်မည်ဖြစ်ပြီး ဖြစ်ပေါ်လာသောကိစ္စအရပ်ရပ်အတွက် လူကြီးမင်းကသာ ကျခံပေးဆောင်ရလိမ့်မည်ဖြစ်ကြောင်း၊ လူကြီးမင်းနှင့်တကွ သက်ဆိုင်သူများသိစေရန် အသိပေးကြေညာတောင်းဆိုအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမြင့် (လက်ပံတန်း)
တရားလွှတ်တော်ရှေ့နေ (စဥ် - ၄၇၈၈)
အမှတ် - ၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၇၃၄၄၈၈၄၅၈၊ ၀၉ - ၄၅၄၅၅၅၅၆၃

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အေးသိန်း
ဂုဏ်ထူးဆောင်နာယက
သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
အသင်းဝင်အမှတ်-၃၅
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၂)နေ (ဦးဖေဟုတ်)၏ဇနီး၊ ဒေါ်အေးသိန်း (ဂုဏ်ထူးဆောင်နာယက၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)သည် ၁၄-၅-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်မေကြာဖြူ
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၀)လမ်း၊ အမှတ်(၃၃၇)နေ (ဦးစိန်သာဦး)၏ဇနီး၊ ဦးထွန်းလှ -ဒေါ်ကျော်မစိန်၊ ဦးထွန်းလှစိန်-(ဒေါ်ယဉ်စိန်)၊ ဒေါ်ခင်စိန်-ဦးသာထွန်းအောင်၊ ဦးလှမောင်-ဒေါ်မသိန်းနု၊ ဒေါ်ခင်လှ-ဦးရွှေစိန်၊ဦးခင်မောင်-ဒေါ်ဖြူဖြူသန်း၊ ဒေါ်ခင်နု-ဦးခင်ဦး၊ ဦးကျော်မောင်(အထွေထွေအတွင်းရေးမှူး)၊ ရခိုင်သဟာယအသင်း (ရန်ကုန်)၊ ရက္ခိုင်မောင်မယ်တံမြတ်စည်းလှည်းအသင်း (နာယက)-ဒေါ်မိုးစန္ဒာကျော်တို့၏မိခင်၊ မြေး၁၇ယောက်တို့၏အဘောင်ရှင်၊ မြစ်၁၆ယောက်တို့၏အဖီးရှင်၊ တီတစ်ယောက်၏အဇူရှင်သည် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) ည၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကျီစုအေးတိုက်မှ ကျီးစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တပ်ကြပ်-အောင်သန်းနိုင်
တာမွေမြို့မရဲစခန်း
အသက်(၄၈)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ (ဦးစိုးနိုင်-ဒေါ်တင်အေး)တို့၏သား၊ ဦးဝင်းနိုင်ဦး-ဒေါ်သက်သက်စိုး၊ ဦးသန်းလွင်စိုး-ဒေါ်ချိုချိုအောင်၊ ဦးကြည်ဟန်စိုး-ဒေါ်သန်းသန်းနွယ်တို့၏ ညီ/မောင်၊ ဦးတင်မင်းထွဋ်-ဒေါ်သဇင်နွယ်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ တာမွေမြို့မရဲစခန်းဝင်းနေ ဒေါ်ခိုင်ခိုင်မြင့်၏ခင်ပွန်း၊ မချြုးလဲ့လဲ့နိုင်၊ မောင်ထက်ဇော်ဝင်းတို့၏ဖခင်သည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးဆွေ
B.A(Eco)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၃၉ (လေးလွှာ)နေ (ဦးတင့်ဆွေ)-ဒေါ်ညိုညိုသိန်းတို့၏သား၊ ဦးထင်ကျော် (က·ည·န၊ နေပြည်တော်)-ဒေါ်ခင်မိုးဆွေ၊ ဒေါ်ခင်ပြုံးဆွေ တို့၏မောင်၊ မောင်ကျော်ဝင့်သူ၊ မဆွေဇင်ဦး၊ မာရီကို၊ ယုရိကိုတို့၏ ဦးလေးသည် ၁၅-၅-၂၀၁၉ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးဝင်း
ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို(၁)လမ်း၊ အမှတ်(၁၇)နေ(ဦးကျော်ငြိမ်း-ဒေါ်သန်းရွှေ)တို့၏သား၊ (ဦးစိုးသိမ်း-ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ခင်ပွန်း၊ ကိုဇေယျာမျိုး(ခ)သျှိုင်းသင်ကာ-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစု၊ ကိုဇာနည်မျိုး-မမေသန္တာထွန်း(ခ)လုံးလုံး၊ ကိုနေမျိုးထွေး-မလွင်လွင်မျိုး၊ ကိုဖြိုးမြတ်သူ-မမေဇွန်ရတနာမျိုးတို့၏ဖခင်၊ မြေးကြီးအံ့ထူးဇေယျာ၊ မအိမ့်ချြုးဇေယျာတို့၏အဘိုးသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

တည်ဆောက်ရေးအဖွဲ့(၁)၊ ရတနာပုံတံတားမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကာယဉာဏလုပ်သားများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးဝင်း
ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန
Road Sector Management Specialist
Oriental Consultants Global Co.,Ltd.
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညို(၁)လမ်းနေ ဒေါ်ဝါဝါသိမ်း (ဝါရွှေစင်ပိုးထည်)၊ (ဓာတုဗေဒ/ကုန်ထုတ် ၁၉၇၄-၇၈)၏ ခင်ပွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဓာတုဗေဒ/ကုန်ထုတ်(၁၉၇၄-၇၈) ကျောင်းသား/သူများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးမင်းထွန်းရှိန်
ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက်(၆၆)နှစ်

ဦးမင်းထွန်းရှိန်၊ [ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးမင်းထွန်းရှိန်
ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက်(၆၆)နှစ်

ဦးမင်းထွန်းရှိန်၊ [ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
စက်မှုတိုင်း(၁)၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးမင်းထွန်းရှိန်
ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက်(၆၆)နှစ်

ဦးမင်းထွန်းရှိန်၊ [ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ကျော်ထွန်း(ဒုတိယညွှန်ကြားရေးမှူး)နှင့် ဒေါ်ဥမ္မာဆွေမိသားစု
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ထွန်း
မြို့နယ်ကျန်းမာရေးမှူးဖျာပုံမြို့နယ်
အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်ထွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဧရာဝတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ထွန်း
မြို့နယ်ကျန်းမာရေးမှူးဖျာပုံမြို့နယ်
အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်ထွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1518 FORLAND Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအိအိခင် ၅/ကဘလ(နိုင်)၀၀၀၅၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊(ရန်ကုန်မြို့)

ဒေါ်ခင်မြ
အသက်(၈၉)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၁လမ်း၊ ဇလပ်ဝါလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ အမှတ် (ဈ-၃၊ ၃၇-ခ)နေ ဦးဇေယျတင်ကို(ဦးစီးအရာရှိ၊ အလုပ်သမားဆေးရုံကြီး၊ မန္တလေး)-ဒေါ်သီဂီစိုး(ဆက်သွယ်ရေး)၊ ဒေါ်ကြူကြူတင်ကို(MGW Construction)၊ ကိုငြိမ်းသူလှိုင်(ထွေ/အုပ်)၊ (ဦးဝင်းတင်ကို-ဒေါ်သူဇာခိုင်)၊ (ဦးကျော်တင်ကို)တို့၏မိခင်၊ မောင်အောင်ဝင်းတင်ကို (ခ)ဝသနံကို၊ မအိန္ဒြေတင်ကို(ခ)မအေးသီရိတို့၏အဘွား၊ ဦးတင်ကို(လက်ထောက်ညွှန်မှူး၊ အ·လ·ည)၏ချစ်လှစွာသောဇနီးသည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်း ကြေကွဲခြင်း
Mrs. Taka HANA
အသက် (၈၂)နှစ်

Mr. Shigeo HANA (Vice President) The Tokyo Enterprise Co., Ltd - ဒေါ်မဥ္ဆူမြင့် (Director) The Tokyo Enterprise Co., တို့၏ မိခင် Mrs. Taka HANA သည် (၇.၅.၂၀၁၉) နေ့တွင် ဂျပန်နိုင်ငံ၌ ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူ မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဝန်ထမ်းများ
The Tokyo Enterprise Co., Ltd.

ရဟန်းဒါယကာကြီး
ဦးစံရွှေ
အသက်(၈၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အာသာဝတီ(၂)လမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၃၃နေ (ဦးကျော်ငြိမ်း-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးလှမြင့်-ဒေါ်စောရီ)တို့၏သားသမက်၊ ဦးလှငွေ-(ဒေါ်ခင်စု)၊ ဦးဟန်ညွန့်-ဒေါ်မြင့်ကြည်တို့၏ညီ/မောင်၊ ဦးတေဇနိယ၊ ဦးမျိုးမြင့်-ဒေါ်တင်တင်ချိုတို့၏အစ်ကို၊ ကိုရဲထွဋ်-မမြသူဇာ(ခေတ္တစင်ကာပူ)၊ ကိုသန်းတင့်-မတင်မျိုးအေး၊ ကိုဝေလင်းဦး-မငြိမ်းငြိမ်းစုတို့၏မွေးသဖခင်၊ မြစ်လေးယောက်တို့၏အဘိုး၊ ဒေါ်တင်လှ၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၉ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ထားထားအေး
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၇)လမ်း၊ အမှတ် ၄၇၂(A၃ထပ်)နေ [ဦးတင်လှိုင်(နယ်ပိုင်ဝန်ထောက်-ငြိမ်း)-ဒေါ်ကြည်ကြည်]တို့၏သမီး၊ (ဗိုလ်မှူးသိမ်းမောင်-ဒေါ်နှင်းရီ)တို့၏သမီးချွေးမ၊ ဦးဌေးဝင်း-(ဒေါ်လှလှဝင်း)၊ ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးကျော်စိုး)-ဒေါ်သက်သက်ဝင်း၊ ဦးအောင်ကြည်ဦး-ဒေါ်လဲ့လဲ့ဝင်း၊ ဦးမင်းအုန်းသွင်-ဒေါ်မာမာအေး၊ ဒေါ်မာလာညွန့်၊ ဦးမျိုးသန့်(လေကြောင်းဦးစီး)-ဒေါ်သိန်းသိန်းဝင်း(လေကြောင်းဦးစီး)တို့၏ညီမ၊ အစ်မ၊ ဗိုလ်ကြီးဇော်သိန်း(ငြိမ်း)-(ဒေါ်ခင်အေးစိန်)၊ ဒုတိယဗိုလ်မှူးကြီး ဘသန်း(ငြိမ်း)-ဒေါ်ဖြူညွန့်သိန်း၊ (ဦးခင်မောင်ဖြိုး-ဒေါ်နီလာသိန်း)၊ ဦးသိန်းဆွေ-ဒေါ်ပုလဲသိန်းတို့၏ညီမ/အစ်မ၊ ရဲမှူးဦးတင်မောင်သိန်း(ငြိမ်း)၏ဇနီး၊ ကိုကောင်းဆက်ဟန်၏မိခင်သည် ၁၅-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မဥ္ဆူ (B.A,Hist) ဒိုက်ဦးမြို့
ငွေစုဘဏ်ခွဲ(၁)၊ မြန်မာ့စီးပွားရေးဘဏ်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ စက်မှုရိပ်သာ၊ (၁၂)ရပ်ကွက်၊ အမှတ် ၂၁၊ အခန်း ၁၆နေ ဦးလှမြင့်(စက်မှု-ငြိမ်း)-ဒေါ်ခင်စမ်းမြင့်(ဆရာမ-ငြိမ်း)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးသိန်းဟန်-ဒေါ်ဝင်းယုသွယ်၊ ဝေဘာဂီမြို့နေ ဒေါ်ခင်သန်းဆွေ၊ ဦးကျော်ငြိမ်း-ဒေါ်ခင်ဝမ်းမြင့်၊ ဒေါ်မြင့်မြင့်ကြိုင်၊ ဦးမြင့်လွင်-ဒေါ်ရီရီမြိုင်၊ ဦးကျော်ရှိန်း-ဒေါ်ဝင်းဝင်းစိန်တို့၏တူမ၊ ဦးမိုးဝင့်-ဒေါ်သန်းသန်းစော၊ ဦးကျော်ထက်-ဒေါ်သင်းသင်းအိတို့၏ညီမ၊ ဒေါ်သဇင်မြင့်(မြန်မာ့ဆေးဝါးစက်ရုံ၊ အင်းစိန်)၏အစ်မ၊ တူ/တူမခြောက်ယောက်တို့၏အဒေါ်သည် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နှစ်နိုင်ငံသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပြီးမှသာ မောတောင်စခန်းအား အမြဲတမ်းကုန်သွယ်ရေးစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်နိုင်မည်

နေပြည်တော် မေ ၁၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

အစည်းအဝေးတွင် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **မြိတ်ခရိုင်အတွင်းရှိ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် မောတောင်မှ တရားဝင်တင်ပို့နိုင်မည်ဆိုပါက ရှစ်နာရီသာ ကြာမြင့်မည်ဖြစ်၍ သယ်ယူပို့ဆောင်စရိတ်များစွာ သက်သာမည့်အပြင် ကုန်ပစ္စည်းအရည်အသွေးကိုလည်း ထိရောက်စွာ ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး အကျိုးများစွာ ဖြစ်ထွန်းစေနိုင်မည် ဖြစ်သည့်အတွက် တနင်္သာရီမြို့နယ် မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်း ကုန်သွယ်ရေးနယ်စပ်ဂိတ်စခန်းအား ယာယီ အထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက နှစ်နိုင်ငံနယ်နိမိတ်အား စနစ်တကျတိုင်းတာသတ်မှတ်ပြီး နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ဖြည့်စွက်လက်မှတ်ရေးထိုးပြီးမှသာ မောတောင်စခန်းအား တရားဝင် အမြဲတမ်းကုန်သွယ်ရေးစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ စစ်ဆေးရေးကိရိယာ (X-Ray) စသည်ဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **ဆန်စက်များမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသော ဖွဲနုကို အကျိုးရှိအောင်သုံးစွဲရန် မည်သို့စီစဉ်ထားပြီး ဖွဲနုဆီစက်အဟောင်းများကို မည်ကဲ့သို့ ဆောင်ရွက်နေသည်နှင့် ဖွဲနုဆီစက်အသစ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဇဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးထွန်းမြင့်က လူအများသွားလာရာတွင် ကားလမ်းပေါ်ဆင်း၍ သွားလာနေရခြင်း၊ ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပွားနေခြင်း၊ ဆက်သွယ်ရေးကြိုးများ တရားဝင်၊ တရားမဝင်များပြားစွာ တပ်ဆင်မှုများကြောင့် ဆက်သွယ်ရေးကြိုးများ အလွန်ရှုပ်ထွေးအိကျနေပြီး

စာမျက်နှာ ၆ ကော်လံ ၁ ❖

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

နေပြည်တော် မေ ၁၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **"ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာ-ကြွက်ကျွန်းလမ်းကြောင်းအား လွန်ခဲ့သည့် ၂နှစ်ခန့်က World Bank အကူအညီဖြင့် ဖောက်လုပ်ရန် ကွင်းဆင်း၍ Survey တိုင်းထွာခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိသေးသဖြင့် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း အရှည် ၄ မိုင် ၆ ဖာလုံရှိသော ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာလမ်းပိုင်းတွင် ခြင်ဘို့-ဒါးကကျေးလက်လမ်းပေါ်ရှိ ကျွန်းဦး-ကြို့ကုန်းလမ်းပိုင်းအရှည် ၃ မိုင် ၆ ဖာလုံနှင့် ပေါက်တပင်-ပဲကြီးကျွန်းလမ်းပိုင်းအရှည် ၁ မိုင်တို့ပါဝင်ပြီး လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီးပါက ကျေးရွာစုစုပေါင်း ၃၀၊ အိမ်ခြေ ၄၉၂၉ အိမ်၊ လူဦးရေ ၂၀၀၀၀ ခန့်တို့၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ကြောင်း။

လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် မြေနေရာရရှိရေးအတွက် တောင်လုံးစုကျေးရွာရှိ ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဧရာဝတီဧရိယာအတွင်း ဆောင်ရွက်ရမည့် မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများအတွက် ရေရှည်တည်တံ့စေရန် Design သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဟင်္သာတမြို့နယ်အတွင်းရှိ ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာလမ်းကို လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေး

ဟင်္သာတမြို့နယ်အတွင်းရှိ ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာလမ်းကို World Bank အကူအညီဖြင့် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❇

သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၅

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် စစ်ကိုင်းနှင့် Southern အသင်း ကွာတားဖိုင်နယ် တက်ရောက် စာ➤၁၂

ရွှေလောင်းမြစ်ကူး ဇက်ရေယာဉ်ပေါ်သို့တက်စဉ် မော်တော်ယာဉ်တစ်စီး မြစ်အတွင်းကျကာ ယာဉ်မောင်းသေဆုံး စာ➤၁၃

သင့်မိသားစု အတွက် အထူးသင့်တော်သော ပြည်လမ်း၊ လေဆိပ်အနီးရှိ လုံးချင်းများကိုဝယ်နိုင်မည်

ကနဦး စာရင်းပေးသွင်းသူများထဲမှ (၁၀) ဦးအား
သိန်း(၁၂၀၀) တန်ကို သိန်း(၉၀၀) ခန့်ဖြင့်
25.5.2019 ရက် နံနက်(၁၁) နာရီ Myamnar Culture Valley တွင် မဲဖောက်ရွေးချယ် ရောင်းချပေးသွားမည်။
စာရင်းပေးသွင်းရန် - 09 767 699 881/ 09 767 699 882
◆ 2BR ပါ လုံးချင်းအိမ် အသစ်စက်စက်
◆ ကားပါကင် (၂) စီး၊ မြေပိုင်မြေ
အချိန် - 25/ 26 May 2019 ရက်တွင် ရောင်းချပေးမည်
နေရာ - Myanmar Culture Valley/ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်မုခ်ရှေ့